စိတ်ကူးချိုချိုအနုပညာ

# ဗန်းမော်တင်အောင်

## မိအေး

ဗန်းမော်တင်အောင်ရာပြည့်အမှတ်တရ



mgyoe.com

ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

ချစ်အဏ္ဏဝါဘွေ ဝတ္ထုကိုရေးသားပြီးစီးသွားခဲ့သော
၁၉၆၁ ခုနှစ်လောက်ကစ၍ အောက်တန်းလွှာမှ
မြန်မာအမျိုးသမီးတစ်ဦး၏ဘဝကို ဝတ္ထုတစ်ပုဒ်ရေးသားရန်
စဉ်းစားခဲ့မိခြင်းဖြစ်သည်။
မိအေး နှစ်ခါနာဆိုသော မြန်မာစကားရှိသည်။
သို့ရာတွင် ပုံပြင်လာ မိအေးသည် ရှေးသရောအခါက မိအေးမျှသာ ဖြစ်သည်။
ထိုမိအေးခေါ် အဘွားအေးသည် နှစ်ခါလောက်သာ နာရသည်။
ယခုခေတ် မိအေးများမှုကား နှစ်ခါမက အကြိမ်ကြိမ် အခါခါ နာနေကြရသည်။
အချို့သော မိအေးများမှုကား နှစ်ခါနာရုံမျှလောက်သာမက
နှစ်ခါပြန် သေရသည်များအထိ ဖြစ်သည်။
သို့ရာတွင် ထိုမိအေးကလေးများအကြောင်း သူတို့နှင့် နီးစပ်ရာပတ်ဝန်းကျင်
တစ်ဝိုက်လောက်၌သာ သိရှိကြသည်။
လူများစုကြီးအနေဖြင့် သိရှိခွင့်မရခဲ့ကြပေ။
မြန်မာတို့ တိုင်းတစ်ပါးသားလူမျိုးခြားများ၏ ကျွန်သပေါက်ဘဝသို့
ကျရောက်သွားခဲ့ကြရသော ခေတ်ကာလလောက်မှ စ၍ အမျိုးသားလွတ်လပ်ရေးကို
ရရှိခဲ့ကြပြီဆိုသော ခေတ်ကာလအထိ မြန်မာ့လူ့အဖွဲ့အစည်းအတွင်းမှ
ခေတ်သစ် မိအေးကလေးများ၏ ဘဝနှင့် အခြေအနေကို
ရေးသားဖော်ပြရန် ဤမိအေးဝတ္ထုဖြင့် တရေးသူသည်
ကြိုးပမ်းအားထုတ်ကြည့်ခြင်းမျှသာ ဖြစ်သည်။ သို့ရာတွင်
မိမိအနေနှင့်လက်လှမ်းမီသော မိအေးများအကြောင်းလောက်ကိုသာလျှင်
ရေးသားဖော်ပြနိုင်မည်ဖြစ်သည်။ လက်လှမ်းမမီသေးသော
မိအေး အများအပြားပင် ကျန်ရှိနေလိမ့်မည်ဖြစ်သည်။
ထိုအချက်ကို သံသယမရှိပေ။

# ဗန်းမော်တင်အောင်

## မိအေး

BMT0019
4,000.00KS

mgyoe.com

မိအေး ဝန်းမော်တင်အောင်
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၃၈၄ မျက်နှာ၊ ၁၂.၈ စင်တီ × ၁၈.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဇွန်လ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၁၉၇၂၊ ရတနာသိင်္ခစာပေ၏ ပထမအကြိမ်မူ။

ရောင်းဈေး ၄၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# စာရေးသူ၏ မိတ်ဆက်

ချစ်အဏ္ဏဝါဘွေ့ဝတ္ထုကို ရေးသားပြီးစီးသွားသော ၁၉၆၁ ခုနှစ်ကတည်းကပင် မိအေးတစ်ယောက်အကြောင်း ဝတ္ထု တစ်ပုဒ်ရေးရန် စာရေးသူ၏ဦးနှောက်ထဲ၌ ရှိနေခဲ့သည်။ သို့ရာတွင် တော်တော်နှင့် မရေးဖြစ်ခဲ့ချေ။ မရေးဖြစ်ခြင်း၌ အကြောင်းများရှိသည်။

ချစ်အဏ္ဏဝါဘွေ့ဝတ္ထုကို လစဉ်ထုတ် ရှုမဝမဂ္ဂဇင်း တွင် ခန်းဆက်ဝတ္ထုရှည်အဖြစ်ဖြင့် လအတန်ကြာမျှ ထည့် သွင်းဖော်ပြသည်။ ထို့နောက် စာအုပ်အဖြစ်ဖြင့် ထပ်မံပုံနှိပ် ထုတ်ဝေလိုက်သည်။ ၁၀ နှစ်ကျော်ခဲ့လေပြီ။

ယင်းဝတ္ထုသည် မြန်မာအမျိုးသမီးတစ်ဦး၏ အကြောင်းကို ကျောင်းသူမိန်းကလေးတစ်ယောက်၏ဘဝမှ မြေးထိန်းရသော ဘွားအေကြီးဘဝအထိ အတတ်နိုင်ဆုံး သရုပ်ပေါ်အောင်နှင့် ပီပြင်အောင် ရေးခြယ်ဖော်ပြနိုင်ရန် စာရေးသူ၏ အားထုတ်ကြိုးပမ်းချက်မျှသာ ဖြစ်သည်။ သို့ရာတွင် ချစ်အဏ္ဏဝါဘွေ့မှ အဓိကဇာတ်ကောင်ဖြစ်သော ချစ်ချစ်သည် မြန်မာအမျိုးသမီး အများစုကြီးကိုကား ကိုယ်

mgyoe.com

mgyoe.com



စားပြုနိုင်စွမ်း မရှိပေ။ လူလတ်တန်းစား အဝိုင်းအဝန်းမှ မြန်မာအမျိုးသမီးထု၏ အလွှာတစ်လွှာလောက်ကိုသာ ကိုယ်စားပြုနိုင်ရာသည်။

ထို့ကြောင့် ချစ်အဏ္ဏဝါဘွေ ဝတ္ထုကိုရေးသားပြီးစီးသွားခဲ့သော ၁၉၆၁ ခုနှစ်လောက်ကစ၍ အောက်တန်းလွှာမှ မြန်မာအမျိုးသမီးတစ်ဦး၏ဘဝကို ဝတ္ထုတစ်ပုဒ်ရေးသားရန် စဉ်းစားခဲ့မိခြင်းဖြစ်သည်။ ယင်းဝတ္ထု၏အမှာတွင်လည်း ထိုအကြောင်းကို ရည်ညွှန်းခဲ့သည်။ သို့ရာတွင် မိအေးတစ်ယောက်အကြောင်း တော်တော်နှင့်မရေးဖြစ်နိုင်ခဲ့ချေ။ ယင်းသို့ မရေးဖြစ်နိုင်ခြင်း၌ အကြောင်းများရှိသည်။

ပထမအကြောင်းမှာ မြန်မာအမျိုးသမီးထု၏ အောက်တန်းလွှာမှ နှစ်ခါမက အခါခါနာခဲ့ကြရသော မိအေးတို့၏ အကြောင်းကို ရေးသားရန် စာရေးသူ၏ ဦးနှောက်ထဲ၌သာ ရှိပြီး ရင်ထဲသို့ တော်တော်နှင့် စိမ့်မဝင်နိုင်သေးသောကြောင့် ဖြစ်သည်။ နှလုံးအိမ်ထဲသို့ မချနိုင်သေးသောကြောင့်ပင် ဖြစ်သည်။ စာရေးသူများသည် ဦးနှောက်ထဲ၌သာရှိပြီးရင်ထဲ၊ နှလုံးထဲ၌ မရှိသေးသော အကြောင်းအရာတစ်ရပ်ကို ပီပြင်အောင် ရေးစွမ်းနိုင်ခြင်း မရှိတတ်ကြပေ။ ယင်းအကြောင်းသည် ပထမအကြောင်းပင် ဖြစ်သည်။

ဒုတိယအကြောင်းမှာ ၁၉၆၅ ခုနှစ်လောက်ကစ၍ ၁၉၇၂ ခုနှစ် လောက်အထိ ခုနှစ်နှစ်ခန့်မျှ စာရေးသူသည် စာရေးခွင့်မရသောကြောင့် ဖြစ်သည်။ မည်ကဲ့သို့ပင်ဖြစ်စေ ယင်းသို့စာရေးခွင့်မရှိသော အချိန်ကာလများအတွင်း ယခင်က ဦးနှောက်ထဲ၌သာ ရှိနေခဲ့သော မိအေးသည် စာရေးသူ

mgyoe.com

mgyoe.com



၏ ရင်ထဲ၊ နှလုံးထဲသို့ တစိမ့်စိမ့် စိမ့်ဝင်လျက်ရှိသည်။

၁၉၇၂ ခုနှစ် ဖေဖော်ဝါရီလကုန်ပိုင်းလောက်တွင် ဤစာရေးသူသည် စာရေးခွင့်များ ပြန်လည်ရရှိလာသည်။ သို့ရာတွင် ကျန်းမာရေး ပျက်ပြားလာခဲ့သဖြင့် သုံးလခန့်မျှ အနားယူ ဆေးကုရသည်။ တော်တော်ကလေး ထူထူထောင်ထောင်ဖြစ်လာသော ဇွန်လဆန်းပိုင်းလောက်မှစ၍ စာရေးသူ၏ ရင်ထဲနှလုံးထဲ၌ ရှန်းကန်လှုပ်ရှားနေပြီဖြစ်သော မိအေးကို ရေးချလိုက်ခြင်းပင် ဖြစ်သည်။

မိအေး နှစ်ခါနာဆိုသော မြန်မာစကားရှိသည်။ အမှုမဲ့ဆိုသော် ထိုစကားသည် အတန်ငယ် ရန့်ရင်းသလို ထင်ရသည်။ ထိုစကား၏ နောက်ကွယ်မှ ပုံပြင်မှုကား ပိုမို၍ ကြမ်းတမ်းသလို ထင်ရသည်။

သို့ရာတွင် မြန်မာလူမျိုးများသည် များစွာသိမ်မွေ့နူးညံ့သော လူမျိုးတစ်မျိုးဖြစ်သည်။ ယဉ်လည်းယဉ်ကျေးသော လူမျိုးတစ်မျိုး ဖြစ်သည်။ ထိုမျှသာ မဟုတ်သေး၊ မိမိတို့၏ သိမ်မွေ့နူးညံ့သော စရိုက်နှင့် ယဉ်ကျေးမှုအစဉ်အလာများကိုလည်း အလွန်တရာ ချစ်ခင်မြတ်နိုးတတ်ကြသည်။ ယင်းသို့ချစ်ခင်မြတ်နိုးတတ်ကြသည်နှင့်အမျှ လေးလေးစားစား ထိန်းသိမ်းလေ့ရှိကြသည်။ စောင့်စည်းလေ့ရှိကြသည်။

ပုံပြင်၌လာသော မိအေးသည် ငယ်ရွယ်နုနယ်စဉ်က ၎င်းနှစ်ခါ နာခဲ့ရသော အဖြစ်နှင့်သနစ်ကို အသက်အရွယ် တော်တော်ကလေး ကြီးရင့်လာတော့မှ ပြန်လည်စဉ်းစားမိပုံ ရကြောင်းဖြင့် ယင်းပုံပြင်တွင် ဖော်ပြထားသည်။ ယင်းသို့

mgyoe.com

mgyoe.com



မနူးမနပ် မလည်မဝယ်ဘဝနှင့်တုန်းက နှစ်ခါနာခဲ့ရသော အဖြစ်ဆိုးကိုပင်လျှင် မိအေးတစ်ယောက်သည် ရယ်မော စရာလို ပြန်လည်ရှုမြင်နိုင်စွမ်းရှိကြောင်းဖြင့် ယင်းပုံပြင်တွင် နိဂုံးချုပ်ထားသည်။ တစ်နည်းဆိုရသော် မြန်မာတို့သည် မိမိတို့မတရားသဖြင့် ခံရသော ကိစ္စတစ်ရပ်ကိုပင် ဟာသဖက်၍ ရှုမြင်နိုင်စွမ်းရှိကြောင်း ရည်ညွှန်းလိုဟန်တူသည်။

သို့ရာတွင် ပုံပြင်လာ မိအေးသည် ရှေးသရောအခါက မိအေးမျှသာ ဖြစ်သည်။ ထိုမိအေးခေါ် အဘွားအေးသည် နှစ်ခါလောက်သာ နာရသည်။ ယခုခေတ် မိအေးများမှုကား နှစ်ခါမက အကြိမ်ကြိမ် အခါခါ နာနေကြရသည်။ အချို့သော မိအေးများမှုကား နှစ်ခါနာရုံမျှလောက်သာမက နှစ်ခါပြန် သေရသည်များအထိ ဖြစ်သည်။ သို့ရာတွင် ထိုမိအေးကလေးများအကြောင်း သူတို့နှင့် နီးစပ်ရာပတ်ဝန်းကျင်တစ်ဝိုက်လောက်၌သာ သိရှိကြသည်၊ လူများစုကြီးအနေဖြင့် သိရှိခွင့်မရခဲ့ကြပေ။

မြန်မာတို့တိုင်းတစ်ပါးသားလူမျိုးခြားများ၏ ကျွန်သပေါက်ဘဝသို့ ကျရောက်သွားခဲ့ကြရသော ခေတ်ကာလလောက်မှစ၍ အမျိုးသားလွတ်လပ်ရေးကို ရရှိခဲ့ကြပြီဆိုသော ခေတ်ကာလအထိ မြန်မာ့လူ့အဖွဲ့အစည်းအတွင်းမှ ခေတ်သစ် မိအေးကလေးများ၏ ဘဝနှင့် အခြေအနေကို ရေးသားဖော်ပြရန် ဤမိအေးဝတ္ထုဖြင့် စာရေးသူသည် ကြိုးပမ်းအားထုတ်ကြည့်ခြင်းမျှသာ ဖြစ်သည်။ သို့ရာတွင် မိမိအနေနှင့်လက်လှမ်းမီသော မိအေးများအကြောင်းလောက်ကိုသာလျှင် ရေးသားဖော်ပြနိုင်မည်ဖြစ်သည်။ လက်လှမ်း

mgyoe.com

mgyoe.com



မမိသေးသော မိအေး အများအပြားပင် ကျန်ရှိနေလိမ့်မည် ဖြစ်သည်။ ထိုအချက်ကို သံသယမရှိပေ။

ချစ်အဏ္ဏဝါဘွေ ဝတ္ထုရေးစဉ်က "မင်းလိုတောသားနဲ့ စစ်သားလူကြမ်းတစ်ယောက်က တို့အမျိုးသမီးတစ်ယောက်ရဲ့ဘဝကို ဝတ္ထုရေးလို့ ဖြစ်ပါ့မလားကွာ" ဟု ဆိုလာသော စာရေးသူ၏သူငယ်ချင်း မကျည်းတန်ကို ရည်ညွှန်းခဲ့သည်။ ယခု ရေးသားပြီးစီးသွားသော ဤမိအေးဝတ္ထုကိုလည်း သူငယ်ချင်းမကျည်းတန်ကိုပင် ဆက်လက်ရည်ညွှန်းဖို့ လိုအပ်လိမ့်ဦးမည်ထင်သည်။

တင်အောင်

၂၅၊ ၇၊ ၁၉၇၂

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# နှင်းဆီဖြိုင်ဖြိုင်ခွဲ ညတစ်ည

(၁)

နှင်းဖွဲဖွဲကျ၏။ ညလည်း ချမ်းမြမြနှင့်၊ နွေကတော့ သစ်လေပြီ။

(၂)

ကောင်းကင်သည် သန့်စင်၏။ လလည်း တထိန်ထိန်သာ၏။

နှင်းဆွတ်သဖြင့် ရွှန်းစိုသော လရောင်အောက်တွင် ရွက်ဟောင်းများ ကြွေလဲလွင့်စဉ်လျက်ရှိသော တောအုပ်အုပ်သည် ရွက်သစ်များ မြန်းဆင်ရန် အားသစ်လျက်ရှိ၏။ သို့ရာတွင် ရွက်အိုများ ကုန်စင်ခြင်း မရှိတတ်သေးသဖြင့် ရွက်နုများ ထွက်ပြူမလာကြသေးပေ။ တုံ့ဆိုင်းလျက်ရှိ၏။ နောက်ကျလျက်ရှိ၏။ ထို့ကြောင့် တောအုပ်အုပ်သည် အရိုးများပြိုင်းပြိုင်းထကာ အကျည်းတန်၍နေ၏။

တောအုပ်၏ခြေရင်းတွင် ရေကန်ရှိ၏။ အတန်ငယ် ကျယ်ဝန်း၏။ အမှိုက်သရိုက်များ ကင်းစင်သဖြင့် ရေပြင်သည် ပြာလဲ့ကြည်လင်လျက်ရှိ၏။ လှိုင်းဂယက် မထသဖြင့် ငြိမ်သက်၏။

ညမှုကား အိုမင်းလျက် ရှိ၏။ လေသည်လည်း ငြိမ်ဝပ်၏။

mgyoe.com

mgyoe.com


ထို့ကြောင့် တောအုပ်အုပ်နှင့် ရေကန်သာ၏ ဝန်းကျင်တွင် ဆိတ်ငြိမ်ခြင်းသည် ကြီးစိုးလျက်ရှိ၏။

မလှမ်းမကမ်းတွင် နှင်းဆီခြံရှိ၏။ ခြံဝင်းသည် ကျယ်ဝန်း၏။ အိမ်ကြီးမှာကား အိုမင်းလျက်ရှိလေပြီ။

နှင်းသောက်ရသဖြင့် နှင်းဆီတစ်ခြံလုံး လန်းဆန်းဝေဆာလျက်ရှိ၏။ ပျံ့မွှေးသင်းထုံ၍ နေ၏။ ခြံအတွင်းရှိ အိမ်အိုကြီးကတော့မူ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျလျက် ရှိ၏။

## (၃)

အိမ်ကြီးတစ်အိမ်လုံး မှောင်ချထားသော်လည်း စာကြည့်ခန်းအတွင်းဝယ် မီးလင်းလျက်ရှိ၏။

ညဝတ်အင်္ကျီကို ကပိုကရိုဝတ်ဆင်ထားသော သက်လတ်ပိုင်းအရွယ်အိမ်ရှင်သည် ည၏အိုမင်းချိန်တွင် နိုးကြားလျက်ရှိ၏။ စာကြည့်စားပွဲတွင် တစ်ယောက်တည်းထိုင်ကာ စာအုပ်တစ်အုပ်ကို စိတ်မပါ့တပါနှင့် ဟိုလှန် သည်လှန်ကြည့်ရှုနေ၏။ စာကြည့်စားပွဲပေါ်တွင်လည်း စာအုပ်လေးငါးအုပ်မျှ ပြန့်ကျဲလျက် ရှိ၏။ ပျံ့လွင့်သောစိတ်ကို ထိုသူသည် စာအုပ်ဖြင့် ကြိုးစားပမ်းစားထိန်းချုပ်နေရဟန်ရှိ၏။ ယင်းသို့ထိန်းချုပ်လျက်ရှိသည့်အကြားမှပင် စိတ်သည် မကြာမကြာ ထွက်၍ထွက်၍ ပြေး၏။

စိတ်ဆိုသည်မှာ ရုပ်ကြည်၊ ရုပ်နုမျှသာ ဖြစ်၏။ ကြည်ရာနုရာ၌ မြူ၏ အခြေခံအမှုန်ထက် အဆအရာအထောင်မက သိမ်မွေ့နုကြည်၏။ ထိုမျှသိမ်မွေ့သောဝတ္ထုပစ္စည်းကို လူတို့သည် အဘယ်သို့ ဖမ်းဆီးချုပ်ကိုင်ကြမည်နည်း။ စိတ်ထက် အဆရာထောင်မက ရှန့်ရင်းကြမ်းတမ်းသော အခြေခံအမှုန်မျှကိုပင် ထူးခတ်၍ ရပါပြီလော။

mgyoe.com

mgyoe.com


ထိုသူသည် လက်ဝယ်ရှိစာအုပ်ကို စိတ်ပျက်လက်ပျက်ဘေးသို့ တွန်းဖယ်ရင်း သက်ပြင်းချလိုက်၏။ ဦးခေါင်းကိုလည်း ခါယမ်း၏။ ထို့နောက် အတန်ကြာမျှ တွေ၍နေ၏။

စာကြည့်စားပွဲဘေးတွင် စာအုပ်စင်ရှိ၏။ စာအုပ်စင်တွင် နောက်ဆုံးထုတ်စာအုပ် အများအပြားရှိ၏။ အမျိုးပေါင်းလည်း စုံ၏။ ရသစာပေနှင့် ဘာသာရေးဆိုင်ရာ စာအုပ်များမှ သဘာဝသိပ္ပံဆိုင်ရာ စာအုပ်များပါရှိ၏။

အတန်ကြာ ငိုင်နေပြီးမှ သတိပြန်လည်လာပြီးလျှင် ထိုသူသည် စာအုပ်စင်မှ နောက်ထပ်စာအုပ်တစ်အုပ်ကိုလှမ်း၍ ဆွဲယူလိုက်၏။ တပြေးတည်း ထွက်၍ ပြေးနေသောစိတ်ကို ဖမ်းယူရန်အတွက် စာအုပ်အသစ်ကိုဖွင့်လိုက်၏။ စိတ်လက်မပါ့တပါနှင့်ပင် ဟိုလှန်သည်လှန်လုပ်နေပြန်၏။ ပျံ့လွင့်လျက်ရှိသော စိတ်ကိုမူကား ဖမ်းဆီး၍မရ၊ ထွက်ပြေးမြဲပြေးလျက်သာရှိ၏။

ထိုသူသည် လက်ဝယ်ရှိစာအုပ်သစ်ကို ဘေးသို့တွန်းထုတ်လိုက်ပြန်၏။ သက်ပြင်းကို ပင်ပင်ပန်းပန်းချရင်း ဦးခေါင်းကို ခါယမ်း၏။ ထို့နောက် အတန်ကြာမျှငိုင်နေပြန်၏။

အများတကာ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေချိန်တွင် ထိုသူသည် အိပ်စက်ခြင်း ပြုနိုင်ပုံမရ၊ တစ်စုံတစ်ရာ၏ဖမ်းစားမှုကြောင့် ည၏ဝင်္ကပါခရီးတွင် ဝဲလည်နေရဟန်ရှိ၏။ အလူးအလဲခံစားနေရပုံပေါ်၏။ အိပ်ရာထက်တွင် ပင်ပန်းခြင်းမက ပင်ပန်းလာသောအခါ ထိုသူသည် စာကြည့်ခန်းအတွင်းသို့ ပြေးထွက်လာခြင်းဖြစ်၏။ ခိုဝင်လာခြင်း ဖြစ်၏။

စာကြည့်ခန်းအတွင်း၌မီးဖွင့်ကာ ငြိမ်သက်ခြင်းကို ဖွေရှာ၏။ တွေ့ကား မတွေ့၊ ငြိမ်သက်ခြင်းကို အဘယ်မှာရှာရမည်နည်း။ အဘယ်သို့ အဘယ်ပုံ ရှာရမည်နည်း။

mgyoe.com

mgyoe.com


နှင်းဆီမြိုင်၏ ပတ်ဝန်းကျင်သည် ဆိတ်ငြိမ်လျက်ရှိ၏။ သို့ရာတွင် ပတ်ဝန်းကျင်မှ ဆိတ်ငြိမ်ခြင်းသည် ထိုသူ့ထံသို့ ကူးစက်၍မလာ၊ ဥပေက္ခာနိုင်လှ၏။

ထိုသူသည် သည်းညည်းမခံနိုင်သကဲ့သို့ ဖြစ်လာသဖြင့် ထိုင်၍နေရာမှ ဖြုန်းခနဲထလိုက်၏။ စားပွဲတင်မီးတိုင်၏ မီးခလုတ်ကို နှိပ်လိုက်၏။ စာကြည့်ခန်းအတွင်း မှောင်ကျ၍သွား၏။ ထိုသူသည် မှောင်ထဲတွင် အတန်ကြာမျှ တွေတွေကြီးရပ်နေ၏။

နှင်းဆွတ်သဖြင့် ရွှန်းစိုသော လရောင်သည် မှန်ပြတင်းတံခါးမှ စာကြည့်ခန်းအတွင်းသို့ စိမ့်ဖြာ၍ ဝင်လာ၏။ စာကြည့်ခန်းအတွင်းရှိ အမှောင်ထုကို ချေဖျက်ရန် အားထုတ်၏။ အမှောင်ထုကလည်း ခုခံ၏။ အလင်းနှင့်အမှောင်သည် ပဋိပက္ခဖြစ်ပွားလျက်ရှိ၏။ ပဋိပက္ခသည် ပြင်းထန်၏။

ယင်းပဋိပက္ခကြောင့် ထိုသူသည် တွေတွေကြီးရပ်နေရာမှ ပြန်လည်အသက်ဝင်လာဟန်ရှိ၏။ ထိုသူသည် မှန်ပြတင်းတံခါးပေါက်သို့ သွား၍ရပ်ကာ ပြင်ပကမ္ဘာသို့ လှမ်း၍ကြည့်လိုက်၏။

အိမ်အိုကြီး၏ အပြင်ဘက်တွင် နှင်းဆီပန်းများ ဝေ၍နေကြ၏။

## (၄)

ဝပ်လျှိုး၍နေရာမှ လေသည် ရုတ်တရက် ထကြွလှုပ်ရှားလာ၏။ မြောက်လေမဟုတ်၊ မည်သည့် အရပ်ကမှန်းလည်း မသိရ၊ လေသည် ငြိမ်သက်နေသော ကန်ရေပြင်ကို ဖြတ်၍ ပြေး၏။ ပြေးသည် ဆိုရာ၌ ရိုးရိုးတန်းတန်းမဟုတ်၊ ကဆုန်ပေါက်၍ ဒုန်းပြေးသွားခြင်းဖြစ်၏။

ကန်ရေပြင်တွင် လေ၏ခြေရာ၊ လက်ရာများသည် လှိုင်းဂယက်များအဖြစ်ဖြင့် ထင်ကျန်ရစ်၏။ လှိုင်းထသဖြင့် ကန်ရေပြင်သည် အသံ

mgyoe.com

mgyoe.com



ထွက်လာ၏။ ကျယ်ကျယ်လောင်လောင်မဟုတ်၊ တိုးတိုးအုပ်အုပ်မျှသာဖြစ်၏။ အနက်မထင်သော ကဗျာတစ်ပုဒ်ကို ခပ်အုပ်အုပ် ရွတ်ဆိုနေသကဲ့သို့သာ ကြားရ၏။

ကန်ရေပြင်တွင် ခြေဆန့်ပြီးစီးသောအခါ လေသည် တောအုပ်အုပ်အတွင်းသို့ ကမူးရှူးထိုးပြေးဝင်၏။ သစ်ပင်နှင့် သစ်ကိုင်း၊ သစ်ခက်များအကြားတွင် ဟိုတိုးသည်ဝှေ့နှင့် မြူးထူးခုန်ပေါက်၏။ ရွက်အိုရွက်ကျန်များကို ပုတ်ခတ်ဆော့ကစား၏။ လေရူး၏ကျီစယ်မှုဒဏ်ကို ခံနိုင်ရည်မရှိကြတော့သဖြင့် ရွက်ဟောင်း ရွက်ကြွင်းများသည် ပင်စည်မှ တဖြုတ်ဖြုတ်နှင့် ပြုတ်ထွက်လျက်ရှိ၏။ တွယ်ရာမဲ့လေပြီဖြစ်ရကားရွက်ကြွင်း ရွက်ကျန်များသည် မြေပြင်သို့ သက်ဆင်းကြရ၏။

လေဝှေ့သဖြင့် ရွက်အို ရွက်ဟောင်းများ တဖြုတ်ဖြုတ်ကြွေလဲလွင့်စဉ်လျက်ရှိစဉ် တစ်ယောက်သော မိန်းမပျိုသည် တောအုပ်အတွင်းမှ ကြောက်လန့်တကြား ပြေးထွက်လာ၏။ မိန်းမပျိုသည် အသက် အစိတ်ခန့်ပတ်ဝန်းကျင်အရွယ်ဖြစ်၏။ ပျိုမျစ်လျက် ကျန်းမာခြင်းနှင့် ပြည့်စုံ၏။ ငေးမောကြည့်ရှုခြင်းပြုရလောက်အောင်ဆွဲဆောင်နိုင်အားကောင်း၏။ ညှို့အားလည်းကောင်း၏။ သူမသည် ပြာသောထဘီနှင့် ဖြူဖွေးသောအင်္ကျီတို့ကို ဝတ်ဆင်ထား၏။ သို့ရာတွင် ဆံပင်မှုကား ဖားလျားနှင့်ဖိနပ်လည်း မပါ။

တောအုပ်အတွင်းမှ ထွက်မိလျှင် မထင်မရှားမြေနီလမ်းကလေးအတိုင်း မိန်းကလေးသည် အူယားဖားယားနှင့် နှင်းဆီမြိုင်တူရူသို့ပြေး၏။ နက်မှောင်သော တံကောက်ကွေးအထိ ရှည်လျားသောဆံပင်သည် ပျံ့ဝဲလျက်ရှိ၏။ မိန်းကလေး၏ ခြေဖဝါးနှစ်ဖက်စလုံးတွင်လည်းသွေးစိမ်းများ ယိုစီးလျက်ရှိ၏။ ခလုတ်တံသင်း ပေါများထူထပ်၍ကြမ်းတမ်းသော လမ်းခရီးကို ထိုမိန်းကလေးသည် ပြေးလွှားလျှောက်

mgyoe.com

mgyoe.com


လိုက်ခဲ့ရဟန်ရှိ၏။ ထို့ကြောင့် နှင်းဆီနံ့ ပျံ့မွှေးထုံသင်းလျက်ရှိသော ခြံကြီးရှိရာသို့ ပြေးလွှားခိုဝင်ခြင်း ဖြစ်တန်ရာ၏။

အချိန်မဟုတ်သဖြင့် နှင်းဆီမြိုင်၏အဝင် ဝင်းတံခါးသည် ပိတ်၍ထား၏။ ပိတ်ထားသောဝင်းတံခါးက ရင်ဝကို ဆီး၍တွန်းလိုက်သဖြင့် ဆံပင်ဖားလျားနှင့် ပြေးလွှားလာသော မိန်းကလေးသည် နောက်လန်၍ လဲကျသွားသည်။ သို့ရာတွင် မိန်းကလေးသည် အားမလျှော့၊ လဲရာမှ ထ၏။ ဝင်းတံခါးဝတွင်အားယူ၍ရပ်ကာ အိမ်ရှင်ကိုလှမ်း၍ အော်ခေါ်၏။

အိမ်အိုကြီးသည် နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျလျက်ရှိ၏။ တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။ ခြံဝင်းတံခါးဝမှ တစာစာ အော်ဟစ်ခိုလှုံခွင့်တောင်းနေသော မိန်းကလေးကို ဥပေက္ခာပြုလျက်ရှိ၏။

## (၅)

ကောင်းကင်သည် သန့်စင်သဖြင့် လသည်တထိန်ထိန်သာလျက်ရှိ၏။

နှင်းသောက်ရသဖြင့် နှင်းဆီတစ်မြိုင်လုံး လန်းဆန်းဝေဆာ၏။ ပျံ့မွှေးသင်းထုံ၏။ မြိုင်အတွင်းရှိ အိမ်အိုကြီးသာလျှင် ထိုင်းမှိုင်းနေခြင်းဖြစ်၏။

ထဘီပြာနှင့် မိန်းကလေးသည် ဝင်းတံခါးမှ အိမ်ရှင်ကို တစာစာ အော်ဟစ် ခေါ်ဝေါ်လျက်ရှိ၏။ ခိုလှုံခွင့်ပေးဖို့ တောင်းခံလျက်ရှိ၏။ တောင်းပန်လျက်ရှိ၏။

အိမ့်ရှင်သည် သူ၏စာကြည့်ခန်းအတွင်း၌ပင်ရှိ၏။ သို့ရာတွင် ထိုသူသည် နားပင်းသွားလေပြီလော။ ပြတင်းတံခါးဝတွင် တုံဏှိဘာဝေ ရပ်မြဲနေ၏။ တုတ်တုတ်မျှမလှုပ်။

mgyoe.com

mgyoe.com



ဒုက္ခိတ မိန်းကလေး၏အသံသည် တစ်စထက်တစ်စ တိမ်ဝင်လျက်ရှိ၏။ သို့ရာတွင် ပိတ်ထားသော ဝင်းတံခါးကို ဖွင့်ပေးဖို့ရန်အတွက် ကျန်ရှိနေသေးသောအားကို ဖျစ်ညှစ်ကာ ဟစ်အော်တောင်းပန်၏။ ဖွဲကောင်းကောင်းနှင့် တောင်းခံ၏။

တောအုပ်အတွင်း၌ ခုန်ပေါက်ဆော့ကစား၍ နေရာမှ လေရူးသည် အပြင်သို့ထွက်လာပြန်၏။ ထို့နောက် ခပ်စောစောက ဆံပင်ဖားလျားနှင့် မိန်းကလေးပြေးလာသော မြေနီလမ်းကလေးအတိုင်းနှင်းဆီမြိုင် တူရူသို့လိုက်လာ၏။

နားမကြားသူတစ်ဦးကို အော်ခေါ်ရဖန်များသောအခါ ဟစ်ခေါ်ရသူ၏အသံသည် တိမ်ဝင်ကုန်ခန်း၏။ အားအင်လည်း ကုန်ခန်း၏။ ကျန်ကြွင်းနေလိမ့်ဦးမည်ထင်သော အားခွန်ကလေးများကို ဖျစ်ထုတ်ကာ မိန်းကလေးသည် နောက်ဆုံးအားထုတ်သည့်အနေနှင့် အိမ့်ရှင်ကိုခေါ်ကြည့်၏။ အသံသည် ထွက်မလာတော့၊ ကုန်လေပြီ။ အားအင်လည်း မကျန်တော့၊ ကုန်လေပြီ။

မိန်းကလေးသည် တုံ့ဏှိဘာဝေနိုင်လှသော အိမ်အိုကြီးကို နောက်ဆုံးကြည့်သည့်အနေနှင့် တစ်ချက်မျှ လှမ်းကြည့်လိုက်၏။ ထို့နောက်မျက်နှာကိုလက်ဝါးနှစ်ဖက်ဖြင့်အုပ်လိုက်၏။ မိန်းကလေးသည် ရှိုက်ငိုရင်း နှင်းဆီမြိုင်၏ ဝင်းတံခါးကို ကျောခိုင်းလိုက်၏။ ထို့နောက်ခပ်စောစောက ပြေးလွှားလာခဲ့သော မြေနီလမ်းကလေးအတိုင်း တရှုပ်ရှုပ်ငိုကြွေးရင်း ပြန်လှည့်ထွက်သွား၏။

မိန်းကလေး၏ရှိုက်သံကို မြေနီလမ်းကလေးအတိုင်း ပြေးလိုက်လာသောလေရူးသည် အိမ်အိုကြီးပေါ်သို့ သယ်ပိုး ဆောင်ယူသွား၏။

mgyoe.com

mgyoe.com



# (၆)

အိမ်အိုကြီးသည် အသက်ဝင်လှုပ်ရှားလာ၏။ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျ၍နေရာမှ ရုတ်တရက်နိုးလာပုံရ၏။

ညဝတ်အင်္ကျီကို ဖိုသီဖတ်သီဝတ်ဆင်ထားသော အိမ်ရှင်သည် အိမ်ကြီးပေါ်မှ ဝုန်းဝုန်းဒိုင်းဒိုင်းနှင့် ပြေးဆင်းလာ၏။ ဝင်းတံခါးဝမှ လေရူးဆောင်ယူလာသော ငိုရှိုက်သံသည် ထိုယောက်ျား၏နှလုံးသားကို ဖောက်ထွင်းသွားလေပြီ၊ နှင်းဆီတောကိုဖြတ်၍ ထိုသူသည် ဝင်းတံခါးဝသို့ အူယားဖားယားပြေးသွား၏။ ဖိနပ်ပင် မပါတော့ပေ။

ခြံဝင်းတံခါးက အိမ်ရှင်ယောက်ျားကို ဆီး၍လှောင်၏။ အလှောင်ခံရသော မိမိ၏အဖြစ်ကို ထိုယောက်ျားသည် ဂရုမပြုနိုင်အားပေ။ သူ့ဟာနှင့်သူ မွန်ထူကာ ငိုသံရှင်မိန်းကလေးကို ဟိုဟိုသည်သည် ဖွေရှာလျက်ရှိ၏။ ကောင်းကင်သည် သန့်စင်သဖြင့် လသည် တထိန်ထိန်သာဆဲပင်ဖြစ်၏။ သို့ရာတွင် ဝင်းတံခါးအနီးအနားတစ်ဝိုက်တွင် လူသူအရိပ်အယောင်မျှပင် မတွေ့ရတော့ချေ။ ဆိတ်ငြိမ်ခြင်းသာ ဖိစီးလျက်ရှိ၏။

ထိုသူသည် ငိုသံရှင်မိန်းကလေး၏ နာမည်ကို ဟစ်၍ခေါ်ကြည့်၏။ မိန်းကလေး၏ထူးသံကိုကား မကြားရ၊ သူ့အသံသည်တစ်ပတ်ကျော့၍ ပြန်လှည့်လာ၏။ သူသည် ဒုတိယအကြိမ် ခေါ်ကြည့်ပြန်၏။ ထိုမှတစ်ဖန် တတိယအကြိမ်ခေါ်ကြည့်ပြန်၏။ ငိုသံရှင်၏ပြန်ထူးသံကိုကား မကြားရ၊ သူ့အသံသည်သာ ပြန်လှည့်လာ၏။ ထိုသူသည် ဝင်းတံခါးဝတွင် အတန်ကြာမျှတွေ၍ရပ်နေ၏။ ထို့နောက် အတွင်းမှ ပိတ်၍ထားသော ဝင်းတံခါးကိုဖွင့်ကာ ခြံဝင်းအပြင်သို့ ကတိုက်ကရိုက် ထွက်လာ၏။ ဟိုဟိုသည်သည် လှမ်း၍ ကြည့်၏။ မျှော်၍ကြည့်၏။

ဥပေက္ခာနိုင်လွန်းသော နှင်းဆီမြိုင်ကို ကျောခိုင်းပြီးနောက် မြေနီလမ်းကလေးအတိုင်း ပြန်လှည့်ထွက်သွားပြီဖြစ်သော မိန်းကလေးသည်

mgyoe.com

mgyoe.com


တောအုပ်အုပ်၏အစပ်သို့ပင် ရောက်ရှိနေလေပြီ။ မိန်းကလေးသည် မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့်အုပ်ကာ မြည်တမ်းငိုယိုရင်း တဖြည်းဖြည်း လျှောက်သွားလျက်ရှိ၏။ နောက်သို့စောင်းငဲ့၍မျှပင် လှည့်မကြည့်တော့။ နှောင်းသွားပြီဖြစ်သော ထိုသူ၏ခေါ်သံကိုလည်း မကြားတော့။

ငိုသံရှင်ကို အိမ့်ရှင်ယောကျ်ား လှမ်း၍ မြင်သောအချိန်တွင် ထိုမိန်းကလေးသည် တောအုပ်တွင်းသို့ ဝင်လေပြီ။ ထိုသူသည် အသံကုန်ဟစ်ခေါ်ရင်း မြေနီလမ်းကလေးအတိုင်း မိန်းကလေးနောက်သို့ အပြေးအလွှားလိုက်၏။ ပြေးရင်းလွှားရင်းလည်း မိန်းကလေးနာမည်ကို အော်ဟစ်ခေါ်ဝေါ်၏။ အော်ဟစ်ခေါ်ဝေါ်ရင်းလည်း ပြေးလွှား၏။ သို့ရာတွင် ငိုသံရှင်မိန်းကလေးသည် နားကန်း၍ သွားလေပြီ။ ထိုသူ၏ မြည်တမ်း ခေါ်ဝေါ်သံကို မကြားတော့၊ နောက်သို့ စောင်းငဲ့၍မျှပင် လှည့်မကြည့်တော့။ တလှုပ်လှုပ် တနဲ့နဲ့ လျှောက်သွားရင်း တောအုပ်အတွင်းသို့ ဝင်သွားပျောက်ကွယ်စပြုလေပြီ။

တောအုပ်အတွင်းသို့ဝင်သွားသော မိန်းကလေးကို အသံကုန်ဟစ်၍ ထိုသူခေါ်၏။ ခေါ်ရ၊ အော်ရဖန် များလတ်သဖြင့် အသံသည် တိမ်ဝင်၏။ ကောင်းစွာပင် ထွက်မလာတော့။ မိန်းကလေးကိုလည်း မျက်ခြည်ပြတ်၊ အသံကလည်းကောင်းစွာ ထွက်မလာသောအခါ အခြား အားထားရာ မရှိသဖြင့် ထိုသူသည် ကျန်ရှိနေသေးသောအားအင်ကို ဖျစ်ညှစ်ကာ မြေနီလမ်းကလေးအတိုင်း ပြေးလွှားခြင်းပြု၏။ ပြေးစ မရှိသဖြင့် အသက်ရှူမှားမတတ်ဖြစ်၏။

နှင်းဆီမြိုင်အတွင်း မွှေနှောက်ခဲ့ပြီးနောက် လေရူးသည် ထိုသူ့နောက်သို့ မြေနီလမ်းအတိုင်း ပြေးလိုက်လာ၏။ ထိုသူ့ကို မီသောအခါ ဟားတိုက်ရယ်မောရင်း ကျော်တက်၍သွား၏။ ထို့နောက် တောအုပ်အတွင်းသို့ ကမူးရှူးတိုး ပြေးဝင်သွား၏။ ထိုသူလည်း တောအုပ်အတွင်း

mgyoe.com

mgyoe.com


သို့ဝင်၏။ လရောင်အောက်တွင် ဝိုးတဝါးမြင်ရသော မြေလမ်းကလေး အတိုင်း ပြေးလွှားလျက်ရှိ၏။ အသက်ရှူမှားရုံမက ခြေဖဝါးတွင်လည်း သွေးများ ယိုစီးပေကျံလျက်ရှိ၏။

ရှေ့ကရောက်နှင့်သော လေရူးသည် တောအုပ်အတွင်းခုန်ပေါက် မြူးထူး၍နေ၏။ ကြွင်းကျန်လျက်ရှိနေသေးသော ရွက်အိုု၊ ရွက်ဟောင်း များကိုလည်း ကျီစယ်ဆော့ကစားနေ၏။ လေဒဏ်ကို ခံနိုင်ရည်မရှိသော ရွက်ဟောင်းများသည် တဖြုတ်ဖြုတ် ကြွေလွင့်လျက်ရှိကြ၏။

တောအုပ်အတွင်းသို့ အတန်ငယ် ဝင်မိလျှင် အရိုင်းပြိုင်းပြိုင်းထ နေသော ပျဉ်းမပင်ကြီးအောက်တွင် မျက်နှာကိုလက်ဝါးနှစ်ဖက်ဖြင့်အုပ် ကာ ရှိုက်ကြီးတငင် ငိုယိုနေသော မိန်းကလေးကို ထိုသူ တွေ့ရ၏။ မိန်းကလေးသည် သူ့ကိုကျောခိုင်းလျက်ရှိ၏။

နောက်မှလိုက်သူသည် မိန်းကလေး၏နာမည်ကို အားတက် သရောနှင့် ရင်းရင်းနှီးနှီးခေါ်ဝေါ်ရင်း ပျဉ်းမပင်ကြီးအောက်သို့ အူယား ဖားယား ပြေးဝင်၏။ ထိုသို့ ပျဉ်းမပင်ကြီးအောက်သို့ ထိုသူပြေးဝင်လာ စဉ် ရှိုက်ကြီးတငင်ငိုကြွေးနေသော ဆံပင်ဖားလျားနှင့် မိန်းကလေးသည် ရုတ်ခြည်းပင် အခိုးအငွေ့အဖြစ်သို့ ပြောင်းလဲသွားပြီးလျှင် တစ်ခါတည်း ပျောက်ကွယ်၍သွား၏။

ရွက်အိုရွက်ဟောင်းများ ကြွေလဲကာ အရိုင်းပြိုင်းပြိုင်းထနေသော ပျဉ်းမပင်၏ခြေရင်းတွင်မူကား ထိုသူသာ တစ်ယောက်တည်းရယ်...

နှင်းများ တဖွဲဖွဲကျလျက်ရှိ၏။ ညလည်း ချမ်းမြမြနှင့်၊ နွေက တော့မူ သစ်လေပြီ။

*

mgyoe.com

mgyoe.com

# ရွှေမင်းသမီးနှင့်ဇာတ်ဆရာ

(၁)

နှင်းဆီမြိုင်၌ ညတစ်ညမှ အိမ့်ရှင်ယောကျ်ားသည် ကျွန်တော် ဖြစ်၏။ ပျဉ်းမပင်ကြီးအောက်၌ နောက်ဆုံးတွင် အခိုးအငွေ့များဖြစ်ကာ ပျောက်၍ သွားသော မိန်းကလေးသည် အေးဖြစ်ပါ၏။ နှင်းဆွတ်သော လရောင်နှင့် ချမ်းမြမြည၊ ရေကန်သာနှင့် လှိုင်းဂယက်၊ လေရူးနှင့် ရွက်ကြွေတော၊ အိမ်အိုကြီးနှင့် နှင်းဆီမြိုင်စသည်တို့မှာကား အေးနှင့် ကျွန်တော် ကျင်လည်ခဲ့ရသော လောကများဖြစ်ကြ၏။

(၂)

စင်စစ် ဤဝတ္ထုသည် အေး အမည်ရှိ မိန်းကလေးတစ်ဦး၏ အကြောင်းအရာနှင့် အဖြစ်အပျက်မျှသာ ဖြစ်၏။ ထို့ကြောင့် ဝတ္ထု၏ အမည်ကို ရွေးချယ်ရာ၌ နောက်ဆုံးတွင် ဤဝတ္ထု၏ အဓိဇာတ်ကောင် ဖြစ်သော အေး၏အမည်ကို ရွေးချယ်ရခြင်းဖြစ်၏။ ဝတ္ထု၏အမည် သည် စင်းကောင်း စင်းနေလိမ့်မည်။ ရိုးကောင်းလည်း ရိုးနေလိမ့်မည်။ ထိုအချက်ကို ကျွန်တော် စဉ်းစားမိ၏။ သို့ရာတွင် ထို့ထက် သင့်လျော်

mgyoe.com

mgyoe.com


ကောင်းမွန်သော အခြားအမည်ကို ဤဝတ္ထုကို ရေးသားပြီးစီး၍ ပုံနှိပ်ထုတ်ဝေသူများ၏ လက်ဝယ်သို့ စာမူများပေးအပ်လိုက်ရသော အချိန်အထိ ကျွန်တော် စဉ်းစားရှာကြံ၍ မရခဲ့ပါ။

ဝတ္ထုတစ်ပုဒ် ရေးရန်အတွက် စာရေးသူများသည် ပြင်ဆင်စရာရှိသည်တို့ကို အချိန်ယူပြင်ဆင်ကြရ၏။ ထိုသို့ ပြင်ဆင်ကြရာတွင် အချို့စာရေးသူများသည် ၎င်းတို့ရေးသားမည့် ဝတ္ထု၏အမည်ကိုပါ စဉ်းစားရှာဖွေပြီးမှ ရေးသားလေ့ရှိကြ၏။ အချို့မှုကား ထိုကဲ့သို့မဟုတ်ကြပေ။ ကျွန်တော်သည် ပထမ အမျိုးအစားစာရင်းတွင် ပါဝင်သူဖြစ်၏။ ထို့ကြောင့် ဤဝတ္ထုကိုရေးရန်စတင်စဉ်းစားစဉ်အခါက "ကျွန်တော်နှင့်အေး" ဟူသော အမည်ပေးရန် စိတ်ကူး၍ထား၏။ သို့ရာတွင် တကယ်ရေးရန် စတင်ပြင်ဆင်သောအခါ ထိုအမည်ကို ကျွန်တော်စွန့်လွှတ်လိုက်ရ၏။ အေး၏ဝတ္ထုတွင် ကျွန်တော်သည် သူလိုငါလို ဇာတ်ကောင်တစ်ကောင်မျှသာဖြစ်၏။ သာမညဇာတ်ကောင်တစ်ကောင်ဟုဆိုလည်း ဖြစ်၏။ သူလိုငါလို သာမညဇာတ်ကောင်တစ်ကောင်သည် အဓိက ဇာတ်ကောင်၏ရှေ့သို့တက်၍ နေရာယူသင့်သည် မဟုတ်ပေ၊ ကိုယ့်နေရာကိုယ်သာ နေသင့်၏။ "ဒူးနေရာ ဒူး၊ တော်နေရာ တော်" ဆိုသော ရှေးဟောင်းစကားရှိသည် မဟုတ်လော၊ ထိုသို့ စဉ်းစားမိသောကြောင့် "ကျွန်တော်နှင့် အေး" ဟူသော အမည်ကို စွန့်ပစ်လိုက်ရခြင်းဖြစ်၏။

ဝတ္ထုတစ်ပုဒ်၏အသက်ဖြစ်သော ဇာတ်ကောင်နှင့် ကျောရိုးဖြစ်သော ဇာတ်ကြောင်း စသည်တို့ကို စဉ်းစားပြင်ဆင်၍ ပြီးစီးသောအခါ အေး၏ဝတ္ထုကိုရေးရန်အတွက် ကျွန်တော်သည် အဆင်သင့်ဖြစ်နေ၏။ သို့ရာတွင် ဝတ္ထု၏အမည်ကိုမှုကား စဉ်းစားရွေးချယ်၍မရသေးပေ။ ထို့ကြောင့်ဝတ္ထုကို စတင်ရေးသားခြင်း မပြုနိုင်သေးဘဲရှိနေ၏။ ဝတ္ထု

mgyoe.com

mgyoe.com


အမည်ကို စဉ်းစားရှာကြံရ၏။ ထိုသို့ရှာကြံရင်း ခပ်စောစောက စွန့်ပစ်ထားခဲ့သော ကျွန်တော်နှင့် အေးအမည်ကို ပြောင်းပြန်လှန်လိုက်ရသော် သင့်လေမည်လားဟု စဉ်းစားကြည့်မိ၏။

## အေးနှင့် ကျွန်တော်

အေး၏ဝတ္ထုတွင် ကျွန်တော်သည် သူလို ငါလိုသာမညဇာတ်ကောင်တစ်ကောင်မျှသာ ဖြစ်၏။ ထိုအကြောင်းကိုလည်း ဆိုခဲ့ပြီ။ အဓိပ္ပာယ်မှာ အေး၏ဇာတ်ကြောင်းတွင် ကျွန်တော်ကဲ့သို့ သာမညဇာတ်ကောင်အများအပြားပါရှိသည်။ သို့မဟုတ် ရှိသေးသည်ဆိုသော အချက်ပင်ဖြစ်၏။ ယင်းသို့ သာမညဇာတ်ကောင်အများအပြားအကြားမှ ကျွန်တော်သည် အခြားအခြားသော ဇာတ်ကောင်များထက် ဘာ့ကြောင့် ခေါင်းတစ်လုံး မြင့်ချင်ရသနည်း။ ဘာ့ကြောင့် ကျွန်တော်ပြီးရင်း ကျွန်တော် နေရသနည်း။ ဤမျှ ကျွန်တော်ပြီးရင်း ကျွန်တော်လိုလှလျှင် "ကျွန်တော်၏ကျွန်တော်" ဟူသော အမည်ကို ဘာ့ကြောင့် မရွေးချယ်သနည်း။

လူသည် အတ္တလွန်ကဲအားကြီးသော သတ္တဝါဖြစ်၏။ နေအောက်ရှိ ခပ်သိမ်းကုန်သော အရာဝတ္ထုနှင့် အဖြစ်အပျက်တို့ကို အတ္တစွဲဖြင့်သာ မျှော်ရှုတတ်သည်မဟုတ်လော။

အေး၏ဝတ္ထုကို "အေးနှင့်ကျွန်တော်" ဟူ၍ အမည်ပေးပါက အဓိကဇာတ်ကောင်က ကန့်ကွက်လိမ့်မည်မဟုတ်သည့်တိုင်အောင် အခြားအခြားသော ဇာတ်ကောင်များက အဘယ်သို့ပြောကြ၊ ဆိုကြလိမ့်မည်နည်း။ ထိုကြောင့် မိမိ၏အတ္တကို ချေဖျက်ရင်း ဒုတိယအကြိမ် စဉ်းစားရွေးချယ်သောအမည်ကို စွန့်လွှတ်လိုက်ရ၏။ ရေးရန်အသင့်ဖြစ်နေသော ထိုမိန်းကလေး၏ဝတ္ထုကို လက်တွေ့ရေးချနိုင်ရန်အတွက်

mgyoe.com

mgyoe.com


အခြားသင့်လျော်သော အမည်ကို ကျွန်တော်သည် စဉ်းစားရှာဖွေရပြန်၏။

စင်စစ် ဤဝတ္ထုသည် "အေး" အမည်ရှိ မိန်းကလေး၏အကြောင်း အရာနှင့် အဖြစ်အပျက်မျှသာဖြစ်၏။ ထိုအကြောင်းကိုလည်း ဆိုခဲ့ပြီး။ သို့ဖြစ်လျှင် ဤဝတ္ထု၏အသက်ဖြစ်သော အဓိကဇာတ်ကောင်၏အမည်ကို ဝတ္ထုအမည်အဖြစ်ဖြင့် အဘယ့်ကြောင့် မရွေးချယ်ရသနည်း။ ရွေးချယ်ရန်အတွက် အဘယ့်ကြောင့် တွန့်ဆုတ်နေရသနည်း၊ နှောင့်နှေးနေရသနည်း။

အစိုင်အခဲကြီးမားလှသော မိမိ၏အတ္တကို ချေဖျက်တိုက်ခိုက်ရင်း နောက်ဆုံးတွင် ဤဝတ္ထု၏အဓိကဇာတ်ကောင်ဖြစ်သော မိန်းကလေး၏အမည်ကို ဝတ္ထု၏အမည်အဖြစ်ဖြင့် ကျွန်တော်သည် ရွေးချယ်လိုက်ခြင်းဖြစ်ပါ၏။ ဝတ္ထု၏အမည်သည် စင်းကောင်းစင်းနေလိမ့်မည်၊ ရိုးကောင်းလည်း ရိုးနေလိမ့်မည်။ သို့ရာတွင် ထိုထက်သင့်လျော်ကောင်းမွန်သော အခြားအမည်ကို ဤဝတ္ထုကို ရေးသားပြီးစီး၍ ပုံနှိပ်ထုတ်ဝေသူများ၏ လက်ဝယ်သို့ စာမူများ ပေးအပ်လိုက်ရသောအချိန်အထိ ကျွန်တော် စဉ်းစားရှာဖွေ၍ မရခဲ့ပါ။ ထိုအကြောင်းကိုလည်း ဆိုခဲ့ပြီ။

(၃)

ဝတ္ထု၏အမည်ကို ရွေးချယ်ပြီးစီး၍ စတင်ရေးသားလျှင်ပင် အကျပ်အတည်းတစ်ခုနှင့် ကျွန်တော်သည် နောက်ထပ် ရင်ဆိုင်ရပြန်၏။ ထိုအကျပ်အတည်းမှာ အခြားတော့မဟုတ်၊ စာရေးသူနှင့် ဇာတ်ကောင်တို့၏ ပဋိပက္ခပင်ဖြစ်၏။ နှင်းဆီမြိုင်၏ညတစ်ည၌ ပျဉ်းမပင်ကြီးအောက်တွင် အခိုးအငွေ့ဖြစ်ကာ ပျောက်သွားသော ထဘီပြာနှင့် မိန်းကလေးသည် ပြန်လည်အသက်ဝင်လာ၏။ အသက်ဝင်လာပြီဖြစ်

mgyoe.com

mgyoe.com


သောကြောင့် ထိုမိန်းကလေးသည် လှုပ်ရှားလာ၏။ ရုန်းကန်လာ၏။ သို့ရာတွင် စာရေးသူ အလိုရှိသော ပုံစံနှင့်ကား မဟုတ်တော့၊ အလားတူ ပင် စာရေးသူ လှုပ်ရှားစေချင်သော ပုံသဏ္ဍာန်နှင့်လည်း မဟုတ်တော့။ သူ့ပုံစံနှင့်သူ ဖြစ်၍ သူ့ပုံသဏ္ဍာန်နှင့်သူဖြစ်၏။

**ကြည့်ပါ...**

နှင်းဆီမြိုင်၌ ညတစ်ညတွင် ထိုမိန်းကလေးကို ကျွန်တော်သည် ထဘီပြာနှင့် အင်္ကျီဖြူဝတ်ဆင်ပေးထား၏။ ယခု သူ့ဝတ္ထုကို စလိုက် သောအခါ ထိုမိန်းကလေးသည် ထဘီနီနှင့် အင်္ကျီနီဝတ်ဆင်၍ ထွက် လာ၏။ ခက်ချေပြီ။ ထိုမိန်းကလေး ဆံပင်ဖားလျားနှင့်လည်း မဟုတ် တော့၊ ဦးခေါင်းတွင်လည်း နှင်းဆီပန်းတွေ ဝေနေအောင် ပန်ထား၏။ ထိုမျှသာလျှင် မဟုတ်သေး၊ ကျွန်တော့် စာရေးစားပွဲထိပ်တွင် လာ၍ ခါးထောက်ရပ်ကာ သူ့ဝတ္ထုကို အဘယ်သို့၊ အဘယ်ပုံရေးရမည့်အကြောင်း ထိုမိန်းကလေးသည် ညွှန်ကြားမာလကာတွေပါ ပေးလာ၏။ ခက်ချေပြီ။

စာရေးသူများ အသက်သွင်းလိုက်သောဇာတ်ကောင်များ တကယ် တမ်း အသက်ဝင်လာသောအခါ ရုပ်သေးစင်မှ အရုပ်ကလေးများကဲ့သို့ ဇာတ်ဆရာ ကြိုးဆွဲတိုင်း လှုပ်ရှားကပြကြသည်မဟုတ်ပေ။ အသက်ဝင် လာပြီဖြစ်သည့်အလျောက် သူတို့စိတ်နှင့် သူတို့ကိုယ်ဖြစ်လာ၏။ စိတ်နှင့် ကိုယ်ရှိလာပြီဖြစ်၍ သူတို့အမြင်နှင့် သူတို့ရပ်တည်ချက်များရှိလာ၏။ သူတို့သဘောနှင့်သူတို့ လှုပ်ရှားလာ၏။ စာရေးသူများက အတင်း ချုပ်ကိုင်လျှင် သူတို့သည် ဇက်စင်း၍ မခံတတ်ကြ၊ ခုခံရုန်းကန်၏။ ဤသို့ဖြင့် စာရေးသူနှင့် ဇာတ်ကောင်တို့၏ ပဋိပက္ခသည် ဖြစ်ပွား ပေါ်ပေါက်၏။

နှင်းဆီမြိုင်၌ ညတစ်ညက ဖိနပ်မပါသော မိန်းကလေးသည် အသက်ဝင်လာပြီဖြစ်၍ သူ့စိတ်နှင့်သူ့ကိုယ်ဖြစ်လာခဲ့လေပြီ၊ သူ့အမြင်

mgyoe.com

mgyoe.com


နှင့် သူ့ရုပ်တည်ချက်များလည်း ရှိလာခဲ့လေပြီ။ ထို့ကြောင့် သူ့သဘောနှင့်သူ လှုပ်ရှားလျက်ရှိလေပြီ။ စာရေးသူ၏ ချုပ်ကိုင်မှုကို မခံတော့၊ ထို့ထက်ကဲကာ သူကပင် သူ၏ဝတ္ထုကို အဘယ်ပုံ၊ အဘယ်နည်း ရေးရမည့်အကြောင်း ခါးထောက်၍ ညွှန်ကြားမှုလက္ခဏာများ ပေးနေ၏။

အေး၏ ဝတ္ထုကို စလျှင်ပင် ယင်းအကျပ်အတည်းနှင့် ကျွန်တော်သည် ရှေးဦးစွာရင်ဆိုင်ရ၏။ ကိုယ်ချုပ်ကိုင်၍မရသော မင်းသမီး၊ ထိုမျှသာလျှင် မဟုတ်သေး။ ကိုယ့်ကိုပြန်၍ ညွှန်ကြားပေးနေသော မင်းသမီးနှင့် အဘယ်ဇာတ်ဆရာသည် ဇာတ်ထုပ်တစ်ထုပ်ကို ဇာတ်ကွက်လည်အောင် ခင်းကျင်းပြသနိုင်သနည်း။

မိမိအဖို့ မရေးလျှင်လည်း မဖြစ်သော ဝတ္ထုတစ်ပုဒ်ကို ကျွန်တော် စခဲ့ပြီ။ မိမိ မနိုင်သော ဇာတ်ကောင်နှင့် မိမိအဖို့ မရေးမဖြစ်သော ဤဝတ္ထုကို ဇာတ်ကွက်လည်ကာ ပြီးဆုံးအောင် ကျွန်တော် အဘယ်သို့ ရေးရပါမည်နည်း။

*

mgyoe.com

mgyoe.com

# ကိုယ့်ပဋိပက္ခနှင့် ကိုယ်

## (၁)

မိမိအဖို့ မရေးလျှင်လည်း မဖြစ်သော ဝတ္ထုတစ်ပုဒ်ကို ကျွန်တော် စခဲ့ပြီ။ ထို့ကြောင့် "မရေးလျှင်လည်း မဖြစ်သော" ဆိုသော ဝိသေသနကို ရှင်းလင်းရန် ကျွန်တော့်တွင် တာဝန်ရှိလာ၏။ စင်စစ်ဤဝတ္ထုသည် "အေး" အမည်ရှိ မိန်းကလေးတစ်ဦးအကြောင်းအရာနှင့် အဖြစ်အပျက်မျှသာဖြစ်သော်လည်း ထိုမိန်းကလေး၏အကျိုးစီးပွားအတွက် ကျွန်တော် ရေးခြင်းမဟုတ်။ ကျွန်တော်၏ အကျိုးစီးပွားအတွက် ကျွန်တော် ရေးခြင်းသာ ဖြစ်၏။ ဗောဓိသတ္တဆိုသူများမှအပ အဘယ်သူသည် ကိုယ်၏ အကျိုးစီးပွားမပါရှိသော အလုပ်အကိုင်ကို လုပ်ကိုင်ကြသနည်း။ ကျွန်တော်သည် ဘုရားဆုပန် မင်းယောကျ်ားတစ်ဦး မဟုတ်ပေ။ အတ္တမကင်းသော သူလိုငါလိုလူတစ်ယောက်သာ ဖြစ်၏။ ထိုအကြောင်းကို ပွင့်ပွင့်လင်းလင်းနှင့် ရိုးရိုးသားသား ပြောကြားရမည်ဖြစ်၏။

မည်ကဲ့သို့ပင်ဖြစ်စေ မိမိ၏ကိုယ်ကျိုးစီးပွားအတွက် မရေးလျှင် မဖြစ်သော အေး၏ဝတ္ထုကို ကျွန်တော် စလိုက်ပေပြီ။ ကျားမြီးဆွဲသူသည် ကျားကိုစွ မပြီးမချင်း လွှတ်၍မဖြစ်။ ကျွန်တော်သည်လည်း

mgyoe.com

mgyoe.com



မည်ကဲ့သို့သော အကျပ်အတည်းများ၊ ပဋိပက္ခများနှင့် တွေ့ကြုံရသည်ဖြစ်စေကာမူ ကိုယ့်ဟာကိုယ် စမိသောဇာတ်ကို ကိုယ့်ဟာကိုယ် ဆုံးခန်းတိုင်သယ်ရမည်သာဖြစ်ပါ၏။

(၂)

လောကဇာတ်ခုံသည် အပြောကျယ်၏။ ရှုပ်ထွေးကြမ်းတမ်း၏။ ခက်ခဲနက်နဲ၏။ သို့ရာတွင် ကိုယ့်စင်ကိုယ်စီးကာ ကိုယ့်ဇာတ်ကိုယ်ခင်းလျက်ရှိကြသော မိန်းကလေးအများအပြား ရှိ၏။ ထိုမိန်းကလေးများထဲတွင် အေးသည် တစ်ယောက်သော မိန်းကလေးမျှသာဖြစ်၏။ ထို့ကြောင့် အေး၏ သတ္တိကို ချီးကျူးမှတ်တမ်းတင်သင့်သည်ဟု ကျွန်တော် ထင်၏။

အသက်နှစ်ဆယ်အရွယ်မတိုင်မီအထိ အေးသည် သူတစ်ပါးဇာတ်စင်များတွင် ကပြအသုံးတော်ခံရ၏။ ထို့ကြောင့် တစ်ပါးသူထားရာတွင်နေကာ တစ်ပါးသူ ကြိုးဆွဲသလို ကပြရ၏။ ကိုယ့်စိတ်နှင့်ကိုယ်မဟုတ်မူဘဲ တခြားသူ ကြိုးဆွဲတိုင်း လိုက်၍၊ လိုက်၍ ကရပြရသောအလုပ်သည် သက်သာသောကိစ္စ မဟုတ်ပေ။ ဆင်းရဲပင်ပန်း၏။ မရယ်ချင်ဘဲနှင့် ရယ်လိုက်ရပြီး မငိုချင်ဘဲနှင့်လည်း ငိုလိုက်ရ၏။ ငိုချင်လျက်နှင့် ရယ်လိုက်ရပြီး ရယ်ချင်လျက်နှင့်လည်း ငိုလိုက်ရပြန်၏။ ကိုယ်ကချင်သော ဇာတ်ကိုမကရဘဲ ကိုယ်မတွဲချင်သောမင်းသားနှင့်လည်း တွဲခဲ့ရ၏။ မနမ်းချင်ဘဲ ပင့်သက်ရှူခဲ့ရသောအကြိမ်ပေါင်းကား ရေတွက်၍ဆုံးအံ့ပင်မထင်။ ယင်းသို့တစ်ပါးသူ ကြိုးဆွဲတိုင်း အရုပ်နှင့် မခြားခံရဖန်များလတ်သော် သည်းမခံမရပ်နိုင်ဖြစ်လာ၏။

လူမဆိုထားနှင့် တိရစ္ဆာန်သည်ပင် လွတ်လပ်ခြင်းကို ခုံမင်၏။ အေးသည် လူမကလေးတစ်ယောက်ဖြစ်ပါ၏။ တိရစ္ဆာန်ထက် လူသည်

mgyoe.com

mgyoe.com


သိက္ခာရှိသော သတ္တဝါဖြစ်၏။ အေးသည်လည်း သိက္ခာရှိသော လူမကလေးမဟုတ်သလော။

အသက်နှစ်ဆယ်အရွယ်တွင် ကြိုးဆွဲသူများကို အေးက ထကြွပုန်ကန်၏။ ထို့နောက် သူ့စင်သူထောင်ကာ သူ့ဇာတ်သူခင်း၏။ သူ့ဟာသူ ဇာတ်ဆရာလုပ်၏။

ယင်းသို့ သူ့စင်သူစီး၍ သူ့ဟာသူ ဇာတ်ဆရာလုပ်ကာ သူ့ဇာတ်သူ ခင်းနေချိန်တွင် အေးကို ကျွန်တော် တွေ့ရခြင်းဖြစ်၏။ သူ့ဟာနှင့်သူ ဇာတ်ဆရာလုပ်ကာ သူ့စင်နှင့်သူ ခင်းကျင်းကပြလျက်ရှိသော နောက်ပိုင်းကိစ္စများကိုမူကား ကျွန်တော်မသိပေ။ မီးရောင်အောက်တွင် ကပြနေသော ရွှေမင်းသမီးကလေးကို ပွဲကြည့်ပရိသတ်အနေနှင့် တွေ့မြင်လိုက်ခြင်းသာ ဖြစ်၏။ ထိုသို့ တွေ့မြင်လိုက်သည်နှင့် ကျွန်တော်သည် ရွှေမင်းသမီးကလေးကို တစ်ခါတည်း တမ်းတမ်းစွဲ၏။ ရွှေမင်းသမီးကလေးနှင့် နီးစပ်ရေးအတွက် ကျွန်တော်ကြံစည်၏။ နည်းလမ်းများ ရှာဖွေ၏။ ယင်း ဝီရိယအကျိုးအားကြောင့် အေး၏ဇာတ်စင်ပေါ်သို့ ကျွန်တော် ရောက်သွား၏။ ထိုမှတစ်ဖန် ဇာတ်ခုံနောက်ပိုင်းသို့လည်း ရောက်ရှိခဲ့၏။

(၃)

တောအရိုင်းနှင့်မခြားလှသော ဇာတ်ခုံထက်တွင် သူ့ဇာတ်ကို ဇာတ်ကွက်လည်အောင် ခင်းကျင်း ကပြနိုင်ရေးအတွက် အေးသည် ကြိုးပမ်းရုန်းကန်နေရသော မိန်းကလေးတစ်ဦးဖြစ်၏။ သူ့ဇာတ်ခုံသည် တောင်ကမ်းမြင့်မားကာ သားရဲထူပြော၏။ ချောက်ကမ်းပါး နက်ရှိုင်းကာ တောကလည်းခြောက်၏။ သို့ရာတွင် အေးသည် သိမ်ငယ်ကြောက်ရွံ့ခြင်း အလျှင်းမရှိ၊ ရဲရင့်တည်ငြိမ်၏။

အေးသည် ယောကျ်ားတကာတို့ ရင်သပ်ရှုမောရသော၊ တပ်မက်

mgyoe.com

mgyoe.com


မောရသော ဆန့်ကျင်ဘက်လိင်တစ်ဦးမျှသာ မဟုတ်။ အမူအရာကောင်း သော မင်းသမီးကြီးတစ်လက်လည်း ဖြစ်၏။ ကန့်လန့်ကာ နောက်ကွယ် တွင် ဒူးနှင့်မျက်ရည်သုတ်နေရစေကာမူ မီးရောင်အောက်တွင် ရယ်မော ကခုန်နိုင်စွမ်းရှိ၏။

ပွဲလာတစ်ဦးအနေနှင့် မီးရောင်အောက်တွင် တွေ့ရ၊ မြင်ရသော အေးသည် တစ်ယောက်ဖြစ်၏။ ဇာတ်ခုံနောက်ပိုင်းမှ ကျွန်တော် တွေ့ရ၊ မြင်ရသော အေးမူကား တစ်ယောက်ဖြစ်၏။ သို့ရာတွင် လူကတော့ တစ်ယောက်တည်းသာဖြစ်၏။ အေးသည် လူတစ်ကိုယ်နှင့် နှစ်ယောက် ဖြစ်နေသော မိန်းကလေးဖြစ်၏။ ဇာတ်ခုံအောက်မှ တွေ့ရ၊ မြင်ရသော အေးသည် ချောမောလှပ၏။ ပျိုမျစ် ယဉ်ကျေး၏။ ထို့ကြောင့် တပ်မက်မောစရာကောင်း၏။ ဇာတ်ခုံနောက်ပိုင်း၌ တွေ့ရ၊ မြင်ရသော အေးမူကား ထိုသို့မဟုတ်တော့ပေ။ တစ်မျိုးတစ်စားသာ ဖြစ်၏။ တောရိုင်းမျက်မည်းကြီးအတွင်း လူပေါ်စအချိန်က အသက်တစ်ချောင်း အတွက် ပြေးလွှားရုန်းကန်နေရသော လူမကလေးတစ်ယောက် ဖြစ်နေ ၏။ ရင်နာဖွယ်ရာနှင့် ရင်သပ်ဖွယ်ရာပင်ဖြစ်၏။

အန္တရာယ်က ထက်ကြပ်မကွာလိုက်သဖြင့် လူမကလေးသည် တောင်ကမ်းပေါ်သို့ အပြေးအလွှားတက်ရ၏။ နဖူးကွဲ၊ ဒူးပြဲနှင့် တောင် ထိပ်ပေါ်သို့ ရောက်သောအခါတွင်လည်း သားရဲတစ်ကောင်နှင့်ပက် ပင်းတိုးကာ သတ်ရ၊ ပုတ်ရပြန်၏။ လုံးရ၊ ထွေးရပြန်၏။ ဒဏ်ရာ ဒဏ်ချက်များ ရ၏။ ထို့ကြောင့် နက်ရှိုင်းလှသော ချောက်ကမ်းပါး အောက်သို့ ပြေးဆင်းရပြန်၏။ တလိမ့်ခေါက်ကွေးကျ၏။ အကျနာ သဖြင့် မေ့မြောသွား၏။ သတိပြန်ရသောအခါ စမ်းရေစီးသံကို ကြားရ ၏။ နာကျင်မွတ်သိပ်သောကြောင့် ရေသံလာရာသို့ တွားရှ၍၊ တွားရှ၍ သွား၏။ စမ်းသို့ရောက်သောအခါ အန္တရာယ်တစ်အုပ်နှင့် ဘွားခနဲ

mgyoe.com

mgyoe.com



တိုးပြန်၏။ အန္တရာယ်က လိုက်ပြန်သဖြင့် ကျန်သမျှအားကိုညှစ်ကာ တောင်ကမ်းပေါ်သို့ အပြေးအလွှားတက်ရပြန်၏။ တောင်ထိပ်ပေါ်သို့ ရောက်ပြန်လျှင်လည်း... လူမကလေးဘဝသည် ဤသို့ ချာချာလည် လျက် ရှိ၏။

တပ်မက်ခြင်းနှင့်အေးအမည်ရှိ လူမကလေးကို ကျွန်တော် စခဲ့သော်လည်း လေးမြတ်အံ့ဩခြင်းများနှင့် အဆုံးသတ်လျက်ရှိ၏။

## (၄)

တပ်မက်ခြင်းကြောင့် ဇာတ်ခုံအောက်မှ ဇာတ်ခုံပေါ်သို့ ကျွန်တော် ရောက်၏။ အေး၏ညှို့ဓာတ်ကြောင့် ကျွန်တော်သည် ထိုမင်းသမီး၏ ဇာတ်အဖွဲ့ကြီးတွင် အဖွဲ့ဝင်တစ်ယောက်ဖြစ်မှန်းမသိ ဖြစ်လာ၏။ ထိုကမှ အေး ခင်းကျင်းလျက်ရှိသော ဇာတ်ထုပ်တွင် ပါဝင်မှန်းမသိ ပါဝင်ကာ တစ်စစနှင့် ဇာတ်ကောင်တစ်ကောင် ဖြစ်လာ၏။ သို့ရာတွင် လူတို့သည် ကိုယ့်ကိုယ်ကိုယ် ကြည့်တတ်မြင်တတ်ကြသူများ မဟုတ်ပေ။ ထို့ကြောင့် မိမိ၏ဇာတ်ကောင်ဘဝကို ကျွန်တော်သည် တော်တော်နှင့် ရိပ်ဖမ်းခြင်း မပြုနိုင်ခဲ့ပေ။ ကိုယ့်ကိုယ်ကိုယ် ပွဲကြည့်တစ်ယောက်ပင် ထင်၏။ အေး၏ဇာတ်အဖွဲ့ကြီးတွင် ရုပ်ပြောင်းရုပ်လွှဲအမျိုးမျိုးဖြင့် ကျွန်တော်သည် အသုံးတော်ခံခဲ့ရ၏။ အေး ခင်းကျင်းလျက်ရှိသော ဇာတ်ထုပ်တွင် ခေါင်းဆောင်မင်းသားတစ်ယောက်သာ မဖြစ်ခဲ့ရသော်လည်း မင်းသားလတ်၊ မင်းသားကြီးများအဖြစ်ဖြင့် ပါဝင်ကပြရ၏။ ကြိမ်ဖန်များစွာ အေး၏မန်နေဂျာလည်း ဖြစ်ရ၏။ မကြာခဏ ဇာတ်ခုံ နောက်ပိုင်းတွင် မထင်မရှားအလုပ်သမားအဖြစ်ဖြင့် ကားလိပ်လည်း ဆွဲရ၏။ ရံဖန်ရံခါတွင် အေး၏ ဒရဝမ်၊ သို့မဟုတ် အိပ်ဖန်စောင့်အလုပ်ကိုပင် လုပ်ရကိုင်ရ၏။

mgyoe.com

mgyoe.com


တကယ်တော့မူ အေးနှင့် တွဲဖက်ကပြရသော ခေါင်းဆောင်မင်းသားတစ်ယောက် ဖြစ်လိမ့်မည်အထင်နှင့် စင်ထက်သို့ ကျွန်တော်တက်ခြင်းသာ ဖြစ်၏။ အဘယ်သူသည် မိမိကိုးကွယ်သော ရွှေမင်းသမီးနှင့် နှစ်ပါးမသွားလိုဘဲ ရှိအံ့နည်း။ သို့ရာတွင် မိမိထင်သလိုကား ဖြစ်မလာပေ၊ ယင်းသို့ ကိုယ်ဖြစ်ချင်တာ ဖြစ်မလာသည့်အတွက် အစပထမတွင် စိတ်မကောင်းသလိုရှိ၏။ သို့ရာတွင် ခေတ္တခဏမျှသာ ဖြစ်၏။ နောက်ပိုင်းတွင် ကျွန်တော်သည် ဝမ်းမနည်း၊ ကားလိပ်ဆွဲနှင့် မင်းသမီးဒရဝမ်စသော အလုပ်အကိုင်များ လုပ်ရကိုင်ရသည့်အတွက်နှင့်လည်း ကျွန်တော်သည် နောင်တရမိခြင်းမရှိ။ ကိုယ့်ဟာနှင့်ကိုယ် နှစ်သိမ့်ရောင့်ရဲ၏။ ကျေနပ်တင်းတိမ်၏။ အဘယ်ကြောင့်ဆိုသော် ရုပ်ပြောင်းရုပ်လွှဲအမျိုးမျိုးနှင့် မိမိပါဝင် ကပြရသောဇာတ်ကို နောက်ဆုံး၌ ကျွန်တော်သည် ဇာတ်ခုံအောက်မှ ပွဲကြည့်သူတစ်ဦးအနေနှင့် ပြန်လည်ရှုမြင်နိုင်သောကြောင့်ပင် ဖြစ်၏။ ထိုသို့ ရှုကြည့်ရင်း ကိုယ့်ကိုယ်ကိုယ် ရယ်မောပစ်လိုက်နိုင်သောကြောင့်လည်း ဖြစ်၏။

## (၅)

ညသည် တစ်စတစ်စနှင့်အိုမင်းလျက်ရှိ၏။ အရုဏ်လည်း တက်လုနီးပေပြီ။

အေး ခင်းသော ဇာတ်သည် အကွက်မလည်ဘဲ ဖြစ်နေ၏။ ဇာတ်သည် အိုက်၍၊ အီ၍၊ အိုင်နေ၏။ ကိုယ်ခင်းသောဇာတ် အကွက်မလည်ဘဲ အိုင်နေသောအခါ ရွှေမင်းသမီးသည် မျက်စိပျက်၊ မျက်နှာပျက်ဖြစ်၏။ သို့ရာတွင် အားငယ်သော လက္ခဏာမရှိပေ။ အိုင်၍ နေသောဇာတ်ကို သွက်လာ၊ လည်လာအောင် နည်းလမ်းများ ကြံဆ ဖွေရှာနေပုံရ၏။

သန်းခေါင်ကျော်တွင် နှစ်ပါးသွားရန် အေး စိတ်တိုင်းကျ နောက်

mgyoe.com

mgyoe.com


ဆုံးရှေးချယ်လိုက်သော မင်းသားသည် စင်ပေါ်တွင် မရှိတော့ပေ။ နှစ်ပါးသွားပြီးနောက် ထိုမင်းသားသည် ဇာတ်ပေါင်းအောင် ဆက်မက တော့ဘဲ အခြားတစ်ပါးသော စင်သို့လစ်ပြေးသွား၏။ အရဏ်တက်လု နီးချိန်တွင် ရွှေမင်းသမီးကလေးသည် ဘုန်းမယ့်တစ်ကိုယ်ဖြစ်ကျန် ရစ်၏။

ထိုအချိန်တွင် ကျွန်တော်သည် ဇာတ်ခုံနောက်ပိုင်းမှနေ၍ ကား လိပ်ဆွဲနေရသူဖြစ်၏။ မင်းသမီးသည် အူယားဖားယားနှင့် ကျွန်တော် ရှိရာသို့ ပြေးလာ၏။ စင်ပေါ်က လစ်ပြေးသွားသော ၎င်း၏ မင်းသား ချောကို လိုက်လံရှာဖွေပေးရန်အတွက် ကျွန်တော့်ကို ခိုင်းစေ၏။ မင်း သမီးသည် များစွာကြွန္တေပျက်နေ၏။ မင်းသားကို မတွေ့ တွေ့အောင် ရှာပြီး မရ၊ ရအောင် ခေါ်ဆောင်လာရန် အမိန့်ပေးလျက်ရှိ၏။ နားပူ နားဆာ ပြောဆို၏။

သူ့သဘောနှင့်သူ ရွေးချယ်လက်တွဲခဲ့သော ထိုမင်းသားကို ကျွန် တော် အဘယ်ပုံရှာဖွေရမည်နည်း၊ အဘယ်သို့ မရ အရ ခေါ်ဆောင် လာရမည်နည်း။ သူတို့အချင်းချင်း အဘယ်သို့သော သဘောတူညီချက် နှင့် အပေးအယူများ ပြုလုပ်ခဲ့ကြသည်ကို ကျွန်တော်မသိပေ။ ရွှေမင်း သမီးသည် ကျွန်တော့်ကို လူမိုက်အဖြစ် အမိန့်ပေးစေခိုင်းလျက်ရှိသည်။

ကျွန်တော်သည် ရွှေမင်းသမီး၏ လက်စွဲနှင့် ကျေးကျွန်တစ်ဦးမျှ သာဖြစ်၏။ သို့ကြောင့် သခင်မကြီး စေခိုင်းသည့်အတိုင်း စင်ပေါ်မှ လစ်ပြေးသွားသော မင်းသားကို ည၏အိုမင်းချိန်တွင် လိုက်လံရှာဖွေ ရ၏။ ကျွန်တော်သည် ကိုယ့်ကိုယ်ကိုယ် ကျိန်ဆဲမိ၏။ မွေးမလာလျှင် ကောင်းလေစွတကားဟူ၍ပင် ညည်းမိ၏။ မည်ကဲ့သို့ပင်ဖြစ်စေ သခင်မ ၏ အမိန့်ကို နာခံ ထမ်းဆောင်ရသည်သာဖြစ်၏။

ထိုမင်းသားကို ရှာဖွေတွေ့၏။ သို့ရာတွင် အခြားတစ်ပါးသော

mgyoe.com

mgyoe.com


စင်ပေါ်တွင်ဖြစ်၏။ ထိုစင်ပေါ်ရှိ အခြားတစ်ပါးသော မင်းသမီးနှင့် သစ္စာနှံကာ နှစ်ပါးသွားလျက်ရှိ၏။ ကျွန်တော် ဘာလုပ်ရမည်နည်း။

ကျွန်တော်သည် ရွှေမင်းသမီး၏ ကျေးကျွန်တစ်ဦးဖြစ်၏။ ကျွန်တော်သည် ဗာလနံလူမိုက်တစ်ဦးလည်းဖြစ်၏။ ထိုအကြောင်းကိုလည်း ဆိုခဲ့ပြီ။

ဇာတ်ဆရာ၏အလစ်တွင် ထိုစင်ပေါ်သို့နောက်ဖေးပေါက်မှ သူခိုးတက် တက်ရ၏။ မိမိ၏အရှင်သခင်မအတွက် မရှိမဖြစ်သော ထိုမင်းသားချောကို အနုကြမ်းစီးဝင်ဆွဲရန် ကြံရစည်ရ၏။ ထိုအလုပ်မှုကား လုဒ္ဒကသည် ဆင်ကြီးကို ကြံစည်ရသည်ထက် ခက်ခဲကျပ်တည်း၏။

ကျွန်တော်သည် အငှားလူမိုက်အလုပ်အကိုင်ကို မလုပ်ကိုင်ဖူးပေ။ ထို့ကြောင့် ခေါင်းကြီးလျက်ရှိ၏။ ကြက်သီးမွေးညင်းများ ထ၏။ မည်ကဲ့သို့ပင်ရှိစေ သခင်မကြီး၏အမိန့်ကို မလွန်ဆန်နိုင်သဖြင့် မင်းသားကြမ်းအလုပ်ကို မိုက်မိုက်ကန်းကန်းလုပ်၏။

မင်းသားချောသည် ကျွန်တော့်ကို များစွာ လေးစားအားနာသော အမူအရာများ ပြသ၏။ သို့ရာတွင် ကျွန်တော်နှင့်အတူ အေး၏စင်သို့ ပြန်လိုက်ရန်ကိစ္စကိုမူကား တင်းတင်းမာမာငြင်းဆန်၏။ ထိုကြောင့် သခင်မအတွက် အောက်ကျနောက်ကျခံကာ ထိုသူကို ကျွန်တော် တောင်းပန်၏၊ အသနားလည်းခံ၏။ သို့ရာတွင် သူ၏ မူလရပ်တည်ချက်မှ တစ်ရွေးမှမရွေ့၊ အခိုင်အခံ့ရပ်မြဲပင်။

ထိုသူကိုဆွဲခေါ်လာရန် မည်သို့မျှ မဖြစ်နိုင်သောအခါ ကျွန်တော်သည် ကိုယ့်သခင်မစင်တော်သို့ ပြန်ဆုတ်ရ၏။ အရေးတော် မလှကြောင်း အရှင်သခင်မကို သံတော်ဦးတင်ရ၏။

ရွှေမင်းသမီး၏မျက်နှာတော်သည် မည်း၍သွား၏။ တောက်တစ်ချက် ခပ်ပြင်းပြင်း ခေါက်လိုက်၏။ ထိုနောက် ဘာမပြော၊ ဘာမဆို

mgyoe.com

mgyoe.com


နှင့် ကျွန်တော့်ကို အဝတ်အစားများ အလဲခိုင်း၏။ သခင်မသည် သူကိုယ်တိုင် ကျွန်တော့်ကို ဖြီးလိမ်းပြင်ဆင်ပေး၏။ နောက်ဆုံး မျက်ခုံးမွေးကိုပင် ဆွဲပေး၏။ မင်းသမီး၏အပြုအမူကို ကျွန်တော်နားမလည်နိုင်ပေ။ သို့ရာတွင် ကျွန်တော်သည် ကျေးကျွန်မျှသာဖြစ်၏။ ထို့ကြောင့် သခင်မပြုပြင်စီရင်သမျှ ငြိမ်၍ခံ၏။

ဖြီးလိမ်းပြင်ဆင်ပြီး၍ ကိုယ်လုံးပေါ်မှန်ကြီးရှေ့တွင် ရပ်လိုက်သောအခါ ကျွန်တော်သည် ကိုယ့်ကိုယ်ကိုယ် မယုံကြည်နိုင်လောက်အောင်အံ့အားသင့်သွား၏။ မှန်ကြီးထဲတွင် ကျွန်တော်သည်မင်းသားချောမင်းသားနုဖြစ်နေ၏။ ဆင်ယင်ထုံးဖွဲ့မှုအရ ရွှေမင်းသမီးနှင့်လက်တွဲရန်အသင့်ဖြစ်နေ၏။ ထို့ကြောင့် ဇာတ်ပေါင်းဖို့သာ ရှိ၏။ သို့ရာတွင် ကျွန်တော့်စိတ်ဓာတ်မှုကား ထိုကိစ္စအတွက် အသင့်မရှိပေ။ စိတ်ဓာတ်သို့မဟုတ် စေတနာမပါဘဲ အဘယ်သူသည် လုပ်ငန်းတစ်ခုကို အောင်အောင်မြင်မြင် လုပ်ဆောင်နိုင်သနည်း။

ဇာတ်ခုံအောက်ရှိ ပရိသတ်ကြီးကို ရင်ဆိုင်ရန်အတွက် အေးသည်ကျွန်တော့်လက်ကို ဆွဲ၏။ သို့ရာတွင် ကျွန်တော်သည် ကျောက်ရုပ်အလားဖြစ်နေ၏။ ထို့ကြောင့် ရွှေမင်းသမီးနှင့် ဇာတ်ပေါင်းရန် အသင့်မရှိကြောင်း ကျွန်တော်သည် ထုတ်ဖော်ပြောကြားလိုက်ရ၏။

ကျေးကျွန်ထံမှ မမျှော်လင့်သောစကားကို ကြားလျှင် အရှင်သခင်မ၏ မျက်နှာတစ်ခုလုံး သွေးဆုတ်သွား၏။ ဖြူဖပ်ဖြူရော်ဖြစ်သွား၏။ သက်ပြင်းကိုချရင်း ချာခနဲလှည့်ကာ ကျွန်တော့်ကို ကျောခိုင်းလိုက်၏။ ထိုနောက် စင်ပေါ်မှပြေးဆင်းကာ ည၏အမှောင်ထုအတွင်း ပျောက်ကွယ်သွား၏။

ထိုအချိန်တွင် လင်းကြက်တွန်သံကို စ၍ ကြားရ၏။ အရုဏ်လည်း တက်လေပြီ။

mgyoe.com

mgyoe.com

# လွမ်းရွှေဂူ

## (၁)

အေးကို သင်္ဂြိုဟ်ပြီးစီးခဲ့သည်မှာလည်း ကြာပေပြီ။ သို့ရာတွင် ထို မိန်းကလေးသည် သေဆုံးနိုင်ခြင်းမရှိ၊ သင်္ချိုင်းကုန်းမှ မကြာမကြာ ထလာတတ်၏။

ထိုမိန်းကလေးအတွက် နောက်ဆုံး လုပ်အားပေးရစဉ်က ၎င်း၏ ရုပ်ကြွင်းကို ထည့်သွင်းမြှုပ်နှံရသော အုတ်ဂူအနီးတွင် စုစုပေါင်း လူငါး ဦးသာရှိ၏။ ထိုပရိသတ်မှာ သုဘရာဇာနှစ်ယောက်၊ ပန်းရန်ဆရာ နှစ်ယောက်နှင့် ကျွန်တော်ဖြစ်၏။ ကျွန်တော်ကလွဲလျှင် ကျန်ပရိသတ် သည် အလုပ်သဘောအရ ပါရှိနေခြင်းမျှသာဖြစ်၏။ ထိုသို့ဖြစ်ရခြင်း မှာလည်း သေဆုံးသူ၏ အလိုဆန္ဒနှင့် နောက်ဆုံးမှာကြားချက်များ အရသာဖြစ်၏။

ထိုမိန်းကလေး၏ ရုပ်ကြွင်းထည့်ထားသော သေတ္တာကို အုတ်ဂူ အတွင်းသို့ ကျကျနနထည့်သွင်းပြီးနောက် ပန်းရန်ဆရာနှစ်ဦးတို့က အပေါက်ကို စေ့စေ့စပ်စပ်ပိတ်ကြ၏။ ထိုအချိန်တွင် သုဘရာဇာနှစ် ယောက်တို့သည် ကျွန်တော်၏ စေခိုင်းချက်အရ မိန်းကလေး၏ အုတ်ဂူ

mgyoe.com

mgyoe.com


ပတ်ပတ်လည်တွင် နှင်းဆီပင်များ တူးဆွစိုက်ပျိုးလျက်ရှိကြ၏။ ကျွန်တော်သာ တစ်ယောက်တည်း သေဆုံးသူမိန်းကလေး၏ နောက်ဆုံးအချိန်ကို စောင့်ကြပ်ကြည့်ရှုနေခြင်းဖြစ်၏။

နေစွယ်ကျိုးသောအခါ ဘဝတစ်ပါးသို့ ပြောင်းသွားသော မိန်းကလေးအတွက် နောက်ဆုံးပြုဖွယ်ကိစ္စကို ကောင်းစွာဆောင်ရွက်ပြီးစီး၏။ သုဘရာဇာနှစ်ယောက်နှင့် ပန်းရန်ဆရာနှစ်ယောက်တို့သည် သူတို့ အလုပ်တာဝန်များပြီးဆုံး၍ သူတို့၏လုပ်အားအတွက် အဖိုးအခများပါ စိတ်ကျေနပ်ဖွယ်ရရှိကြသဖြင့် သူတို့၏ကုန်လုပ်ကိရိယာများ သိမ်းဆည်းကာ ပြန်ကြ၏။ ကျွန်တော်သာ တစ်ယောက်တည်း သေဆုံးသွားသော မိန်းကလေး၏အုတ်ဂူဘေးတွင် ကျန်ရစ်၏။

သေဆုံးသွားသူ၏အလိုဆန္ဒအတိုင်း သူမ၏ ရုပ်ကလာပ်အကြွင်းကို သင်္ဂြိုဟ်ပြီးစီးပြီ။ ကျွန်တော်၏တာဝန်လည်း ကုန်ဆုံးခဲ့ပြီ။ သို့ရာတွင် မြေကြီးသြဇာအဖြစ်သို့ ရောက်ရှိလေပြီဖြစ်သော ထိုမိန်းကလေး၏အနီးမှ ကျွန်တော်သည် တော်တော်နှင့်မခွာနိုင်ပေ။ ငှက်လွန်းကြင်ပမာ တဝဲလည်လည်ရှိနေ၏။ ယောင်တီးယောင်တ ဖြစ်လျက်ရှိ၏။

လေသုတ်လာသဖြင့် ဘုတ်အိသံကိုကြားရ၏။ ကျီးငှက်တို့လည်း အိပ်တန်းသို့ ပျံကြပြီ။ တစ်ချက်တစ်ချက်တွင် ချိုးကူသံကို လွမ်းဆွတ်ဖွယ်ကြားရ၏။ နေလုံးပျောက်ခါမှ မိမိ၏လေးလံသော ခြေလှမ်းများကို မသယ်ချင်သယ်ချင်နှင့် သယ်ကာ အုတ်ဂူအနီးမှခွာရ၏။ နေအိမ်သို့ ပင်ပင်ပန်းပန်း ပြန်ရ၏။

အေးကို သင်္ဂြိုဟ်ပြီးစီးခဲ့သည်မှာလည်း ကြာပေပြီ။ သို့ရာတွင် ထိုမိန်းကလေးသည် သေဆုံးခြင်းမရှိ၊ သင်္ချိုင်းကုန်းမှ မကြာမကြာ ထလာတတ်၏။

mgyoe.com

mgyoe.com


# (၂)

အေးကို မြှုပ်နှံပြီးခဲ့သည်မှာလည်း ကြာပေပြီ။ ရက် လများသာမက နှစ်များပင် ကုန်လွန်ခဲ့ပြီ။ သို့ရာတွင် ထိုမိန်းကလေးသည် အသက်ပြင်း၏။ ယခုတိုင် သေဆုံးခြင်းမရှိသေး။ သင်္ချိုင်းကုန်းမှ မကြာမကြာ ထလာတတ်၏။

လမင်း ထိန်ထိန်သာသာ ညများတွင် ကျွန်တော့်ထံသို့ ထိုမိန်းကလေး မှန်မှန်လာ၏။ မိုးသည်းထန်သောညများနှင့် နွေဝင် ဆောင်းရက်များတွင်လည်း လာတတ်၏။ နှင်းဆီပန်းများပွင့်သော ညများတွင် မပျက်မကွက် ဆက်ဆက်လာ၏။

အေး လာရောက်သော ည ညများတွင် ည၏ဆုံးအံ့မထင်ရသော ဝက်ပါခရီးကို ပင်ပန်းကြီးစွာဖြတ်ရ၏။ ကိုယ့်ကိုယ်ကိုယ်နှင့်လည်း လုံးထွေးသတ်ပုတ်ရ၏။ ကိုယ့်ရင်ညွန့်ကို ကိုယ့်ဒူးနှင့် ကိုယ်တိုက်ရသော အလုပ်သည် နာကျင်ပင်ပန်း၏။ ကိုယ့်လည်မျို ကိုယ့်ဟာကိုယ် ဖျစ်ရညှစ်ရသော အမှုသည် သက်သာသည်မဟုတ်။ ည၏ဝက်ပါခရီး ဆုံး၍ မိုးစင်စင်လင်းသောအခါလည်း ထိုမိန်းကလေးသည် သူ့နေရာသို့ သူမပြန်၊ ပေကတ်လျက်ရှိ၏။ ကျားပိန်တွယ် တွယ်၏။ ထို့ကြောင့် ကျွန်တော်သည် ထိုကျားပိန်ကလေးကို သူ့နေရာသို့ ပြန်ပို့ရ၏။ အုတ်ဂူအတွင်းသို့ မိမိဘာသာ တစ်ယောက်တည်း ထည့်သွင်းမြှုပ်နှံရ၏။

ထိုမိန်းကလေးကို ပြန်လည်မြှုပ်နှံသင်္ဂြိုဟ်ရသော အကြိမ်အခါပေါင်းမှာလည်း ရေတွက်ခြင်းငှာ မတတ်နိုင်တော့၊ များလှပြီ။ ယင်းသို့ အကြိမ်ကြိမ်အခါခါ မြှုပ်နှံလျက်ရှိသည့်အကြားမှပင် ထိုမိန်းကလေးသည် သေဆုံးခြင်းပြုရန် အကြောက်အကန်ငြင်းဆန်လျက်ရှိ၏။ သင်္ချိုင်းကုန်းမှ မကြာမကြာ ထ၍ထ၍ လာ၏။

ကျွန်တော် ဘာလုပ်ရမည်နည်း။

mgyoe.com

mgyoe.com


ခြံဝင်းတံခါးကို လုံခြုံစွာပိတ်ကာ အစောင့်လည်း ချထား၏။ အိမ်တံခါးအထပ်ထပ်ကို စေ့စပ်သေချာစွာ ပိတ်ပြီးနောက် စောင်ခေါင်းမြီးခြုံရ၏။ ဤသို့ ကာရံတားဆီးထားသည့် အကြားမှပင် ထိုမိန်းကလေးသည် တစ်နည်းမဟုတ်လျှင် တစ်နည်းနည်းနှင့် ကျွန်တော့်ထံသို့ မရောက်ရောက်အောင် လာတတ်၏။ လရောင်ကို ယီးလေးခို၍ဖြစ်စေ၊ ပန်းရနံ့ကလေးများအကြားတွင် ခိုအောင်း၍ဖြစ်စေ လာတတ်သကဲ့သို့ လေဟုန်ကိုစီး၍ ဖြစ်စေ၊ တေးဂီတသံနှင့်ရောထွေး၍ဖြစ်စေ လိုက်ပါလာလေ့ရှိ၏။

ကျွန်တော် ဘာလုပ်ရမည်နည်း။ အဘယ်သို့၊ အဘယ်ပုံ တားဆီးခုခံရမည်နည်း။

ည၏ဝက်ပါခရီးကြမ်းကို လျှောက်လိုက်ရဖန် များလတ်သော် ကျွန်တော်သည် ထိုမိန်းကလေး၏ ဆိုးမျိုးကို မခံနိုင်ဖြစ်လာ၏။ သို့ရာတွင် ထိုမိန်းကလေးကိုလည်း ကျွန်တော်သည် ပယ်လှန်နိုင်စွမ်း မရှိချေ။ သို့ကြောင့် ထိုမိန်းကလေးကို ကျွန်တော် တောင်းပန်တိုးလျှိုးရ၏။ သို့ရာတွင် မိန်းကလေးသည် ခေါင်းမာ၏။ ကျွန်တော်၏ တိုးလျှိုးတောင်းပန်သံကို နားမညောင်း။ နဂိုအတိုင်း လာမြဲလာ၏။ ည၏ဝက်ပါခရီးကိုလျှောက်မြဲတိုင်း လျှောက်ခိုင်း၏။ တစ်ယောက်တည်းကိုယ့်ကိုယ်နှင့် ကိုယ်နပန်းလုံးလျက်ရှိသော ကျွန်တော့်ကို မလှမ်းမကမ်းမှ ခါးထောက်ရှုကြည့်ကာ အသံကလေးများထွက်လာအောင် ရယ်မောတတ်၏။ ကိုယ့်ရင်ညွန့်ကို ကိုယ့်ဒူးနှင့်ကိုယ် တိုက်နေရသော ကျွန်တော့်ကို လက်ခုပ်တီး၊ လက်ဝါးတီးကာ ဩဘာပေးတတ်၏။

ကျွန်တော် ဘာလုပ်ရမည်နည်း။

mgyoe.com

mgyoe.com


## (၃)

မိမိသာလျှင် မိမိ၏ကိုးကွယ်ရာဆိုသော ဩဝါဒစကားတစ်ရပ် ရှိ၏။ ထို့ကြောင့် ဘာလုပ်ရမည်နည်း၊ ဘာကိုင်ရမည်နည်းဟူ၍ ထပ်တလဲလဲ မြည်တမ်းနေခြင်းသည် ဘာမျှအဓိပ္ပာယ်မရှိချေ။ အရာလည်းမထင်ပေ။ လူတို့သည် ကိုယ့်ဝန်ကိုယ်ထမ်းကာ ကိုယ့်လမ်းကိုယ်သွားကြရသည် မဟုတ်သလော။ သဘာဝမိခင်က ကိုယ့်ဝန်ကိုယ်ထမ်းရန်အတွက် ပခုံးနှစ်ဖက်ပေးထား၏။

ည၏ဆုံးအံ့မထင်သော ဝဋ်ပါခရီးကို နှစ်ရှည်လများ လျှောက်လိုက်နေရသောအခါ တစပြင်မှ မကြာမကြာထလာပြီးလျှင် ခြောက်လှန့်ဖမ်းစားလျက်ရှိသော ထိုမိန်းကလေးတစ်ယောက်နှင့် အပြီးအပြတ်စာရင်းရှင်းရန် ကျွန်တော်သည် စဉ်းစားကြံစည်ရ၏။ နည်းလမ်းများကို ဖွေရှာ ကြံဆရ၏။

ဆွေးမြည့်ကာ မြေကြီးသြဇာဖြစ်တန်လောက်ပြီဖြစ်သော ထိုမိန်းကလေးသည် အသက်နှင့်ကိုယ်နှင့်ဖြစ်သောလူတစ်ယောက်ကို အဘယ်ကြောင့် ယခုကဲ့သို့ နှစ်ရှည်လများ ဖမ်းစားခြောက်လှန့်နိုင်ရသနည်း။ မြေကြီးသြဇာဖြစ်နေသော ထိုမိန်းကလေးသည် တစပြင်မှ အဘယ်သို့ထလာနိုင်ပါမည်နည်း။ တကယ်ထလာနိုင်ပါမည်လော။ တကယ်ခြောက်လှန့်ဖမ်းစားနိုင်သလော။

သေသူတစ်ဦး၏ ခြောက်လှန့်ဖမ်းစားခြင်းခံနေရသည်မှာ ကျွန်တော့်အတွက် တကယ်ပင်ဖြစ်၏။ ထိုသို့ ခြောက်လှန့်ဖမ်းစားခြင်းခံရတိုင်း အလူးအလဲခံနေရသည်မှာလည်း ကျွန်တော့်အတွက် အမှန်ပင်ဖြစ်၏။ သို့ရာတွင် မြေကြီးသြဇာဖြစ်နေသော သေသူတစ်ဦးသည် တစပြင်မှ တကယ်ထလာ မလာနှင့် တကယ်ခြောက် မခြောက်သော ပြဿနာသာကျန်၏။ ကျွန်တော်သည် ထိုသို့စဉ်းစားလာရ၏။ သို့

mgyoe.com

mgyoe.com


မဟုတ် ကိုယ့်ဟာကိုယ် ဖမ်းစားခြောက်လှန့်နေခြင်းဖြစ်သလော။ ဤသို့လည်း ကျွန်တော်သည် စဉ်းစားရပြန်၏။

ဖြစ်ပျက်မှုတစ်ခု၏ အရင်းခံအကြောင်းကို အဘယ်သို့ စူးစမ်းဖွေရှာကြသနည်း။ ယင်းအဖြစ်အပျက်၏ အပြင်အပ၌ ဖွေရှာမည်လော။ အတွင်းသဏ္ဍာန်၌ ဖွေရှာမည်လော။ အတွင်းရော အပြင်ပါ စိစစ်ရှာဖွေရမည်ဖြစ်သော်လည်း ဘယ်သင်းကို အဓိကထားမည်နည်း။

ဘယ်သူမပြု မိမိမှုဆိုသော အညွှန်းစကားတစ်ရပ်ကို သတိချပ်ရာ၏။

အခြေခံအမှုန်ကအစ ဧရာမ ကြယ်ဘီလူးကြီးများအပါအဝင် ခပ်သိမ်းကုန်သော သက်မဲ့ရုပ်တို့သည်လည်းကောင်း၊ ဗိုင်းရပ်ပိုးကအစ လူသားအပါအဝင် ဝေလငါးကြီးများအထိ ရှိကြသော သက်ရှိရုပ်တို့သည်လည်းကောင်း ဖြစ်ပျက်လျက်ရှိကြ၏။ သုံးပါးလောကတစ်ခွင် ဖြစ်ပျက်ခြင်းနှင့်ကင်းသော အရာဝတ္ထု ဘာတစ်ခုမျှ မရှိချေ။ ယင်းသို့ မရပ်မနားဖြစ်ပျက်လျက်ရှိခြင်း၏ အရင်းခံအကြောင်းကို ဖွေရှာစူးစမ်းသောအခါ ယေဘုယျအနေနှင့် အရာဝတ္ထုတို့၏အတွင်းပယောဂကသာ လျှင် အဓိကနှင့် အဆုံးအဖြတ်ဖြစ်ကြောင်းတွေ့ရ၏။ အပြင်အပမှ ပယောဂသည် ဒုတိယမျှသာဖြစ်၏။ သို့ရာတွင် ခြွင်းချက်မရှိဟူ၍ကား မဆိုပေ။

ယင်းနိယာမကို အညွှန်းပြုကာ ထမင်းလုံးတစ္ဆေအခြောက်ခံနေရသော ညများ၏အရင်းခံအကြောင်းကို ဖွေရှာစူးစမ်းသောအခါ ကိုယ့်ဟာကိုယ် ဖမ်းစားခြောက်လှန့်လျက်ရှိသော မိမိ၏အဖြစ်၌ လမ်းဆုံးနေသည်ကို ကျွန်တော် တွေ့ရ၏။ လူ့ဘူးတောင်းဖြစ်နေရသော ကိုယ့်အဖြစ်ကို တွေ့ရ၏။

ကိုယ်ခင်းသောဇာတ် အကွက်လည်အောင် မကနိုင်ရှာသဖြင့် အေး အမည်ရှိသော မိန်းကလေးတစ်ယောက်သည် လောကဇာတ်ခုံ

mgyoe.com

mgyoe.com


ထက်မှ အပြီးအပြတ် ထွက်ပြေးသွားလေပြီ။ အတိုင်းမရှိသော အမှောင်ထု ကြီးအတွင်းဝယ် ပျောက်ကွယ်၍ သွားလေပြီ။ ထိုမိန်းကလေးသည် လူ့လောကသို့ နောက်ထပ်တစ်ဖန် ပြန်၍ မလာနိုင်တော့၊ ပြန်လာစရာ လမ်းလည်းမရှိတော့။ ဖောင်ဖျက်ထားပြီးလေပြီ။ ကျွန်တော်တစ်ယောက် ကသာ ထိုမိန်းကလေး ပြန်လာလိမ့်နိုးနိုးနှင့် မျှော်တလင့်လင့်ဖြစ်နေ ခြင်းမျှဖြစ်၏။ လွမ်းတသသဖြစ်နေခြင်းလည်း ဖြစ်၏။

ဖောင်ဖျက်ပြီးနောက် ထိုမိန်းကလေးသည် အတိုင်းအဆမရှိသော မှောင်ထုကြီးအတွင်း တိုးဝှေ့ဝင်ရောက်သွားလေပြီ။ ပြန်လာစရာလမ်း လည်း မရှိတော့။ သို့ရာတွင် ထိုမိန်းကလေး၏အငွေ့အသက်နှင့် လက်စ လက်နကလေးများသည် ကျွန်တော့်ဝန်းကျင်တွင် ကျန်ရစ်လျက်ရှိ၏။ ထို့ထက် ထိုမိန်းကလေး၏ဝိညာဉ်သည် ကျွန်တော့်နှလုံးသားအတွင်း ငြိတွယ်ကျန်ရစ်လျက်ရှိနေခြင်းပင်ဖြစ်၏။ မိန်းကလေး၏ ဝိညာဉ်သည် နှလုံးသားအတွင်း၌ အငြိမ်မနေ၊ သွေးကြောများအတွင်း လှုပ်ရှား ဆော့ ကစားတတ်၏။ ယင်းကမှတစ်ဆင့် မကြာမကြာ ဦးနှောက်အတွင်းသို့ တိုးဝှေ့ဝင်ရောက်လေ့ရှိ၏။ ထိုအခါများ၌ သေဆုံးသူ ထိုမိန်းကလေး သည် သင်္ချိုင်းကုန်းမှထ၍ ထ၍ လာခြင်းပင်ဖြစ်တန်ရာ၏။ ကျွန်တော် သည်လည်း ည၏ဝက်ပါခရီးတွင် ကိုယ့်ရင်ညွှန့်ကို ကိုယ့်ဒူးနှင့်ကိုယ် တိုက်နေရခြင်းပင်ဖြစ်တန်ရာ၏။

(၄)

အေးကို သင်္ဂြိုဟ်ပြီးစီးခဲ့သည်မှာလည်း ကြာပေပြီ။ သို့ရာတွင် ထိုမိန်းကလေးသည် ယခုထက်တိုင် သေဆုံးခြင်း မရှိသေးပေ။ သင်္ချိုင်း ကုန်းမှ မကြာမကြာ ထလာတတ်၏။ ယင်းသို့ ထလာတတ်သောအခါ များတိုင်း အခြားတစ်ပါးသော အရပ်သို့လည်း မသွား၊ ကျွန်တော့်ထံ

mgyoe.com

mgyoe.com


သို့သော စိုက်လိုက်မတ်တတ်လာ၏။ ဆုံးအုံ့မထင်သော ည၏ဝက်ပါ ခရီးကို ကျွန်တော့်အား အလျှော့ာက်ခိုင်း၏။ လက်ခုပ်လက်ဝါးတီး၍ ဘေးမှမြှော့က်ပင့်ပေး၏။

ယခုအခါတွင် ထို "လက်သမား" ကို ကျွန်တော်တွေ့လေပြီ။ ထို့ကြောင့် ည၏သံသရာဝဲသြဃများအတွင်း ကျွန်တော့်ကို အကြိမ်ပေါင်းများစွာ ဆွဲ၍ ဆွဲ၍ချခဲ့သော ထို"လက်သမား"နှင့်အပြီးအပြတ် စာရင်းရှင်းရလိမ့်မည်ဖြစ်၏။ ည၏သံသရာကို ရှည်လျားစေခဲ့သော ထို "လက်သမား" ကို သံယောဇဉ်ကြီးနေ၍ မဖြစ်တော့ချေ။ ကိုယ်သော နစ်မွန်းဖို့ ဖြစ်ချေ၏။

ထိုမိန်းကလေး သေဆုံးစဉ်က သေသူ၏ ရုပ်ကလာပ်အကြွင်းကိုသာ ကျွန်တော်သည် ဂူသွင်းမြှုပ်နှံ၏။ ထိုမိန်းကလေး၏ဝိညာဉ်ကို မူကား အလားတူ ဂူသွင်းမြှုပ်နှံခြင်းမပြုခဲ့။ မိမိ၏ရင်၌ဖြစ်သော နှလုံးအိမ်အတွင်း၌သာ မြှုပ်နှံထားခဲ့၏။ ထို့ကြောင့် ယခုအခါ မိမိ၏ရင်ထဲ နှလုံးထဲ၌ မြှုပ်နှံထားခဲ့သော သေဆုံးသူ ထိုမိန်းကလေး၏ ဝိညာဉ်ကို ကျွန်တော် အန်ထုတ်ရတော့မည်။ အပြီးအပိုင် ရှင်းလင်း ဂူသွင်းရချိမ့်မည်။ ပြန်၍ ထမလာနိုင်သော တစပြင်၌ မြှုပ်နှံရချိမ့်မည်။ တကယ်ဆိုတော့ ဤဝတ္ထုသည် အေး၏ဝိညာဉ်ကို မိမိရင်ထဲ နှလုံးထဲမှ အန်ထုတ်၍ အပြီးအပိုင် မြှုပ်နှံခြင်းပြုသော ကျွန်တော်၏ "လွမ်းချွေဂူ" မျှသာ ဖြစ်၏။

စင်စစ်ဤဝတ္ထုသည် အေး အမည်ရှိ မိန်းကလေးတစ်ဦး၏ အကြောင်းအရာနှင့် အဖြစ်အပျက်မျှသာဖြစ်သော်လည်း ထိုမိန်းကလေး၏ အကျိုးစီးပွားအတွက်ရေးခြင်းကား မဟုတ်၊ မိမိအကျိုးပွားစီးရေး အတွက် ရေးခြင်းမျှသာ ဖြစ်၏။ ထိုအကြောင်း ကျွန်တော်ဆိုခဲ့ပြီ။

မည်ကဲ့သို့ပင်ရှိစေ ကိုယ့်အဖို့ မရေးလျှင်လည်း မဖြစ်သော ဝတ္ထုတစ်ပုဒ်ကို ကျွန်တော် စခဲ့ပြီ။ ကျားမြီးဆွဲသူသည် ကျားကိစ္စ မပြီးမချင်း

mgyoe.com

mgyoe.com


လွှတ်၍မဖြစ်။ အလားတူ ကျွန်တော်သည်လည်း ကိုယ်စမိသော ဇာတ်ကို ကိုယ့်ဟာနှင့်ကိုယ်၊ ကိုယ့်နည်းနှင့်ကိုယ် ဆုံးခန်းတိုင် သယ်ရချိမ့်မည် ဖြစ်ပါ၏။

*

mgyoe.com

mgyoe.com

# အဆုံးမှ စရသော ဤဝတ္ထု

(၁)

"လွမ်းရွှေဂူ" ကိုစ၍ ဖွင့်သည်နှင့် စာရေးသူနှင့် ဇာတ်ကောင်၏ ပဋိပက္ခလည်း စတင်၏။ ထိုအကြောင်းကို ကျွန်တော် ရည်ညွှန်းခဲ့ပြီး ဖြစ်၏။

တစ်ညသသ၌ နှင်းဆီမြိုင်ခြံကြီးအနီးရှိ တစ်ခုသော တောအုပ်အတွင်း အခိုးအငွေ့များဖြစ်ကာ ပျောက်ကွယ်သွားသော မိန်းကလေးသည် ပြန်လည်၍ အသက်ဝင်လာ၏။ လူးလွန့်လှုပ်ရှားလာ၏။ တစ်စနှင့်တစ်စ အကောင်အထည်ဖြစ်လာ၏။ သွေးနှင့်ကိုယ်၊ သားနှင့်ကိုယ် ဖြစ်လာ၏။ သို့ရာတွင် နှင်းဆီမြိုင်၌ ညတစ်ညတွင် စာရေးသူ ဆင်မြန်းပေးခဲ့သော ထဘီပြာပြာ၊ အင်္ကျီဖြူဖြူ၊ ဆံပင်ဖားလျားနှင့်ကား မဟုတ်တော့။ ထဘီနီနှင့် အင်္ကျီနီကို သူ့သဘောနှင့်သူ ဆင်မြန်းလာ၏။ ဦးခေါင်းတွင်လည်း နှင်းဆီပန်းများ ဝေနေအောင် ပန်ဆင်ထား၏။ မျက်လုံးအိမ်တွင်လည်း မျက်ရည်စ၊ မျက်ရည်နကလေးများ မရှိတော့။ မျက်နှာတစ်ခုလုံး ရောင်စုံခြယ်ထားသဖြင့် ကော့ပျံ၍နေ၏။

ကျွန်တော်သည် များစွာ အံ့အားသင့်လျက်ရှိ၏။ ခက်ချေပြီ။

ဇာတ်ကောင်မိန်းကလေးသည် ထိုမျှနှင့်ရပ်၍မနေလိုက်သေး။

mgyoe.com

mgyoe.com



စာရေးသူ့စားပွဲထိပ်တွင် ခါးထောက်ကာ လာ၍ ရပ်၏။ သူ့ဝတ္ထုကို အဘယ်ပုံ၊ အဘယ်နည်းရေးရမည် စသည်ဖြင့် ဩဝါဒပေး၏။ ဩဇာ မာလကာတွေလည်း ပေးလာ၏။

ခက်ချေပြီ။ ဇာတ်ကောင် အရေးခိုင်းသည့်အတိုင်း ထိုဝတ္ထုကို ကျွန်တော် အဘယ်သို့ရေးရပါမည်နည်း။ ကျွန်တော်သည် ဇာတ်ကောင် မဟုတ်ပေ။ သို့ရာတွင် ဇာတ်ကောင်က စာရေးသူ့နေရာကို ဝင်လုလျက် ရှိ၏။ ခက်ချေပြီ။

စာရေးသူသည် ထိုမိန်းကလေး၏ဝတ္ထုကို ရန်ကုန်–မန္တလေး လမ်းမကြီးနှင့် မလှမ်းမကမ်းရှိ ကျေးရွာတစ်ရွာမှ စရန်ပြင်ဆင်၏။ သို့ရာတွင် ဇာတ်ကောင်မိန်းကလေးက သူ့ဝတ္ထုကို ရန်ကုန် နေပြည် တော်ရှိ အင်းလျားကန်ဟိုတယ်၊ သို့မဟုတ် ကမ်းနားလမ်းဟိုတယ်မှ စတင်ရန် တောင်းဆိုလျက်ရှိ၏။

စင်စစ် အေးသည် ကျေးလက်၏ရလဒ်မျှသာ ဖြစ်၏။ လယ် ကွင်း၊ ရွှံ့ဗွက်၊ မှက်၊ ခြင်နှင့် ကိုင်းတောများအကြားတွင် မွေးဖွား၏။ သို့ရာတွင် ထမင်းကြမ်းခဲ၊ ထန်းလျက်နှင့် ရေနွေးကြမ်း စသည်တို့ကို ထိုမိန်းကလေးသည် မသုံးစားလို။ ကြက်ဥ တစ်ဝက်ကျက် အကြော်၊ ဝက်ပေါင်ခြောက်၊ ပေါင်မုန့် ထောပတ်သုတ်နှင့် ကော်ဖီများကိုသာ သုံးဆောင်လို၏။ ထိုမိန်းကလေးသည် သနပ်ခါးရေကျဲကို မလိမ်းလို၊ ပေါင်ဒါ၊ ကော့(စ်)မစ်တစ်နှင့် ဂိုယာရေမွှေးစသည်တို့ကိုသာ သုံးစွဲလို ၏။ ထို့အတွက် ကျေးတောသူ မိအေးကို အပြစ်ဆိုရန် အကြောင်းမရှိ ပေ။ ရှုတ်ချ ကဲ့ရဲ့ရန်လည်း မသင့်ပေ။ လူမှန်သမျှ အကောင်းကြိုက်၏။ လူတိုင်း လူတိုင်း တူမျှသော အခွင့်အရေးနှင့် ခံစားခွင့်များရှိသင့်သည် မဟုတ်သလော။

စာရေးသူက ကျေးရွာလယ်ကွင်း၊ ရွှံ့ဗွက်၊ မှက်ခြင်ကိုင်းတော၊

mgyoe.com

mgyoe.com


ထမင်းကြမ်းခဲ၊ ထန်းလျက်နှင့် ရေနွေးကြမ်း စသော ဝတ္ထုပစ္စည်းများကို စုဆောင်းပြင်ဆင်လျက်ရှိစဉ်၊ ဇာတ်ကောင် မိန်းကလေးက နေပြည်တော်၊ ဟိုတယ်၊ ကြက်ဥ၊ ထောပတ်၊ ပေါင်မုန့်၊ ဝက်ပေါင်ခြောက်၊ ကော်ဖီ၊ ရေမွှေး၊ မက္က(စ်)ဖစ်တာ၊ ကော့(စ်)မစ်တစ်၊ ပေါင်ဒါနှင့် နှုတ်ခမ်းဆိုးဆေး စသည်တို့ကို စာရေးသူ့စားပွဲပေါ်တွင် တန်းစီပေးလျက်ရှိ၏။

ခက်ချေပြီ။

လွမ်းရွှေဂူသည် စကတည်းကပင် ပဋိပက္ခနှင့်စရ၏။

## (၂)

စာရေးသူနှင့် ဇာတ်ကောင်တို့၏ ဆက်ဆံရေးသည် နူးညံ့သိမ်မွေ့၏။ လျှို့ဝှက်ဆန်းကြယ်၏။ လွယ်ယောင်နှင့် ခက်ပြီး ခက်ယောင်နှင့် လည်းလွယ်၏။ အထူးသဖြင့် စာရေးသူ၏အတွေ့အကြုံနှင့် အမြော်အမြင်ရှိမှု၊ မရှိမှုပေါ်တွင်တည်၏။ သို့ရာတွင် ဇာတ်ကောင်၏ သဘာဝသည်လည်း အရေးပါ၏။ အဆုံးအဖြတ်ကား မဟုတ်ချေ။

စာရေးသူနှင့် ဇာတ်ကောင်တို့၏ ဆက်ဆံရေးသည် ကြိုးဆွဲသူနှင့် ရုပ်သေးရုပ်တို့၏ ဆက်ဆံရေးမျိုးမဟုတ်ချေ။ မိဘနှင့်သားသမီးတို့၏ ဆက်ဆံရေးမျိုး ခပ်ဆင်ဆင်ဖြစ်၏။ စင်တော်ကြီးမှ ကြိုးဆွဲဆရာသည် သူရိုက်ထားသော အကွက်အတိုင်း လှုပ်ရှားကပြရန် အရုပ်ကို ကိုင်လေ့၊ ဆွဲလေ့ရှိ၏။ ယင်းသို့ အကွက် မဝင်၊ ဝင်အောင် ဆွဲတတ်၊ ကိုင်တတ်၏။ မိဘတို့သည်၊ အထူးသဖြင့် အမြော်အမြင်ရှိသော မိဘတို့သည် မိမိတို့ မွေးထုတ်ထားသော သားသမီးဖြစ်စေကာမူ ကြိုးဆွဲဆရာကဲ့သို့ ၎င်းတို့၏သားသမီးများကို အကွက်ရိုက် ကြိုးဆွဲကာ ပုံသွင်းခြင်း ပြုလေ့မရှိကြချေ။ သက်ရှိရုပ်ကဲ့သို့ လေးလေးစားစား ဆက်ဆံတတ်ကြ၏။ ညင်ညင်သာသာ ဆွဲဆောင်တည့်မတ်ပေးရှိကြ၏။

mgyoe.com

mgyoe.com



စာရေးသူတို့သည်လည်း မိဘနှင့် သားသမီးတို့၏ ဆက်ဆံရေး အလားတူပင် မိမိတို့အသက်သွင်းလိုက်သော ဇာတ်ကောင်တို့ကို ကိုင်တွယ်ဆက်ဆံကြရ၏။ ကြိုးဆွဲဆရာအလား မိမိ၏ဇာတ်ကောင်ကို ပုံရိုက်သွင်းပါက ထိုဇာတ်ကောင်သည် အသက်မဝင်တော့ဘဲ ရုပ်သေးရုပ် ဖြစ်သွားရာ၏။ အမြော်အမြင်ခေါင်းပါးသော မိဘများအလား မိမိတို့၏ဇာတ်ကောင်ကို ထိန်းကျောင်းတည့်မတ်ပေးခြင်း အလျှင်းမပြုဘဲ လွှတ်ပေးထားပါက ဇာတ်ကောင်သည် ပရမ်းပတာ လျှောက်လုပ်ရာ၏။ ထိုအစွန်းနှစ်စွန်းကို ရှောင်ကြဉ်ရာ၏။

ဂျာမန်စာပေ၌ ဂါတေးသည် လက်ာနှင့်ပြဇာတ်ဆရာကြီး တစ်ဆူ အဖြစ်ဖြင့် ထင်ရှားကျော်ကြား၏။ တစ်ခါသော် ဂါတေးသည် ထိန်းကျောင်းရခက်သော ဇာတ်ကောင်တစ်ကောင်ကို ဆတ်ဆော့ကာ အသက်သွင်း၏။ ယင်းဇာတ်ကောင်သည် အသက်ဝင်ကာ တွေ့ရာ မြင်ရာ လျှောက်၍ရမ်းသဖြင့် ဂါတေးသည် သွက်သွက်လည်ရ၏။ နှစ်ပေါင်း နှစ်ထောင်ကျော်လောက်က သေဆုံးသွားသော အလှဘုရင် ဟယ်လင် မင်းသမီးနှင့် ပေါင်းဖက်လိုကြောင်း ဆန္ဒပြတောင်းဆိုသဖြင့် ဂါတေး သည် ရှာကြံပေးရ၏။ ထို့ကြောင့် လူလွန်မသား ဇာတ်ကောင်နှင့် ရေးရသော ပြဇာတ်ကို တော်တော်နှင့် အပြီးမသတ်နိုင်ချေ။ နှစ်ပေါင်း အစိတ် သုံးဆယ်ခန့်မျှ ကြာမြင့်၏။ ဂါတေး၏ ယင်းပြဇာတ်မှာ ကျော်စောကိတ္တိ မပျောက်ပျက်နိုင်သော "ဖော့(စ်)"ပင် ဖြစ်၏။

ဆိုဗီယက်စာပေတွင်လည်း အများတကာထက် ခေါင်းတစ်လုံး မြင့်သော စာရေးဆရာကြီးတစ်ဦးရှိ၏။ မက္ကဇင်ဂေါ်ကီဆိုသူပင်ဖြစ်၏။ တစ်ခါသော် ဂေါ်ကီသည် ငါမနိုင်မသား ဇာတ်ကောင်တစ်ကောင်ကို အသက်သွင်းမိ၏။ ထိုသတ္တဝါသည် ကောင်းစွာအသက်ဝင်လာကာ ထင်ရာစိုင်းလေ၏။ ရေခဲလောက်အောင် ချမ်းအေးသော ရုရှားဆောင်း

mgyoe.com

mgyoe.com


ရာသီတွင် ထိုဇာတ်ကောင်သည် နွေကာလ၌ ဝတ်ရသော အင်္ကျီပါး ကလေးနှင့် လမ်းသလား၏။ သူ့ကိုဖန်ဆင်းသော ဘုရား၏စကားကို လည်း လားလားမျှ အရေးမထား။ လင်ကြီးငတ်တုတ်နှင့် မိန်းမတစ်ဦး ကိုလည်း ကိုးရိုးကားရားလုပ်၏။ မိမိအသက်သွင်းသော ဇာတ်ကောင် ကို အဘယ်သို့မျှ ထိန်းကျောင်း၍မရသောအခါ ဂေါ်ကီသည် ထိုဝတ္ထု ကြီးကို တစ်ပိုင်းတန်းလန်းနှင့် မီးရှို့ပစ်လိုက်ရ၏။ ထိုအကြောင်းနှင့် အဖြစ်ကို "ဝတ္ထုတစ်ပုဒ်၏အကြောင်း" အမည်ရှိ ဝတ္ထုတစ်ပုဒ်တွင် ထုတ် ဖော် ဝန်ခံထား၏။

အလားတူပင် မြန်မာစာပေ၌လည်း ထင်ရှားသောသာဓကတစ်ရပ် ရှိ၏။ ယင်းမှာ စာရေးဆရာကြီး ဦးကြီး(ဝန်စာရေး)နှင့် လူရမ်းကား ကြီး မောင်မှိုင်းတို့၏ဆက်ဆံရေးပင်ဖြစ်၏။ ဦးကြီး အသက်သွင်းလိုက် သဖြင့် ကောင်းစွာ အသက်ဝင်လျက်ရှိသော မောင်မှိုင်းသည် ဧရာဝတီ မြစ်ရိုးတစ်လျှောက် တစ်ရွာတစ်ကျီဆောက်ကာ မယားတွေ ပစ်စလက် ခတ်လျှောက်ယူ၏။ မြန်မာ့ဓလေ့ထုံးစံနှင့်လည်းကောင်း၊ ယဉ်ကျေးမှု အစဉ်အလာများနှင့်လည်းကောင်း ဖြောင့်ဖြောင့်ကြီးဆန့်ကျင်လျက် ရှိသော ကြာသမားမောင်မှိုင်းကို ဦးကြီးသည် မည်သို့မျှ ထိန်းကျောင်း မရသည့် အဆုံးတွင် လက်မြှောက်လိုက်ရ၏။ သို့ရာတွင် ဦးကြီးသည် ဖန်ဆင်းရှင်ဖြစ်ရကား မောင်မှိုင်းဝတ္ထုကို တစ်ပိုင်းတန်းလန်းနှင့် ရပ်ပစ် လိုက်၏။ ထို့ကြောင့် "ချဉ်ပေါင်ရွက်သည်မောင်မှိုင်း" ဝတ္ထုကြီးသည် အဆုံးမသတ်ဘဲ ရှိနေခဲ့ရကြောင်း အဆိုအမိန့်များရှိ၏။

ထိုကြောင့် စာရေးသူနှင့် ဇာတ်ကောင်တို့၏ ဆက်ဆံရေးသည် နူးညံ့သိမ်မွေ့၏။ လျို့ဝှက်ဆန်းကြယ်၏ဟုဆိုခဲ့ခြင်းဖြစ်၏။

mgyoe.com

mgyoe.com


(၃)

"လွမ်းရွှေဂူ" ကိုစ၍ ဖွင့်လိုက်ကတည်းက စာရေးသူနှင့် ဇာတ်ကောင်တို့၏ ဆက်ဆံရေးဆိုင်ရာ အကျပ်အတည်းနှင့် ပဋိပက္ခများအကြောင်းကို ကျွန်တော် ဖော်ပြခဲ့ပြီ။ တစ်ချိန်တည်းမှာပင် အေး အမည်ရှိ မိန်းကလေးတစ်ဦး၏ အကြောင်းအရာနှင့်အဖြစ်အပျက်တို့ကို ဝတ္ထုတစ်ပုဒ်လုပ်၍ မရေးလျှင်လည်း မဖြစ်သောအကြောင်းကိုလည်း ကျွန်တော် ဖော်ပြခဲ့ပြီ။

ကျွန်တော်သည် မိမိအသက်သွင်းလိုက်သော ဇာတ်ကောင်နှင့်သာလျှင် ပဋိပက္ခဖြစ်နေရသော စာရေးသူတစ်ဦးမဟုတ်ချေ၊ ကိုယ့်ဟာနှင့်ကိုယ်ပါ ပဋိပက္ခဖြစ်ပွားနေရသူတစ်ဦးဖြစ်၏။ ထိုအကြောင်းကိုလည်း ကျွန်တော် ဖော်ပြခဲ့ပြီ။

သို့ဖြစ်လျှင် ကျွန်တော် ဘာလုပ်ရမည်နည်း။ ခက်နေ၍ကား မဖြစ်တော့။ တစ်ခုခုတော့ လုပ်ရလိမ့်မည်။

ဂါတေးကဲ့သို့ ဤဝတ္ထုကို နှစ်ပေါင်း အစိတ်၊ သုံးဆယ်ကြာမျှ အချိန်ယူ၍ ရေးရမည်လော။ ဤသို့ကား မဖြစ်ချေ။ ဂေါ်ကီကဲ့သို့ဤဝတ္ထုကိုတစ်ပိုင်းတန်းလန်းနှင့် မီးရှို့ဖျက်ဆီးပစ်လိုက်ရမည်လော။ ထိုသို့လည်း မဖြစ်ချေ။ သို့တည်းမဟုတ် ဝန်စာရေးဦးကြီးကဲ့သို့ ရေးလက်စဖြစ်သော ဤဝတ္ထုကို တစ်ပိုင်းတန်းလန်းနှင့် ရပ်ထားလိုက်ရမည်လော။ ဤသို့မှု သာ၍ မဖြစ်ချေ။ အထက်ဖော်ပြပါ ဆရာသမားများနှင့် နောင်တော့် နောင်တော်ကြီးများလမ်းကိုသာလိုက်ပါမူ ကျွန်တော်အဖို့ သရောကြီး ခိုင်းရလိမ့်မည်။ စာဖတ်သူများကလည်း ထိုကဲ့သို့ တာဝန်မဲ့လှသော စာရေးသူတစ်ဦးကို သည်းညည်းခံကြလိမ့်မည် မဟုတ်ပေ။

နေပြည်တော်၊ ချောကလက်နှင့် မက္က(စ်)ဖစ်တာ အစရှိသော ပစ္စည်းပစ္စယများနှင့် သူ့ဝတ္ထုကို အစခိုင်းလျက်ရှိသော ဇာတ်ကောင်

mgyoe.com

mgyoe.com


မိန်းကလေး၊ ကျေးလက်၊ ထမင်းကြမ်းနှင့် သနပ်ခါးရေကျဲစသော ဝတ္ထုပစ္စည်းများနှင့် ထိုဇာတ်ကောင် မိန်းကလေး၏ အကြောင်းအရာနှင့် အဖြစ်အပျက်တို့ကို စတင်ရန် ထက်သန်လျက်ရှိသော စာရေးသူ။

ယင်းသို့ထိပ်ချင်းတိုက်လျက်ရှိသော စာရေးသူနှင့် ဇာတ်ကောင်တို့၏ အကျပ်အတည်းကိုဖြေရှင်းရန် ကျွန်တော် နည်းလမ်းဖွေရှာရ၏။ ဇာတ်ကောင်မိန်းကလေးကို စာရေးသူက စင်တော်ကြီးမှ မဒီကိုင်ဆရာများလို ဆွဲချင်တိုင်း ဆွဲခွင့်ပြုလိုက်ပါက အေးသည် အသက်ရှိသော မိန်းကလေးဘဝမှ အရုပ်မင်းသမီးကလေးအဖြစ်သို့ လျှောကျသွားလိမ့်မည်ဖြစ်၏။ အလားတူပင် ဇာတ်ကောင်မိန်းကလေးကို အသက်သွင်းကာ ထိုဇာတ်ကောင်အတွက် အရာရာတာဝန်ခံရသော စာရေးသူကို ဘေးချိတ်ပြီး ဇာတ်ကောင် မိန်းကလေးကို ထင်ရာစိုင်းခွင့်ပြုလိုက်ပါကလည်း ပရမ်းပတာ ဖြစ်သွားလိမ့်မည်ဖြစ်၏။ ထို့ကြောင့် ယင်းအကျပ်အတည်းနှင့် အစွန်းနှစ်စွန်းကို ဖြေရှင်းရန် အားထုတ်စမ်းသပ်သည့်အနေနှင့် အေး အမည်ရှိ မိန်းကလေး၏ ဝတ္ထုကို အစမှ မစဘဲ အဆုံးမှစရန် ကျွန်တော်သည် ပြဌာန်းလိုက်ရ၏။

တကယ်ဆိုတော့ အစနှင့် အဆုံးဟူသော ပိုင်းခြားသတ်မှတ်ချက်များသည် လူတို့၏ ပညတ်များသာ ဖြစ်သည် မဟုတ်သလော။ စဆုံးမထင်သောအချိန်တွင် အစနှင့်အဆုံးကို အဘယ်သို့ ပိုင်းခြားသတ်မှတ်ကြမည်နည်း။

*

mgyoe.com

mgyoe.com

# အဆုံးမှပြန်၍ စရခြင်း

(၁)

ထိုနေ့သည် ထိုမိန်းကလေး၏ နောက်ဆုံးသော နေ့ရက်ဖြစ်သည်ကို ကျွန်တော် ရိပ်လည်း မရိပ်မိ၊ သိလည်း မသိရှိပေ။ အလားတူပင် ကာယကံရှင်ကိုယ်တိုင်လည်း ထိုသို့ တွက်မိချင်မှ တွက်မိလိမ့်မည် ထင်၏။ မည်ကဲ့သို့ပင်ရှိစေ ထိုမိန်းကလေးတစ်ယောက်နှင့်အတူ ဖြတ်သန်းကျော်လွှားခြင်းပြုခဲ့ရသော နောက်ဆုံးနေ့ရက်နှင့် နာရီများမှ ကျွန်တော် အစပြန်၍ကောက်လို၏။

(၂)

ထိုနေ့သည် ကျွန်တော့်အတွက် နေ့တစ်ပိုင်းရုံးတက်ရသော စနေနေ့ဖြစ်၏။

သောကြာနေ့က လျှောက်လဲချက်ပေးလက်စအမှုကြီးတစ်ခုကို အဆုံးသတ်ရန်အတွက် ထိုနေ့နံနက်ပိုင်း တစ်ပိုင်းလုံး အနောက်ပိုင်းရာဇဝတ်တရားသူကြီး ဦးကျော်အောင်၏ ရုံးတော်တွင် ကျွန်တော် သည် အချိန်ကုန်လွန်လျက်ရှိ၏။ ကျွန်တော်တို့ ရှေ့နေရှေ့ရပ်များရော

mgyoe.com

mgyoe.com


တရားသူကြီးများပါ စနေနေ့များတွင် အမှုအခင်းကိစ္စများနှင့် ပတ်သက်၍ အလုပ်လုပ်ကိုင်လေ့မရှိကြပေ။ ရုံးချိန်းရက်နှင့် အခြားအသေးအဖွဲ ကိစ္စများလောက်သာ လုပ်ကြ၏။ သို့ရာတွင် နယ်သို့ ပြောင်းရွှေ့ရအံ့ဆဲဆဲဖြစ်သော တရားသူကြီးသည် ၎င်းစစ်ဆေးလက်စ အမှုအခင်းများကို ပြောင်းရွှေ့ခြင်း မပြုရမီ အပြီးအပြတ် ရှင်းလင်းသွားလိုသဖြင့် ထို စနေနေ့ နံနက်ပိုင်းတွင် အလုပ်လုပ်ခြင်းဖြစ်ဟန်တူ၏။ ကျွန်တော်တို့ ရှေ့နေ ရှေ့ရပ်ဆိုသူများသည် တရားမင်းဆိုသူများကို တရား မှန်မှန်ကန်ကန် စီရင်ဆုံးဖြတ်နိုင်ရန်အတွက် ကူညီလုပ်ကိုင်ပေးကြရသူများသာ ဖြစ်၏။ ထို့ကြောင့် တရားမင်း ဦးကျော်အောင်ကို ထိုစနေနေ့ နံနက်ပိုင်းက ကျွန်တော်သည် မိမိ၏တာဝန်ဝတ္တရားအတိုင်း ကူညီရခြင်းမျှသာ ဖြစ်၏။

၁၂ နာရီထိုးပြီးမှပင် ထိုနေ့နံနက်ပိုင်းက ဘားလမ်းရှိ မိမိ၏ရုံးခန်းသို့ ကျွန်တော်ပြန်၍ရောက်၏။ ကျွန်တော့်ရုံးခန်းနှင့် စပ်လျက်ရှိသော အခြားအခြားသော ရုံးခန်းများမှ လုပ်ဖော်ကိုင်ဖက်များ အသီးသီးပင် နေအိမ်သို့ ပြန်သွားကြပြီ။ ထို့ကြောင့် အဆောက်အအုံတစ်ခုလုံးတွင် ကျွန်တော်၏ရုံးခန်းတစ်ခုသာ မပိတ်ရသေးဘဲ ကျန်၏။

တစ်မနက်ခင်းလုံးပင်ပန်းလာရသဖြင့် ကျွန်တော်သည် ဆာလောင်နွမ်းနယ်လျက်ရှိ၏။ သို့ရာတွင် ကျန်နေ့တစ်ပိုင်းကို အပန်းဖြေနားနေရန်အတွက် ကျွန်တော် အသုံးမပြုနိုင်အားပေ။ အိမ်မှုနှင့် အခြားလူမှုရေးကိစ္စများအတွက် သုံးစွဲရဦးမည်ဖြစ်၏။ ဗာဟီရလုပ်ငန်းကိုင်ငန်းကလေးများ လုပ်ကိုင်စရာရှိသေး၏။ ထို့ကြောင့် မိမိ၏ရုံးခန်းအတွင်း၌ပင် နာရီဝက်သာသာ၊ တစ်နာရီခန့်မျှလောက် အနားယူကာ နေ့လယ်စာ စားရန် စိတ်ကူး၏။ ယင်းသို့ စိတ်ကူးရင်း ခေါင်းပေါင်းနှင့် အပေါ်အင်္ကျီတို့ကို ချွတ်နေခိုက် ကျွန်တော့် ရုံးလုလင်သူငယ်ကလေး မောင်မြင့်သိန်း

mgyoe.com

mgyoe.com


သည် အလိုက်သိစွာ အခန်းအတွင်းသို့ဝင်လာ၏။

ထိုသူငယ်သည် ကျွန်တော့်ကို တစ်စုံတစ်ခုသော သတင်းစကား ပြောကြားလိုသော အမူအရာရှိ၏။ သို့ရာတွင် အလိုက်သိတတ်သော လူငယ်တစ်ဦးပီပီ ၎င်းက အရင်ဦးအောင်စ၍ မပြောသေးဘဲ လူကြီး လုပ်သူက ပြောမည့်စကားကို စောင့်ဆိုင်းလျက်ရှိ၏။ ကျွန်တော့် အလုပ် စားပွဲနှင့် မလှမ်းမကမ်းလောက်တွင် ရပ်၍စောင့်၏။

ထိုသူငယ်သည် အသက် ၂၀ ခန့်အရွယ်ဖြစ်၏။ မွန်ရည်သိမ်မွေ့ ခြင်းရှိ၏။ မိဘများ ဆင်းရဲနွမ်းပါးသဖြင့် ၁၈ နှစ်သားအရွယ်လောက် မှစ၍ ကျွန်တော့်ထံတွင် အလုပ်လုပ်ရင်း ညကျောင်းတက်နေသော ကျောင်းသားလူငယ်တစ်ဦးလည်းဖြစ်၏။

အပေါ်အင်္ကျီကို ချိတ်တစ်ခုတွင် ချိတ်တင်လိုက်ပြီးနောက် အခန်း အတွင်းရှိ ပက်လက်ကုလားထိုင်ထက်တွင် အကြောအခြင်များ ဖြေလျှော့ ထိုင်ချလိုက်ရင်း "ကော်ဖီနဲ့ပေါင်မုန့်ထောပတ်သုတ် သွားမှာချေကွာ" ဟု မောင်မြင့်သိန်းကို လှမ်း၍ ပြောကြားစေခိုင်းလိုက်၏။

အခါတိုင်း သွက်လက်သော ထိုသူငယ်သည် တံ့ဆိုင်းကာ ရပ်မြဲ ရပ်နေ၏။ သူသည် ကျွန်တော့်ကို ပြောကြားရန်ရှိသော သတင်းစကား အတွက် ချင့်ချိန်တွက်ဆနေဟန်တူ၏။ ကျွန်တော်၏ မျက်နှာရိပ် မျက်နှာ ခြည်ကိုလည်း မသိမသာ အကဲခတ်နေဟန်တူ၏။ ထို့ကြောင့် မိမိကပင် အလိုက်သိစွာ "ဘာများပြောစရာရှိလို့လဲကွ မောင်မြင့်သိန်း" ဟု ဖွင့်ပေး လိုက်ရ၏။

"မမအေး ကိစ္စပါဆရာ" ထိုသူငယ်သည် အေး၏ ကိစ္စကို ပြော ကြားလာ၏။

မောင်မြင့်သိန်းသည် ကျွန်တော်နှင့်ပတ်သက်ပြီး အေးနှင့်သိကျွမ်း ရသူဖြစ်၏။ မွန်ရည်၍ လူတစ်ဖက်သားအလိုက်ကို လွန်စွာသိတတ်

mgyoe.com

mgyoe.com


သောကြောင့် အေးသည် ထိုသူငယ်ကို ခင်မင်၏။ မကြာခဏ ထိုသူငယ်ကို စာအုပ်ဖိုးကအစ မုန့်ဖိုး ပဲဖိုး ပေးကမ်းတတ်၏။ ရံဖန်ရံခါ လုံချည်၊ အင်္ကျီကလေးများပင် ဝယ်ခြမ်းပေးလေ့ရှိ၏။ ထို့ကြောင့် မောင်မြင့်သိန်းသည် အေးကို အစ်မကြီး အရင်းအချာတစ်ဦးပမာ ခင်တွယ်၏။ အရေးထား၏။ အေးအတွက် လုပ်ကိုင်ဆောင်ရွက်ပေး စရာရှိသည်တို့ကို စေ့စေ့စပ်စပ် လုပ်ကိုင်ဆောင်ရွက်ပေးတတ်၏။ စောင့်ရှောက်တတ်၏။ မောင်မြင့်သိန်းနှင့် ဆက်စပ်ပြီး ၎င်း၏မိဘနှင့် ညီအစ်ကိုမောင်နှမများကပါ အေးကို ခင်မင်လေးစားလျက်ရှိကြ၏။

"ဘာများလဲကွ… မင့်မမအေးကိစ္စက" ကျွန်တော်သည် ဆေးပြင်းလိပ်တစ်လိပ်ကို မီးညှိရင်း ထိုသူငယ်ကိုမေးမြန်းလိုက်ရ၏။

"ဆရာရုံးဆင်းလာရင် ခဏလောက်တွေ့ချင်လို့တဲ့"

"ဘာကိစ္စတဲ့လဲကွ… မင်းကိုများပြောသွားသေးသလား" စားပွဲပေါ်ရှိ မဖတ်ရသေးသောတိုင်းသတင်းမဂ္ဂဇင်းကိုလှမ်းယူရင်း ပြန်၍မေးမြန်းကြည့်ရ၏။ ရံဖန်ရံခါ အေးသည် ၎င်း၏အကြောင်းကိစ္စများကို မောင်မြင့်သိန်းက တစ်ဆင့် မှာကြား၊ ပြောကြားတတ်၏။

"ကိစ္စကိုတော့ မပြောသွားဘူးဆရာ… မမအေးကိုကြည့်ရတာတော့ တော်တော်အရေးကြီးတဲ့ကိစ္စရှိနေမယ့်ပုံပဲ"

"ဟေ… မင်းမမအေးနဲ့ မင်းတွေ့လို့လား…"

"ဆရာရုံးတက်သွားပြီး… ဆယ်မိနစ်လောက်အကြာ မမအေးလာသွားတယ်"

"သူ့ကိစ္စပြောမသွားရင်လည်း တခြားဘာတွေများ ပြောသွားသလဲကွ"

"ဆရာရုံးဆင်းလာလာချင်း သူ့ကိုဖုန်းဆက်ပြီး အကြောင်းကြားပေးပါလို့ မှာသွားတယ်"

mgyoe.com

mgyoe.com


"ဟော... ဟုတ်ရဲ့လား"

"ဒါတင်မဟုတ်သေးဘူးဆရာ... ၁၁ နာရီထိုးလောက်ကစပြီး ဆရာရုံးက ပြန်ဆင်းလာ မလာ ဖုန်းနဲ့ဆက်မေးတာ သုံးခါရှိသွားပြီ"

ထိုမိန်းကလေးတွင် အဘယ်မျှအရေးကြီးသော ကိစ္စများ ရှိနေပြန်ပြီနည်း။ ထိုမိန်းကလေးနှင့် ကျွန်တော်သည် လွန်ခဲ့သော ရက်သတ္တနှစ်ပတ်လောက်ကပင် တွေ့ခဲ့သေး၏။ သူ့အတွက် ဆောင်ရွက်ပေးစရာရှိသော အရေးကိစ္စများကိုလည်း ဆောင်ရွက်ပေးခဲ့ပြီဖြစ်၏။ ကျွန်တော်မစဉ်းစားတတ်အောင်ရှိ၏။

"နောက်ပြီးတော့ ဆရာရုံးက ပြန်ဆင်းလာလာချင်း သူ့ကို ဖုန်းဆက်ပြီးအကြောင်းကြားပါလို့လည်း ထပ်ခါတလဲလဲ မှာထားတယ်ဆရာ" မောင်မြင့်သိန်းသည် အလေးအနက်ပြောကြားလျက်ရှိ၏။ ထိုသို့ပြောကြားပြီးနောက် မောင်မြင့်သိန်းသည် ကျွန်တော့် စာရေးစားပွဲထက်တွင်ရှိသော တယ်လီဖုန်းကိုလှမ်း၍ကြည့်၏။ ပြီးနောက် ကျွန်တော်က ဘာပြန်ပြောမည်ကို အလေးထား နားစွင့်လျက်ရှိ၏။

"အေးအေး... ဒါဖြင့်လည်း မင်းကော်ဖီနဲ့ မုန့်သာ သွားမှာချေတော့လေကွာ" ကျွန်တော်သည် ထိုသူငယ်ကို အခန်းအတွင်းမှ ထုတ်လိုက်ရ၏။ ထိုသူငယ်သည် လှည့်ကြည့်၊ လှည့်ကြည့်နှင့် ထွက်၍သွား၏။ သူထွက်သွားသည်အထိ တယ်လီဖုန်း ကောက်မကိုင်သေးသော ကျွန်တော့်ကို မဝံ့မရဲဖြစ်နေဟန်လည်းရှိ၏။

## (၃)

လက်ထဲတွင် ကိုင်ထားသော တိုင်းသတင်းမဂ္ဂဇင်းကို ပြန်၍ချထားလိုက်ရ၏။ ကျွန်တော့်ကို အရေးတကြီးကိစ္စတစ်ခုအတွက် လူချင်းတွေ့ရန် အားထုတ်နေသော ထိုမိန်းကလေးအကြောင်းကို စဉ်းစား

mgyoe.com

mgyoe.com


ရ၏။ လွန်ခဲ့သော ရက်သတ္တနှစ်ပတ်လောက်ကပင် ထိုမိန်းကလေး အတွက် ကျွန်တော်သည် ကိစ္စတစ်ခုကို ခက်ခက်ခဲခဲ ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်၏။ ထိုကိစ္စချောမော အောင်မြင်သည်၊ မအောင်မြင်သည်ကို ထား ပါဦး။ ယခုတစ်ဖန် မည်ကဲ့သို့သော အရေးတကြီးကိစ္စ ထိုမိန်းကလေး တွင် ပေါ်ပေါက်လာပြန်ပြီနည်း။ ကျွန်တော်သည် မစဉ်းစားတတ်အောင် ရှိ၏။

ကျွန်တော့်တွင်လည်း ကျန်နေ့တစ်ပိုင်းနှင့် ရုံးအားသော နောက် တစ်ရက်တွင် လုပ်စရာ၊ ကိုင်စရာ အိမ်မှုနှင့် အခြားလူမှုကိစ္စများရှိ၏။ ရုံးကပြန်လျှင် အိမ်မှမိခင်နှင့် အဒေါ်လုပ်သူတို့ မှာကြားလိုက်သော အိမ်သုံးပစ္စည်းများ ဝယ်ယူရန်ရှိ၏။ မနက်ဖြန်တွင် မသွားမဖြစ်သော မင်္ဂလာဆောင်တစ်ခု ရှိ၏။ ထိုမင်္ဂလာလက်ထပ်ပွဲအတွက် လက်ဖွဲ့ ပစ္စည်းကိုလည်း စဉ်းစားဝယ်ခြမ်းခြင်း မပြုရသေး။ ပြီးနောက် ဆံပင် ညှပ်စရာအလုပ်လည်းရှိ၏။

ယင်းသို့ အချိန်ကျပ်တည်းလျက်ရှိစဉ် ထိုမိန်းကလေးသည် သူ့ဟာနှင့်သူ မည်ကဲ့သို့သော ပြဿနာများ ဖြစ်ပွားပေါ်ပေါက်၍ လာပြန် သည် မသိ၊ ကျွန်တော်၏တိုတောင်းရှားပါးသောအချိန်ကို အနုကြမ်းစီး ရန် ခြိမ်းခြောက်လျက်ရှိ၏။ ကျွန်တော်၏တပည့်ရင်းချာ မောင်မြင့်သိန်း ဆိုသော လူငယ်ကပါ ထိုမိန်းကလေးနှင့် အလိုတူအလိုပါဖြစ်နေ၏။ အခါပေး လုပ်နေ၏။

အကျဉ်းထောင်ထဲတွင် အချိန်ပို၊ အချိန်အား များစွာရသည်ဟု ပြောဆိုဖူးသော မိတ်ဆွေနိုင်ငံရေးသမားတစ်ဦး၏စကားကို ကြားယောင် ၏။ သွားရည်များပင် ကျချင်သလိုရှိ၏။ သို့ရာတွင် ကပျာကယာ သိမ်းဆည်းလိုက်ရ၏။ အကျဉ်းထောင်ဆိုသည်မှာ နဝမအထပ် ငရဲကြီး တစ်ပါးပင် မဟုတ်သလော။ အဝီစိလောက်သာ မကျပ်လျှင်ရှိရမည်။

mgyoe.com

mgyoe.com


ယိုးစွဲတော့လိုက်သည်မဟုတ်သလော။

တာဝန် ကြီးလေးများပြားခြင်းမရှိသော လူငယ်ကျောင်းသားဘဝကို ကျွန်တော် ပြန်၍ သတိရ၏။ ထိုအသက်အရွယ်က အချိန်ပို၊ အချိန်အား ကောင်းစွာရ၏။ ကျွန်တော်တို့သည် အသက်အရွယ် ကြီးပြင်းကာ အလုပ်တာဝန်များ ဖိစီးလာတော့မှပင် ကျောင်းသားလူငယ်ဘဝကို လွမ်းဆွတ်တသမိကြ၏။ သို့ရာတွင် ထိုဘဝကို ကျွန်တော်တို့သည် ဝေးလံသော အတိတ်၏တစ်နေရာတွင် ထားပစ်ခဲ့ကြရပြီ။

ယင်းသို့အတိတ်၏ သင်္ချိုင်းကုန်း တစ်နေရာသို့ နောက်ကြောင်းပြန်လျက်ရှိစဉ် ကျွန်တော်၏စာရေးကြီး ဦးအေးမောင်သည် အလုပ်ဖိုင်တွဲနှင့် ဥပဒေ စာအုပ်များပိုက်ကာ အခန်းတွင်းသို့ဝင်လာ၏။ ဦးအေးမောင်သည် အသက် ၆၀ ခန့်အရွယ် လူကြီးဖြစ်၏။ သူသည် အစိုးရရိက္ခာတော်ရရှိပြီးသည့်နောက်ပိုင်းရှိမှာပင် သားငယ် သမီးငယ်ကလေးများ ရှိနေဆဲဖြစ်သောကြောင့် ကျွန်တော့်ထံတွင် အလုပ်လုပ်ကိုင်လျက်ရှိသူတစ်ဦးလည်း ဖြစ်၏။ အသက်အရွယ်အားဖြင့် ကြီးရင့်ပြီ ဖြစ်စေကာမူ ပျော်ပျော်ရွှင်ရွှင် နေထိုင်တတ်သူတစ်ဦးလည်း ဖြစ်၏။

ဦးအေးမောင်သည် ဥပဒေစာအုပ်နှင့် ဖိုင်တွဲများကို သူ့နေရာနှင့်သူထားရှိပြီးနောက် သူ့သားငယ် ကောင်းစွာ နေထိုင်မကောင်းသဖြင့် အိမ်ပြန်ခွင့်တောင်းကာ အခန်းတွင်းမှ ထွက်သွား၏။ အောက်ထပ်သို့ဆင်းရန် လှေကားထိပ်သို့ ရောက်ခါမှ တစ်စုံတစ်ခုကို ရုတ်တရက်သတိရလာဟန်ဖြင့် ကျွန်တော့်အခန်းအတွင်းသို့ ပြန်လာပြန်၏။ ထို့ကြောင့် မှေးထားသော မျက်လုံးကို ဖွင့်လိုက်ရပြီးလျှင် ထိုအဘိုးကြီးအို၏စကားကို ကြားနာရန် ပြင်ဆင်ရ၏။

"မနက်က ဦးကျော်တင့် ရုံးတက်သွားတုန်း အေးတစ်ယောက်လာတဲ့အကြောင်းပြောဖို့ ကျွန်တော်မေ့နေလို့" ဦးအေးမောင်ကလည်း

mgyoe.com

mgyoe.com


ထိုမိန်းကလေးအကြောင်းကိုပင် ပြောဆို၏။

"ဟုတ်ကဲ့..." ကျွန်တော်သည် တိုတိုနှင့်ဖြတ်လိုက်၏။

"မိန်းကလေးက ကိစ္စတစ်ခုခုအတွက် ဦးကျော်တင့်ကို အရေးတကြီးတွေ့ချင်လို့နဲ့တူတယ်"

"ဩော်... ဩော်..."

"ဦးကျော်တင့်ကို တွေ့ချင်တဲ့အကြောင်း ပြောဖြစ်အောင် ဆက်ဆက် ပြောလိုက်ပါလို့ တတွတ်တွတ် မှာသွားရှာတယ်..." ထိုအဘိုးကြီးသည်လည်း မောင်မြင့်သိန်းနည်းတူ ထိုမိန်းကလေးကို ခင်မင်သူတစ်ဦးပင်ဖြစ်၏။ ယခုပင် အမှုကိစ္စအတွက်လည်း မဟုတ်ဘဲနှင့် ထိုမိန်းကလေးကို ဆက်ဆက်တွေ့ဖြစ်အောင်တွေ့ရန် လူကြီးတစ်ဦးပီပီ သွယ်ကာ ဝိုက်ကာ တိုက်တွန်းပြောကြားလျက်ရှိသည်မဟုတ်သလော။

ကျွန်တော့် လူရင်းများသည် အေး၏ ဘက်သားဖြစ်နေသော အဖြစ်ကို စဉ်းစားမိသောကြောင့်ဝမ်းထဲမှာပင် ကျိတ်၍ ပြုံးလိုက်ရ၏။ ထိုမိန်းကလေးဘက်မှ ရှေ့နေလိုက်ပြီးနောက် အခန်းတွင်းမှ ထွက်သွားတော့မှ ကျွန်တော်သည် အပြင်ထုတ်ကာ ပြုံးရ၏။ ယင်းသို့ ကိုယ့်ဟာကိုယ် တစ်ယောက်တည်း ပြုံးရခိုက် စားပွဲပေါ်ရှိ တယ်လီဖုန်းက လှမ်း၍ နှိုးဆော်သဖြင့် ကောက်ကိုင်ကာ နားထောင်ရ၏။

တစ်ဖက်မှ စကားပြောဆိုသူမှာ အထက်ပါ မိန်းကလေးဖြစ်၏။ ကျွန်တော့်အသံကို ဖမ်းမိလျှင် သူယခုပင် သူနေထိုင်လျက်ရှိသော မိန်းကလေးများဂေဟာမှ ထွက်လာမည့်အကြောင်း၊ သူ့ကို ဆယ်မိနစ်ထက်ကြာအောင် စောင့်ရမည်မဟုတ်ကြောင်းနှင့် ကျွန်တော့် အချိန်ပိုကိုလည်း များများစားစားယူမည်မဟုတ်ကြောင်း စသည်ဖြင့် ရွှန်းရွှန်းဝေနေအောင် ပြောဆိုသွား၏။ ကျွန်တော် ဘာတစ်ခွန်းမှ ပြန်လှန်ပြောဆိုခြင်းမပြုနိုင်မီ မိန်းကလေးသည် တယ်လီဖုန်းအဆက်အသွယ်ကို

mgyoe.com

mgyoe.com


ဖြတ်ပစ်လိုက်၏။

ကျွန်တော်သည် သက်ပြင်းကိုသာ ချလိုက်ရပါ၏။ ထိုမိန်းကလေးတွင် နောက်ထပ်၍ မည်သို့သောပြဿနာ ပေါ်ပေါက်လျက်ရှိပြန်ပြီနည်း။ ထိုမိန်းကလေးသည် ကျွန်တော့်ကို ၎င်း၏အပျော်တမ်း တပ်သားကြီးတစ်ဦးအဖြစ်နှင့် အဘယ်သို့သောတိုက်ပွဲကို တိုက်ခိုက်ခိုင်းဦးမည်လည်း မသိပေ။ ဆယ်မိနစ်အတွင်း ရောက်လာမည်ဟု ရာဇသံပေးထားလေပြီ။

## (၄)

မောင်မြင့်သိန်းသည် ကော်ဖီနှင့်မုန့်များ ယူလာပြီးနောက် ကျွန်တော်နေ့လယ်စာ စားသောက်ရန်အတွက် ပြင်ဆင်ပေး၏။ ထိုသို့ ခင်းကျင်း ပြင်ဆင်ပေးရင်း တယ်လီဖုန်းကိုလည်း မကြာမကြာ လှမ်း၍ ကြည့်၏။ အေး ဆယ်မိနစ်အတွင်းရောက်လာမည့်သတင်းကို ထိမ်ချန်ထားပြီး ထိုသူငယ်ကို ကျပ်တန်တစ်ရွက်လှမ်းပေးရင်းနေ့လယ်စာ အဖြစ် ဆီချက်ခေါက်ဆွဲဖြစ်စေ၊ ကြိုက်နှစ်သက်ရာသရေစာ တစ်ခုခုဖြစ်စေ သွားစားရန် ခိုင်းစေလိုက်၏။ ရုံးကအပြန်တွင် သူ၏လုပ်အားကို တစ်နာရီသာသာခန့် ကျွန်တော်အသုံးလိုကြောင်းလည်း ရှင်းလင်းပြောဆိုလိုက်၏။

ထိုသူငယ်သည် ငွေတစ်ကျပ်ကို လက်ခံသော်လည်း ကျွန်တော့်စားပွဲနှင့် မလှမ်းမကမ်းတွင် ယောင်ပေပေ လုပ်နေ၏။ တယ်လီဖုန်းနှင့် ကျွန်တော့်မျက်နှာကို မကြာမကြာ တစ်လှည့်စီကြည့်ကာ ရစ်သီ ရစ်သီ လုပ်နေ၏။ ထို့ကြောင့် ဗိုလ်ချုပ်ဈေးရှိတက္ကသိုလ်သမဝါယမ အသင်းဆိုင်တွင် အိမ်သုံးပစ္စည်းများဝယ်ရန်ရှိကြောင်း၊ ထိုကြောင့် သူ့အကူအညီကို ယူရခြင်းဖြစ်ကြောင်း စသည်တို့ကို ရှင်းလင်းပြောကြားကာ

mgyoe.com

mgyoe.com


နေ့လယ်စာ စားရန် ထပ်မံနှိုးဆော်ရ၏။ ဤသို့နှိုးဆော်လျက် ရှိသည့် တိုင်အောင် ထိုသူငယ်သည် နေ့လယ်စာ စားသောက်ရန် ထွက်မသွားပေ။ ယောင်လည်လည်လုပ်၍နေရာမှ မရဲတရဲနှင့် သူတယ်လီဖုန်းနှင့် စကားပြောစရာရှိကြောင်း၊ ထို့အတွက် သူ့ကို တယ်လီဖုန်းသုံးစွဲခွင့်ပြုဖို့အကြောင်း တောင်းပန်ပြောကြားလာ၏။

"ဘယ်သူ့ကို ဘာကိစ္စအတွက် မင်းပြောစရာရှိလို့လဲကွ..."ဟု ခပ်တည်တည်နှင့်ပင် ကျွန်တော်က ပြန်၍ စစ်မေးလိုက်၏။

"တခြားကိစ္စရှိလို့တော့ မဟုတ်ပါဘူးဆရာ... ဆရာရုံးက ပြန်ဆင်းလာတဲ့အကြောင်း မမအေးကို သတင်းပို့မလို့ပါ..." ထိုသူငယ်သည် တုန်တုန်ရီရီနှင့်ပြောဆို၏။

"ဒီအတွက်နဲ့တော့ မင်းကိုယ်မင်း ဒုက္ခပေးမနေပါနဲ့တော့ကွာ၊ ခုတင်ကလေးကပဲ မင်းမမအေးဆီက ဖုန်းဆက်လို့ ငါပြန်ရောက်နေတဲ့အကြောင်း သိသွားပါပြီ... မကြာခင်ပဲ မင်း မမအေးရောက်လာပါလိမ့်မယ်" ထိုသူငယ်၏အကြောင်းကိုသိလို၍ ထိမ်ချန်ထားသော သတင်းကို ထုတ်ပေးလိုက်တော့မှ ချာခနဲလှည့်ကာ အခန်းတွင်းမှ ထွက်၍ သွား၏။

နေ့ခင်း နေ့လယ်စာ စားသောက်ရင်း ကျွန်တော်သည် ကိုယ့်ဟာကိုယ် တစ်ယောက်တည်းပြုံးရ၏။

စာရေးကြီး ဦးအေးမောင်နှင့် ရုံးလုလင် မောင်မြင့်သိန်းတို့နှစ်ယောက်သာလျှင်မဟုတ်၊ အေးနှင့်တွေ့ဆုံသိကျွမ်း၍ ဆက်ဆံပေါင်းသင်းဖူးသူတိုင်း လူမျိုး၊ လိင်နှင့် အသက်အရွယ် အပိုင်းအခြားမရှိ ထိုမိန်းကလေးတစ်ယောက်အပေါ် မေတ္တာ စေတနာ ထားကြ၏။ ကရုဏာထားကြ၏။ သံယောဇဉ်လည်း ငြိတွယ်တတ်ကြ၏။ ဆန့်ကျင်ဘက် လိင်သတ္တဝါများနှင့် အတတ်နိုင်ဆုံးကင်းရှင်းအောင် သတိရှိရှိနှင့် နေထိုင်ခဲ့သော ကျွန်တော်ကိုယ်၌ပင်လျှင် ထိုမိန်းကလေးနှင့်ကျတော့မှ

mgyoe.com

mgyoe.com


ရှာန်လျှောကျရ၏။ မရှင်းမလင်းဖြစ်ရ၏။ ထိုအချက်ကို စဉ်းစားမိသော ကြောင့် ကိုယ်ဟာကိုယ် တစ်ယောက်တည်း ပြုံးလိုက်ရခြင်းဖြစ်၏။

ထိုအခိုက်မှာပင် သုံးဘီးကားငယ်တစ်စီး ကျွန်တော့်ရုံးခန်းအောက် ထပ် လှေကားရင်းတွင် ထိုးရပ်သံကိုကြားရ၏။ မကြာမီ လှေကား အတိုင်း ခပ်မှန်မှန် တက်လာသော ခြေသံကို ကြားရ၏။ ရွှေမင်းသမီး မြန်းကြွလာပြီနှင့်တူ၏။ မည်သို့သော အရေးတော်ပေါ်သည်မသိ။

နိုင်ငံခြားသာသနာပြုအဖွဲ့ကြီးတစ်ဖွဲ့က စီမံအုပ်ချုပ်လျက်ရှိ သော အေး ဗွားရမ်းနေထိုင်ရာ မိန်းကလေးများဂေဟာမှ ထိုမိန်းကလေး သည် ရေးကြီးသုတ်ပျာထွက်လာဟန်ရှိ၏။ ကျွန်တော့်ကို မရအရ ဖမ်းမိ နိုင်ရေးအတွက် ကတိုက်ကရိုက် ထွက်လာပုံလည်းရ၏။ အပြင်သို့ ထွက် သောအခါများတိုင်း မိမိကိုယ်ကို သပ်သပ်ရပ်ရပ် ဖြီးလိမ်းပြင်ဆင်လေ့ ရှိသော မိန်းကလေးသည် ယခုအကြိမ်တွင် ဖြီးလိမ်းပြင်ဆင်မှု ဘာမျှမရှိ၊ ကပိုကရိုဖြစ်၏။ အိမ်တွင်း နေရင်းထိုင်ရင်း ဝတ်ဆင်လေ့ရှိသော ထဘီ ပြာနှင့် ပိတ်အင်္ကျီအဖြူကို ဝတ်ဆင်ထား၏။ ဦးခေါင်းထက်တွင်လည်း သဇင်ပန်းတစ်ခက်ရှိ၏။

လှေကားထိပ်ကပင် မိန်းကလေးသည် ကျွန်တော့်ကို အပြုံးဖြင့် လှမ်း၍နှုတ်ဆက်၏။ ချိုင့်ဝင်၍သွားသော ပါးမို့မို့နှစ်ပြင်နှင့် ဖြူဖွေး သောသွားတက်ကလေးနှစ်ချောင်းတို့ကို ခပ်လှမ်းလှမ်းမှပင် ကောင်းစွာ မြင်ရ၏။ သို့ရာတွင် မိန်းကလေး၏ မျက်လုံးနှစ်လုံးမှုကား အလွမ်းရိပ်၊ အဆွေးရိပ်များဖြင့် ယှက်သန်းမြဲ ယှက်သန်းလျက်ရှိ၏။ ဘဝခရီးကြမ်း တစ်လျှောက် လမ်းဘေးတစ်ချက်မှ ထုထောင်း ကန်ကျောက်ခြင်းခံခဲ့ရ သော ဒဏ်ရာဒဏ်ချက်များသည် မိန်းကလေး၏ မျက်လုံးအိမ်တွင် ပေါ်နေရော့သလားမသိပေ။ တစ်ယောက်နှင့် တစ်ယောက်လူချင်း စတင် သိကျွမ်းခဲ့ကြသောအချိန်မှစ၍ ထိုမိန်းကလေး၏ မျက်လုံးအိမ်တွင်

mgyoe.com

mgyoe.com


ယှက်သန်းလျက်ရှိသော အလွမ်းရိပ်၊ အဆွေးရိပ်များကို ကျွန်တော် ကောင်းစွာ သတိပြုမိ၏။

လှေကားထိပ်တုန်းက မိန်းကလေး၏ မျက်နှာပြင်မှ အပြုံးသည် ကျွန်တော့် ရုံးခန်းအတွင်းသို့ ဝင်ရောက်လာသောအခါ ကုန်ဆုံးသွား၏။ ကျက်သရေရှိသော မျက်နှာပြင်မှ ပါးချိုင့်ကလေးများနှင့် နှစ်လို ဖွယ်ရာ သွားတက်ကလေးနှစ်ချောင်းများလည်း ပျောက်ကွယ်၍သွား လေပြီ။ သောကရိပ် ထိုးနေသော မျက်လုံးနှစ်လုံးတို့သာ မိန်းကလေး ၏မျက်နှာပြင်၌ ကျန်ရစ်၏။

"ဆရာ့တစ်ယောက်ပဲ ဒုက္ခပေးစရာရှိလို့ မိအေးကတော့ ဆရာ့ပဲ ဒုက္ခပေးရဦးမယ်" ထိုသို့ မတိုးမကျယ် ပြောဆိုရင်း မိန်းကလေးသည် ကျွန်တော့် အမှုသည်များထိုင်ဖို့အတွက် ချထားပေးရသော ကုလား ထိုင်တစ်လုံးတွင် မရဲတရဲနှင့် ဝင်၍ထိုင်၏။

ဒုက္ခပေးရန် လာရောက်သူတစ်ဦးပင် ဖြစ်စေကာမူ ကပိုကရို ဝတ် ဆင်ထားသဖြင့် ကြည့်၍ ကောင်းသော ထိုမိန်းကလေးကို ကျွန်တော် သည် ငေးမော၍ ကြည့်နေမိ၏။ မိမိတွင် ပြန်ပြောစရာစကား မရှိသဖြင့် နှုတ်ပိတ်ထား၏။

သက်တူရွယ်တူများနှင့်သော်လည်းကောင်း၊ သက်ကြီးရွယ်လွန် များနှင့်သော်လည်းကောင်း ဆက်ဆံရာ၌ မိန်းကလေးသည် သူ့ကိုယ် ကိုယ်"အေးက" ဟူ၍ ရည်ညွှန်းလေ့ရှိ၏။ အများကလည်း မိန်းကလေး ကို အေးဟူ၍ ခေါ်ဝေါ်ဆက်ဆံကြ၏။ ငယ်ရွယ်သူများနှင့် ဆက်ဆံရာ တွင် ထိုမိန်းကလေးသည် မမအေးဖြစ်၏။ ထိုမိန်းကလေးနှင့် စတင် သိကျွမ်းခါစက ကျွန်တော်သည်လည်း အေးဟူ၍ခေါ်ဝေါ်ဆက်ဆံ၏။ သို့ရာတွင် နှစ်ကာလ အတန်ကြာညောင်း၍ လူချင်းရင်းနှီးကျွမ်းဝင်လာ သောအခါ ထိုမိန်းကလေးကို "မိအေး"ဟူ၍ ကျွန်တော်ခေါ်ဝေါ်ဆက်ဆံ

mgyoe.com

mgyoe.com


၏။ မိန်းကလေးကလည်း ကျွန်တော်နှင့်ဆက်ဆံရာတွင် သူ့ကိုယ်ကိုယ် "မိအေး"ဟူ၍ ပြောင်းလဲရည်ညွှန်းလာ၏။ "မိအေး"ဟူသော ဝေါဟာရသည် မိန်းကလေးနှင့်ကျွန်တော် နှစ်ယောက်တည်း သုံးစွဲသော ဝေါဟာရဖြစ်၏။ ကျွန်တော်နှင့် ထိုမိန်းကလေး၏ ဆက်ဆံရေး စတင်စဉ်က ကျွန်တော်က ကျောင်းဆရာ၊ မိန်းကလေးက တပည့်မ ကျောင်းသူဖြစ်သဖြင့် မိန်းကလေးသည် ကျွန်တော့်ကို "ဆရာ" ဟူ၍ ရည်ညွှန်းလျက်ရှိခြင်းဖြစ်၏။

"ကနေ့ညနေ ၆ နာရီနောက်ပိုင်း ဆရာ မိအေးနဲ့အတူ ညစာစားရင်း နှစ်နာရီလောက် အချိန်မပေးနိုင်ဘူးလားဟင်..." ကျွန်တော့်ကို မျက်လွှာပင့်ကာ မရဲတရဲကြည့်ရင်း မိန်းကလေးသည် ၎င်းပေးမည့် ဒုက္ခ၏နိဒါန်းကို ချီလိုက်၏။

စင်စစ် ကျွန်တော့်တွင် ညနေ ၆ နာရီနောက်ပိုင်းအတွက် အထွေအထူး အစီအစဉ်များမရှိပေ။ စောစောက စဉ်းစားထားသော နေ့ခင်းပိုင်း အစီအစဉ်များ ဆောင်ရွက်ပြီးစီးလျှင် နေအိမ်တွင် အနားယူဖို့လောက်သာ အကြမ်းဖျင်း စဉ်းစားထား၏။ သို့ရာတွင် မကြာမကြာ ၎င်း၏ အပျော်တမ်း တပ်သားကြီးတစ်ယောက်အဖြစ်ဖြင့် အသုံးပြုတတ်သော ထိုမိန်းကလေးကို ကျွန်တော်သည် လွယ်လင့်တကူ အဖြေမပေးလိုချေ။ ထို့ကြောင့် ပြုံးရုံမျှသာပြုံးပြီး နှုတ်ပိတ်မြဲ ပိတ်ထားလိုက်၏။

သူကချည်းသာ ပြောဆိုလျက်ရှိပြီး တစ်ဖက်သားက ဘာမျှပြန်လည် ပြောဆိုခြင်းမရှိသောအခါ မိန်းကလေးသည် အနေရ အထိုင်ရကျပ်လာပုံရ၏။ ကျွန်တော့်ထံမှ အဖြေရနိုးနိုးနှင့် မကြာမကြာ မျက်လွှာပင့်၍ ကြည့်၏။

ဣန္ဒြေလုပ်ရန်အတွက် စောစောက ချထားသော ဆေးပြင်းလိပ်တိုကို မီးညှိလိုက်၏။ သူ့ကိစ္စ သို့မဟုတ် ပြဿနာအတွက် မိန်းကလေး

mgyoe.com

mgyoe.com



သည် ကျွန်တော့်ထံမှ အချိန် နှစ်နာရီတောင်းထား၏။ ထို့အတွက် ညစာကျွေးမည်ဆို၏။ ထိုမိန်းကလေးတွင် နောက်ထပ်မည်သို့သော ကိစ္စဝိစ္စများ ပေါ်ပေါက်လာရပြန်ပြီနည်း။ လွန်ခဲ့သော ရက်သတ္တနှစ်ပတ်လောက်ကပင် ထိုမိန်းကလေးအတွက် ကျွန်တော်သည် အမှုကိစ္စတစ်ခုကို ဆောင်ရွက်ပေးခဲ့ရသေး၏။ အမှုကိစ္စမှာ တခြားတော့မဟုတ်၊ သူ့ကိုပစ်၍ တခြားသော မိန်းကလေးတစ်ဦးနှင့် လက်ထပ်ရန်စီစဉ်လျက်ရှိသော သူ့ချစ်သူမောင်တင်ထွန်း ကိစ္စပင်ဖြစ်၏။ ထိုကိစ္စတွင် ကျွန်တော်၏ ကြားဝင်ဆောင်ရွက်ချက်သည် မအောင်မြင်ခဲ့ပေ။ မည်ကဲ့သို့ပင် ဖြစ်စေ ထိုမိန်းကလေးက ငိုကြီးချက်မနှင့် လာ၍ အပူကပ်သဖြင့် လွန်ခဲ့သော ရက်သတ္တနှစ်ပတ်လောက်ကပင် အမှုကိစ္စတစ်ခုကို ဆောင်ရွက်ပေးခဲ့ရပြီး ဖြစ်၏။ ယခုလည်း ထိုမိန်းကလေးသည် "ဆရာ့တစ်ယောက်ပဲ ဒုက္ခပေးစရာရှိလို့ မိအေးကတော့ ဆရာ့ပဲ ဒုက္ခပေးရဦးမယ်" ဟု ဆိုလာပြန်ချေပြီ။

လူကြီးတစ်ယောက်ဖြစ်နေ၍သာ ဣန္ဒြေလုပ်နေရသော်လည်း ထိုမိန်းကလေးအတွက် တတ်နိုင်သမျှ ကူညီဖေးမရန် ကျွန်တော့်တွင် စေတနာရှိ၏။ အသင့်လည်း ဖြစ်၏။ ကျွန်တော်နှင့် နှစ်ကာလ အတန်ကြာမျှ ရင်းရင်းနှီးနှီး ဆက်ဆံခဲ့ဖူးသဖြင့် ထိုအကြောင်းကို မိန်းကလေးသည် ကောင်းစွာ တွက်ဆနားလည်ပြီး ဖြစ်တန်ရာ၏။

"ဒီတစ်ခါတော့ မိအေးအနေနဲ့ နောက်ဆုံးအကူအညီ တောင်းတာဖြစ်ချင်လည်းဖြစ်နေမှာမို့ မိအေးကို ကူညီပါဦးဆရာ"... မိန်းကလေး၏ အသံသည် တုန်လှိုက်လျက်ရှိ၏။ မိအေးကို ကူညီပါဦးဆရာဆိုသော အချပိုဒ်တွင် အသံသည် တိမ်ဝင်၍သွား၏။

"မိအေးအနေနဲ့ နောက်ဆုံး အကူအညီတောင်းတာဖြစ်ချင်လည်းဖြစ်နေမှာမို့" ဟု ဆိုလိုက်သည့်အတွက် ကျွန်တော်သည် လှုပ်လှုပ်ရှားရှား

mgyoe.com

mgyoe.com



ဖြစ်သွားရ၏။ သို့ရာတွင် လေးလေးနက်နက်တော့ သဘောမထား လိုက်မိပေ။ ဆေးပြင်းလိပ်မီးခိုးများအကြားမှ မိန်းကလေးကို ကျွန်တော် တစ်ချက်မျှ လှမ်း၍ကြည့်လိုက်၏။ အလွမ်းရိပ်၊ အဆွေးရိပ်များ အား ကြီးလှသော ထိုမိန်းကလေး၏မျက်လုံးအိမ်တွင် မျက်ရည်စကလေးများ ဝဲလျက်ရှိ၏။

*

mgyoe.com

mgyoe.com

# နောက်ဆုံးသော ညစာ

(၁)

ဘားလမ်းရုံးခန်းမှ မောင်မြင့်သိန်းနှင့် ကျွန်တော်တို့ ဆရာတပည့်နှစ်ယောက် မောရစ်ကားကလေးနှင့် ထွက်လာကြသောအခါ မလှမ်းမကမ်းရှိ တရားလွှတ်တော်ချုပ် နာရီစင်မှ နာရီပြန်တစ်ချက်တီးသံကို ကြားရ၏။ ကုန်သည်လမ်းမကြီးအတိုင်း ရွှေဘုံသာလမ်းထိပ်အထိမောင်းသွားပြီးနောက် ရွှေဘုံသာလမ်းအတိုင်း ဗိုလ်ချုပ်ဈေးသို့ဝင်ကာအသင်းဆိုင်တွင် အိမ်သုံးပစ္စည်းများဝယ်ခြမ်းရန်အတွက် မောင်မြင့်သိန်းကို ချထားပေးရန်ဖြစ်၏။ ထိုကိစ္စပြီးမှ အခြားကိစ္စများကို တစ်ခုပြီးတစ်ခု ဆောင်ရွက်ရန် အကြမ်းဖျင်းစိတ်ကူးထား၏။

စနေနေ့ နေ့ခင်းပိုင်းဖြစ်၍ ကုန်သည်လမ်းတစ်လျှောက် ယာဉ်အသွားအလာ ရှင်းလင်းနည်းပါး၏။ ထို့ကြောင့် မော်တော်ကားကို ခပ်ဖြည်းဖြည်း ခပ်အေးအေး မောင်းရင်း မိနစ်ပိုင်းလောက်က ကျွန်တော့်ရုံးခန်းမှ ပြန်ထွက်သွားသော ထိုမိန်းကလေး၏အကြောင်းကို စဉ်းစားလာ၏။ ထိုမိန်းကလေးတွင် မည်ကဲ့သို့ အရေးကိစ္စများ ပေါ်ပေါက်လာပြန်ပြီနည်း။ ကျွန်တော်က အဘယ်သို့ ကူညီရမည်နည်း။ ဤတစ်ကြိမ်

mgyoe.com

mgyoe.com


တွင်ကော ကျွန်တော်သည် ချောချောမောမော ကူညီနိုင်ပါ့မည်လား။ မည်ကဲ့သို့ပင်ဖြစ်စေ ထိုမိန်းကလေး၏ ညစာထမင်းစားပွဲဖိတ်ကြားချက်ကို ကျွန်တော် လက်ခံခဲ့ပြီးလေပြီ။

ထိုအခိုက် မော်တော်ကား နောက်ခန်းထဲတွင် ၎င်း၏ ကျောင်းစာအုပ်တစ်အုပ်ကို စူးစူးစိုက်စိုက် ဖတ်ရင်း ငြိမ်သက်စွာ လိုက်ပါလာသော သူငယ်က "အင်္ဂလိပ်အဘိဓာန်ကောင်းကောင်းတစ်အုပ် ကျွန်တော် ဝယ်ချင်လို့ဆရာ... ဘယ်လိုဟာမျိုးဝယ်ရင် ကျွန်တော့်အတွက် သင့်မလဲ...." ဟု မေးလိုက်သဖြင့် ကျွန်တော့်အတွေး ပြတ်၍သွား၏။

"ကျောင်းသားသုံးဆိုရင်တော့ အောက်စ်ဖို့ အကျဉ်းဝယ်ပါလားကွ..." ဟု လွှတ်ခနဲပြောလိုက်ပြီးမှ ထိုသူငယ်၏အခြေအနေကို သတိရသောကြောင့် "မင်းမှာ ပိုက်ဆံဘယ်လောက်ရှိလို့လဲကွ" ဟု ထပ်မေးလိုက်ရ၏။

"စောစောက မမအေး ကျွန်တော့်ကို မုန့်ဖိုးဆိုပြီး ငွေအစိတ်ပေးသွားတာရှိလို့ အဲဒီပိုက်ဆံနဲ့ အဘိဓာန်တစ်အုပ်ဝယ်ရရင် ကောင်းမလားစဉ်းစားမိလို့ပါဆရာ..."

"ဒါဖြင့် လိုတာ ငါစိုက်ပေးပါ့မယ်ကွာ..." ဟု ပြောဆိုခိုက်ရွှေဘုံသာ လမ်းထိပ်သို့ ရောက်လာသဖြင့် ကားကို ချိုး၍ ကွေ့လိုက်ရ၏။

ရွှေဈေးကွက်ဖြစ်၍ ရွှေဘုံသာလမ်းတစ်လျှောက်သည် စည်ကား၏။ သို့ရာတွင် ရွှေဈေးကွက်ကိုလက်ဝါးကြီးအုပ်ထားသူများကား တိုင်းခြားသားများဖြစ်၏။ လူကလည်းစည်၊ ဥဒဟိုလမ်းမကြီး သုံးခုကလည်း ဖြတ်ထားသောကြောင့် ဗိုလ်ချုပ်ဈေးသို့ ချောချောမောမောရောက်အောင် သတိထား၍ ကားကိုမောင်းရ၏။ ထို့ကြောင့် စောစောက ပြတ်သွားသောအတွေးကို ပြန်၍မဆက်နိုင်တော့ပေ။

ဗိုလ်ချုပ်ဈေး တက္ကသိုလ် သမဝါယမအသင်းဆိုင်သို့ ရောက်

mgyoe.com

mgyoe.com


သောအခါ အမေနှင့် ဒေါ်လေးတို့ မှာလိုက်သော အိမ်သုံးပစ္စည်းများကို ဝယ်ခြမ်းရန် မောင်မြင့်သိန်းနှင့် လွှဲထားခဲ့ရပြီးနောက် အခြားလုပ်ငန်း တစ်ခုကို စရန်ပြင်ရ၏။ အခါတိုင်း အသင်းဆိုင်သို့ရောက်လျှင် နာရီဝက်၊ တစ်နာရီခန့် စကားကောင်းနေကျဖြစ်သော ကိုအေးတို့၊ ကိုမြတ်ထွန်းတို့ လူသိုက်နှင့်ပင် အေးအေးလူလူ စကားပြောချိန်မရတော့၊ "ဟော့လူ… နေပါဦးဗျ…" ဟု တားနေသည့်ကြားမှ မော်တော်ကားပေါ်သို့ အရောက်တက်ကာ ဗိုလ်ချုပ်ဈေးမှ ပြန်ထွက်လာရ၏။

## (၂)

ဒုတိယအစီအစဉ်မှာ မနက်ဖြန် မင်္ဂလာဆောင်အတွက် လက်ဖွဲ့ပစ္စည်းဝယ်ခြမ်းရန်ကိစ္စဖြစ်၏။ မင်္ဂလာဆောင်မှာ မသွားမဖြစ်သော လူရင်းနှင့် မျက်နှာကြီး မင်္ဂလာဆောင်ဖြစ်၏။ ကမ်းနားလမ်းဟိုတယ်တွင် ကျင်းပ၍ တရားဌာနဝန်ကြီးကိုယ်တိုင် လက်ထပ်ပေးမည့် မင်္ဂလာဆောင်အမျိုးအစားလည်းဖြစ်၏။ သို့ရာတွင် ထိုမင်္ဂလာဆောင်အတွက် အဘယ်သို့သော လက်ဖွဲ့ပစ္စည်း ဝယ်ခြမ်းရမည့်ကိစ္စကိုပင် ကျွန်တော်သည် စဉ်းစားရွေးချယ်ခြင်း မပြုရသေးပေ။ မျက်နှာပန်းလှလှနှင့် အသုံးလည်း ဝင်မည့်ပစ္စည်းတစ်ခုခုကိုတော့ ဝယ်ပေးရမည်ဖြစ်၏။

သတို့သား မောင်တင်ထွန်းမှာ လွှတ်တော်ရှေ့နေ လိုင်စင်မရမီက ကျွန်တော်နှင့်တွဲ၍ အမှုလိုက်သင်ခဲ့သော ဥပဒေဝိဇ္ဇာဘွဲ့ရ လူငယ်တစ်ဦးဖြစ်၏။ နှစ်ဖက်သော လူကြီးမိဘချင်းလည်း ခင်မင်ရင်းနှီးကြရုံမက သူ့အစ်ကိုကြီးဖြစ်သူ ရာဘက် ရာဇဝတ်တရားသူကြီး ဦးမြင့်ထွန်းသည် ကျွန်တော်နှင့် ဥပဒေတန်းကိုတစ်နှစ်တည်းအောင်ခဲ့သော ကျောင်းနေဖက်သူငယ်ချင်းဖြစ်၏။

သတို့သမီးမှာ တရားလွှတ်တော်ချုပ် တရားဝန်ကြီးတစ်ဦး၏

mgyoe.com

mgyoe.com


သမီးထွေးဖြစ်၏။ ထိုမိန်းကလေးနှင့်မူကား ကျွန်တော်သည် လူချင်း မတွေ့ဆုံဖူးပေ။ သို့ရာတွင် သူ့ဖခင်နှင့်တော့မူ အလုပ်သဘောအရ ဆက်ဆံဖူး၏။ လူချင်းမရင်းစေကာမူ မျက်မှန်းတန်းမိ၏။

ယင်းသို့ မသွားလျှင်မဖြစ်သော မင်္ဂလာဆောင်၊ မျက်နှာကြီး မင်္ဂလာဆောင်အတွက် လက်ဖွဲ့ရမည့်ပစ္စည်းကို ဗိုလ်ချုပ်ဈေး ထွက်လာ တော့မှ ကျွန်တော်သည် စဉ်းစားရ၏။ လက်ဖဝါး၊ ခြေဖဝါးမှ အိုးသစ်၊ အိမ်သစ်နှင့် အိမ်ထောင်သစ် ထူထောင်ကြရမည့် လူနှစ်ဦးအတွက် တကယ်လိုအပ်သော အိမ်မှုပစ္စည်းကို ထောက်ပံ့ပေးကမ်းရခြင်းမှာ မင်္ဂလာဖြစ်၏။ သို့ရာတွင် အစီအစဉ်နှင့် မဟုတ်ကြသဖြင့် ယင်းသို့ အများတကာက ဝိုင်းဝန်းထောက်ပံ့ကြသော ပစ္စည်းများသည် လိုအပ် သည်ထက် အဆမတန်ပိုလျှံနေတတ်၏။ ထို့ကြောင့် အလဟဿဖြစ် ရ၏။ ဖြစ်နိုင်လျှင် လိုသောပစ္စည်းကို အချိန်မရွေးဝယ်ယူနိုင်သော ငွေကြေးလက်ဖွဲ့ခြင်းသည် အကောင်းဆုံးဖြစ်၏။ သို့ရာတွင် ထိုအလေ့ သည် ခေတ်မီထွန်းကားခြင်းမရှိသေးရကား ကျွန်တော်သည် အထက် ဖော်ပြပါ မင်္ဂလာဆောင်အတွက် တကယ်လိုအပ်မည်ထင်ရသော ပစ္စည်း တစ်ခုခုကို စဉ်းစားနေရခြင်းဖြစ်၏။

ဗိုလ်ချုပ်လမ်းမကြီးအတိုင်း အရှေ့ဘက်သို့ ထွက်လာခဲ့သဖြင့် ခဏာငယ်အတွင်း လမ်းဆုံသို့ ရောက်၏။ သို့ရာတွင် မင်္ဂလာဆောင် အတွက် လက်ဖွဲ့ပစ္စည်းကိုကား စဉ်းစား၍မရသေးပေ။ ထို့ကြောင့် ဆူးလေဘုရားလမ်းအတိုင်း ချိုးကွေ့လာခဲ့ပြီးနောက် ဆံပင်ညှပ်ဆိုင် ကြီးတစ်ဆိုင်ရှေ့တွင် ကားကိုထိုးရပ်လိုက်၏။ နာရီဝက်ခန့် ဆံပင်ညှပ် ရင်း ထိုကိစ္စကို စဉ်းစားမည်ဟု အောက်မေ့ကာ ဆံပင်ညှပ်ဆိုင်အတွင်း သို့ ဝင်သွား၏။

ဆိုင်အတွင်း၌ လူစည်ကားလျက်ရှိ၏။ စနေနေ့ညနေပိုင်းဖြစ်၍

mgyoe.com

mgyoe.com


ရုံးအလုပ်သမားများနှင့်တူ၏။ ဆံပင်ညှပ်ခုံတိုင်း လူပြည့်လျက်ရှိသဖြင့် ကျွန်တော်သည် ယောင်ချာချာဖြစ်နေစဉ် "လာဗျို့... ဦးကျော်တင့်" ဟု တစ်စုံတစ်ယောက်က လှမ်းခေါ်လိုက်တော့မှ ကျွန်တော်သည် ထို မိတ်ဆွေရှိရာသို့ သွား၍ သူ့အနီးတွင် ထိုင်ရ၏။

ကျွန်တော့်ကို လှမ်းခေါ်၍ နေရာထိုင်ခင်းပေးသူမှာ ရဲအဖွဲ့ဆိုင် ရာ ဆရာဝန်ကြီးဦးမောင်မောင်တင်ဖြစ်၏။ အလုပ်သဘောအရ နှစ် ကာလအတန်ကြာမျှ ဆက်ဆံခဲ့ရသဖြင့် လူချင်းရင်းနှီးသူတစ်ဦးလည်း ဖြစ်၏။

သူ့အနီးရှိကုလားထိုင်အလွတ်တစ်လုံးတွင် ဝင်၍ထိုင်စဉ် "မနက် ဖြန် ကိစ္စတစ်ခုခုရှိလို့နဲ့တူတယ်။ အခါတိုင်း ခင်ဗျား တနင်္ဂနွေနေ့မှာသာ ဆံပင်ညှပ်တာ တွေ့ရတယ်" ဟု ရဲဆရာဝန်ကြီးက ကျွန်တော့် ပခုံးကို ရင်းရင်းနှီးနှီးပုတ်ရင်း ပြောဆို၏။

"အေးဗျာ... မနက်ဖြန် မင်္ဂလာဆောင်တစ်ခုက မသွားမဖြစ်လို့..." ကျွန်တော်က ခပ်တိုတိုပင် ပြန်၍ပြောလိုက်သည်။

"သြော်... သြော် တရားဝန်ကြီး ဦးဘတင်သမီး မင်္ဂလာဆောင်နဲ့ တူတယ်"

ကျွန်တော်သည် ခေါင်းကိုသာ ညိတ်ပြလိုက်ပြီးနောက် ဆေးပြင်း လိပ်တစ်လိပ်ကို ထုတ်ကာမီးညှိ၏။

"သြော်... ဒါထက် ခင်ဗျားနဲ့ ကျွန်တော်နဲ့ ရုံးမှာ အမှုချင်း မဆိုင် မိတာ တော်တော်ကလေး ကြာသွားပြီမှတ်တယ်" ဦးမောင်မောင်တင် သည် ကျွန်တော်နှင့် တရားခွင်တွင် အမှုဆိုင်ရသည်ကို စိတ်ပါဝင်စား စရာကဲ့သို့ အကြောင်းမရှိ အကြောင်းရှာကာ ပြောဆို၏။

လူသတ်မှုတစ်မှုနှင့် ပတ်သက်၍ တရားခံဘက်မှ ငှားရမ်းသဖြင့် လွန်ခဲ့သော လေး၊ ငါးလခန့်လောက်က စက်ရှင်တရားခွင်တွင် ကျွန်တော်

mgyoe.com

mgyoe.com


နှင့် ဦးမောင်မောင်တင်တို့ အကြိတ်အနယ်ရင်ဆိုင်ခဲ့ရဖူး၏။ ထို့နောက် လူချင်းမဆိုင်မိကြတော့ပေ။

ထိုအခိုက် ဆံပင်ညှပ်ခုံတစ်ခုံသည် အားလပ်သွားသောကြောင့် ကျွန်တော့်ထက် အရင်ရောက်နှင့်သော ရဲဆရာဝန်ကြီးကို ဆံပင်ညှပ်သော သူငယ်ကလာ၍ မ,သွားသဖြင့် ကျွန်တော်သည် မင်္ဂလာဆောင် လက်ဖွဲ့ပစ္စည်းအတွက် စဉ်းစားရန် လွတ်လပ်ခွင့်ရရှိလိုက်၏။

(၃)

ဆံပင်ညှပ်ပြီး၍ ဆိုင်တွင်းမှ ထွက်လာသောအခါ မနက်ဖြန် မင်္ဂလာဆောင်အတွက် လက်ဖွဲ့ပစ္စည်းကို ကျွန်တော်သည် စဉ်းစား ရွေးချယ်နိုင်ခဲ့ပြီဖြစ်၏။ ထို့ကြောင့် ဆူးလေဘုရားလမ်းမှ အနော်ရထာ လမ်းသို့ချိုးကာ ထိုကမှ ပန်းဆိုးတန်းသို့ မော်တော်ကားကို ခပ်မှန်မှန် မောင်းလာခဲ့၏။

ပန်းဆိုးတန်းတွင် ရေဒီယို၊ ရေဒီယိုဂရမ်၊ ဓာတ်စက်နှင့် အသံသွင်း စက်စသော ပစ္စည်းအမျိုးအစားများ ရောင်းချသော ကုန်တိုက်တစ်တိုက် ရှိ၏။ ထိုကုန်တိုက်ရှေ့တွင် ကားကိုရပ်ပြီးနောက် မိမိအလိုရှိသော ပစ္စည်း ကို ဝယ်ခြမ်းရန် အတွင်းသို့ဝင်ရ၏။

မှန်သေတ္တာကြီးငယ်များနှင့် တခမ်းတနားပြင်ဆင် ပြသထား သောပစ္စည်းများမှာ လိုချင်စရာပင်ဖြစ်၏။ တပ်မက်စရာလည်း ကောင်း ၏။ ကျွန်တော့်ထက် အရင်ကြို၍ ဆိုင်တွင်းသို့ ရောက်ရှိနေကြသော ကြည့်ရှုသူလော၊ ဝယ်ယူသူလော မခွဲခြားနိုင်သော အမျိုးသား အမျိုးသမီးတစ်ဒါဇင်ခန့် ရှိ၏။ နိုင်ငံခြားသား သုံးလေးဦးပါ၏။ ဆိုင် အလုပ်သမားများသည် ထိုသို့ လာရောက်ကြည့်ရှုသူများကို လူစေ့ တက်စေ့ လိုက်လံပြသကာ ရှင်းလင်းနေရသဖြင့် ဆိုင်အတွင်းသို့

mgyoe.com

mgyoe.com


ကျွန်တော်ဝင်လာသောအခါ ကြိုဆိုဧည့်ခံမည့်သူ တစ်ယောက်မျှ မရှိတော့ပေ။ မည်ကဲ့သို့ပင်ရှိစေ ကျွန်တော်သည် ကိုယ်ဝယ်မည့် ပစ္စည်းအတွက် ပြဋ္ဌာန်းပြီးဖြစ်၏။ ထို့ကြောင့် ရေဒီယိုဂရမ်များ သတ်သတ်ထားရှိသော အခန်းဘက်သို့လျှောက်လာခဲ့၏။

အရောင်းအဝယ်လုပ်ငန်းတွင် လိမ္မာရေးခြားရှိလျက် လူကဲခတ်ရာတွင်လည်း များစွာကျွမ်းကျင် ကောင်းမွန်ဟန်ရှိသော ကုန်တိုက်မန်နေဂျာသည် ၎င်း၏စားပွဲမှ ကျွန်တော်ရှိရာသို့ ကတိုက်ကရိုက်ထလာ၏။ ၎င်းကုန်တိုက်တွင် ရေဒီယိုဂရမ်အမျိုးအစား ဘယ်နှမျိုးစားရှိကြောင်း၊ ဘယ်အမျိုးအစားက အဘယ်သို့ကောင်းကြောင်း စသည်ဖြင့် တစ်ဖက်သား မဝယ်ချင် ဝယ်ချင်အောင် လေးလေးစားစား ရှင်းလင်းပြောပြ၏။ ရေဒီယိုဂရမ်များကို တစ်ခုပြီးတစ်ခု ကျွန်တော့်ကို စိတ်ရှည်လက်ရှည်ပြသ၏။ ယင်းကဲ့သို့ မန်နေဂျာက ကျွန်တော့်ကို ၎င်း၏ရောင်းကုန်ပစ္စည်းကို မဝယ်ချင် ဝယ်ချင်အောင် တိုက်တွန်း ပြောကြားလျက်ရှိစဉ် "ဟာ... အစ်ကိုကြီးပါလား" ဟူသော နှုတ်ဆက်သံကို ကြားရသဖြင့် အသံလာရာသို့ လှမ်း၍ကြည့်လိုက်ရ၏။

အသံရှင်မှာ မနက်ဖြန်မင်္ဂလာဆောင်မည့် သတိုးသား မောင်တင်ထွန်းဖြစ်၏။ ၎င်းနှင့်အတူ ယှဉ်တွဲ၍ပါလာသော မိန်းကလေးကိုမူကား ကျွန်တော် မတွေ့ဖူးပေ။ အသက် ၂၀ သာသာခန့် ရှိလိမ့်မည် မှန်းရ၏။ ချောမောလှပ၍ ကြည့်ပျော်၏။ ခေတ်ဆန်ဆန် ဖြီးလိမ်းပြင်ဆင်ထား၏။ ထိုမိန်းကလေးသည် မနက်ဖြန်မင်္ဂလာဆောင်မည့် သတိုးသမီးဖြစ်တန်ရာ၏။

မောင်တင်ထွန်းတို့ အတွဲကို အတန်ကြာငေးမောကြည့်ရှုနေမိပြီးမှ "မောင်တင်ထွန်းတို့ပါလားဟေ့..." ဟု ကျွန်တော်ပြန်၍ နှုတ်ဆက်နိုင်၏။

mgyoe.com

mgyoe.com


မောင်တင်ထွန်းသည် ၎င်း၏အတွဲမိန်းကလေးကို တစ်စုံတစ်ရာ ပြောဆိုပြီးနောက် ကျွန်တော်ရှိရာသို့ ခေါ်လာ၏။ ယင်းသို့ ခေါ်လာစဉ် အလိုက်သိသော မန်နေဂျာသည် ကျွန်တော့်အနီးမှ ထွက်ခွာသွား၏။

"ဒါက... ကိုယ် ချိန်ဘာရီးဒင်းဆင်းရတုန်းက တွဲခဲ့ရတဲ့ လွှတ်တော်ရှေ့နေကြီး ဦးကျော်တင့် မင်းနီ၊ ဒါကတော့ မနက်ဖြန် ကျွန်တော်နဲ့လက်ထပ်မယ့် မင်းနီဘတင်လေ အစ်ကိုကြီး..." မောင်တင်ထွန်းသည် ကျွန်တော်နှင့် ၎င်း၏ ဇနီးလောင်းတို့ကို အပြန်အလှန် မိတ်ဆက်၍ပေး၏ ။

မင်းနီဘတင်သည် တရားဝန်ကြီးတစ်ဦး၏သမီးနှင့် ခေတ်ပညာတတ် မိန်းကလေးတစ်ဦးပီပီ ကျွန်တော့်ကို ခင်ခင်မင်မင်အမူအရာဖြင့် ရင်းရင်းနှီးနှီးအသိအမှတ်ပြုကာ ၎င်း၏မိတ်ဆွေသစ်တစ်ဦးအဖြစ်လည်း ကောင်းစွာလက်ခံပုံရ၏။ ကျွန်တော့်မှာမူ ကိုယ့်ဟာနှင့်ကိုယ် မလုံမလဲ ဖြစ်နေရ၏။ လိပ်ပြာမသန့်သလိုလည်း ဖြစ်လျက်ရှိ၏။ မည်ကဲ့သို့ပင် ရှိစေ ဟန်ကိုယ့်ဖို့ဆိုသောစကားရှိသည့်အတိုင်း ထိုမိန်းကလေးနှင့် ဣန္ဒြေ ရရ ဆက်ဆံပြောဆိုနိုင်ရန် မာန်သွင်းရ၏။ ဤသို့ ကိုယ့်ကိုယ်ကိုယ် မာန်သွင်းနေရခိုက် "အစ်ကိုကြီးတစ်ယောက်တည်းလား၊ အစ်မကြီးကော ပါမလာဘူးလား" ယခုမှ လူချင်းသိခါစဖြစ်သော မင်းနီဘတင်က ကျွန်တော်နှင့်အတူပါမလာသော 'အစ်မကြီး' အကြောင်းကို မေးလိုက်၏။

တကယ်ဆိုတော့လည်း သုံးဆယ်ကျော်၍ လေးဆယ်ပိုင်းသို့ ကပ်နေပြီဖြစ်သော လူတစ်ယောက်ကို ထိုသို့မေးမြန်းပြောဆိုခြင်းမှာ အဆန်းမဟုတ်ပေ။ သဘာဝကျ၏။ ကျွန်တော်ကသာ ညံ့နေခြင်းဖြစ်၏။ ထို့ကြောင့် မိမိ၏ညံ့ဖျင်းမှုကို ဝန်ခံသည့်အနေနှင့် ကျွန်တော်သည် ပြုံးနေလိုက်ရ၏။

"အစ်ကိုကြီးက ခုထက်ထိ အိမ်ထောင်မရှိသေးဘူး မင်းနီ" မောင်

mgyoe.com

mgyoe.com


တင်ထွန်းက ကြားဝင်ကာ သူ့ဇနီးလောင်းကို တည့်မတ်ပေး၏။

"ဟင်...ဟုတ်လား၊ ဆောရီး... အစ်ကိုကြီး ဆောရီး" မိန်းကလေး သည် အားနာသွားပုံရ၏။

"အစ်ကိုကြီးအတွက် စိတ်မကောင်းတော့ ဖြစ်မနေပါနဲ့ မင်နီ၊ အစ်ကိုကြီးကိုယ်တိုင်ကလည်း ညံ့နေသေးလို့ပါ" တစ်ဖက်သားအနေရ အထိုင်ရ သက်သာချောင်ချိသွားစေရန် ကျွန်တော်သည် ရယ်မောပြော ဆိုလိုက်ရ၏။

ထိုအခိုက် လက်ထပ်ပြီးစနှင့်တူသော စုံတွဲတစ်တွဲသည် ဆိုင် အတွင်းသို့ဝင်လာရာမှာ အမျိုးသမီးလုပ်သူက 'မင်နီ' ဟု လှမ်းခေါ် သဖြင့် မင်နီဘတင်သည် ချာခနဲလှည့်၍ ကြည့်၏။ 'ပဂ္ဂီ' ဟု ပြန်၍ အသံပြုပြီးနောက် မောင်တင်ထွန်းနှင့် ကျွန်တော့်ကို ခွင့်တောင်းပြီးလျှင် မင်နီဘတင်သည် ၎င်း၏အသိရှိရာသို့ ထွက်သွား၏။

ကျွန်တော်တို့နှစ်ယောက်တည်းကျန်သောအခါ မောင်တင်ထွန်း သည် အေး အကြောင်းကိုစ၏။

"အေးတစ်ယောက်နဲ့များ အစ်ကိုကြီး နောက်ထပ်တွေ့သေး သလားဟင်..." မနက်ဖြန်တွင် တရားဝန်ကြီးတစ်ဦး၏ သမီးနှင့် လက်ထပ်ရတော့မည့်ဆဲဆဲ လူတစ်ယောက်က သူ လက်မထပ်လို၍ စွန့်ပစ်ထားခဲ့သော အညတရမိန်းကလေးတစ်ဦး၏အကြောင်းကို အရေး ထား မေးမြန်းလာသောအခါ ကျွန်တော်သည် ကြားလူဖြစ်စေကာမူ များစွာအနေရအထိုင်ရကျပ်၏။ ထိုသူငယ်၏မေးခွန်းကို ပြန်လည်ဖြေ ကြားရန်လည်းကျပ်လျက်ရှိ၏။

ဣန္ဒြေလုပ်ရန် ဆေးပြင်းလိပ်တစ်လိပ်ကို ထုတ်ယူ၍ ကျွန်တော် သည် မီးညှိလိုက်ရ၏။ လွန်ခဲ့သော ရက်သတ္တနှစ်ပတ်လောက်က ထို သူငယ်နှင့် ထိုမိန်းကလေးတို့၏ကိစ္စ မှုမှုတတဖြစ်စေရန် လူကြီးတစ်

mgyoe.com

mgyoe.com



ယောက်အနေနှင့် ကျွန်တော်သည်ကြားဝင်ခဲ့ရ၏။ မျှမျှတတဖြစ်စေရန် ဆိုသော်လည်း အမှန်အတိုင်းဝန်ခံရလျှင် ကျွန်တော်သည် ဘက်လိုက် ၏။ ဤလောက၌ ဘက်မလိုက်သောသူဟူ၍ မရှိချေ။ အဘိဓမ္မာ ဆရာကြီးဆိုသူများသာမက ဘုရားကိုယ်၌ပင်လျှင် ဘက်လိုက်သည် မဟုတ်သလော။ နှစ်နာသူနှင့်အားနွဲ့သူမိန်းကလေးဘက်တွင် ကျွန်တော် သည် မလွှဲမရှောင်သာ ရပ်ခဲ့၏။ သို့ရာတွင် မောင်တင်ထွန်းသည် ၎င်းနှင့်လူချင်းနောက်ဆုံးအကြိမ်အဖြစ်ဖြင့် တွေ့ဆုံခွင့်ပြုရန် တောင်းပန် လျက်ရှိသော ထိုမိန်းကလေး၏အသံကို ကြားနာခြင်းမပြု၊ နားနှစ်ဖက် တို့ကို ပိတ်၍ထား၏။ ထို့ကြောင့် မောင်တင်ထွန်း၏ မေးခွန်းကိုဖြေကြား ရန် ကျွန်တော့်တွင် တာဝန်မရှိတော့ပေ။

"အေးအတွက် ကျွန်တော် စိတ်မကောင်းပါဘူး အစ်ကိုကြီးရယ်၊ တကယ်ပြောတာပါ"

ကျွန်တော်သည် သည်းညည်းမခံနိုင်အောင် ဖြစ်လာသဖြင့် "တော် ပါတော့ မောင်တင်ထွန်းရယ်။ အေး ကိစ္စကို ခုအခြေရောက်နေမှ မင်းက ဘာပြုလို့ မေးနေ၊ ပြောနေရသေးတာလဲကွာ။ သူဟာနဲ့သူ ရှိပါစေ။ အစ်ကိုကြီးအနေနဲ့လည်း ဘာမှမကြားပါရစေနဲ့။ ပြောလည်း ပြောမနေ ပါရစေနဲ့တော့ကွာ" ဟု ပိတ်၍ ပြောဆိုပစ်လိုက်၏။

မောင်တင်ထွန်းသည် သက်ပြင်းကို ခပ်လေးလေးချရင်း "အေးကို ကျွန်တော် တကယ်သနားပါတယ် အစ်ကိုကြီး၊ ဒါပေမဲ့ အေးနဲ့ လက်ထပ် ဖို့ဆိုတာကတော့ ဘယ်လိုမှမဖြစ်နိုင်လွန်းလို့ပါ" ဟု ညည်းတွားပြောဆို လျက်ရှိ၏။

အေးနှင့်ပတ်သက်၍ မောင်တင်ထွန်းနှင့် ကျွန်တော့်အကြား အချိန်အနည်းငယ်အတွင်း ပေါ်ပေါက်ခဲ့သော မကောင်းလှသော ရာသီ ဥတုကို ပြောင်းလွှဲပစ်လိုက်ရန်အတွက် "ဒါထက် မင်းတို့နှစ်ယောက်

mgyoe.com

mgyoe.com


ဘာလာဝယ်ကြတာလဲကွ… မောင်တင်ထွန်း”ဟု အကြောင်းအရာသစ်ကိုစလိုက်ရ၏။ သို့ရာတွင် ထိုသူငယ်သည် ကျွန်တော့်မေးခွန်းကို ပြန်လည်ဖြေကြားရန် အဆင်သင့်ရှိပုံမရပေ။ ငိုင်နေ၏။ ထိုအခိုက်တွင် စောစောက အသိတစ်ယောက်ကိုတွေ့၍ ထွက်သွားသော မိန်းကလေးသည် ပြန်လည်ရောက်ရှိလာသဖြင့် အခြေအနေသည် လျော့ပါးကောင်းမွန်စပြုလာ၏။

“မင်နီတို့ ဘာဝယ်ကြမလို့လဲဟင်…”ဟု မင်နီဘတင်ကို အားပြု၍ မေးရ၏။

“ဘာရယ်လို့ ဝယ်ဖို့တော့မဟုတ်သေးပါဘူးအစ်ကိုကြီး၊ ရေဒီယိုဂရမ်တစ်လုံး ဝယ်ဖြစ်တဲ့အခါ ဝယ်ရအောင်လို့ လာကြည့်ကြတာပါ”

“ဒီလိုဆိုရင်တော့ ခုလိုအစ်ကိုကြီးနဲ့ တိုက်တိုက်ဆိုင်ဆိုင် လာတွေ့ကြတာ… မင်နီတို့ကံကောင်းတယ်လို့ ဆိုရမလား မပြောတတ်ဘူး”

မင်နီသည် ကျွန်တော်၏စကားကို အဓိပ္ပာယ်ကောင်းစွာ မရှင်းလင်း၊ မသဲကွဲသလို ခပ်တွေတွေလုပ်၍နေ၏။

“မနက်ဖြန် မောင်တင်ထွန်းနဲ့ မင်နီတို့ မင်္ဂလာဆောင်မှာ ရေဒီယိုဂရမ်တစ်လုံး လက်ဖွဲ့ရအောင် အစ်ကိုကြီး လာဝယ်နေတာနဲ့ မင်နီတို့တိုးနေလို့ ကံကောင်းတာလို့ ပြောလိုက်တာပါ…”ဟု ရှင်းလင်းပြလိုက်တော့မှ မိန်းကလေးသည် သဘောပေါက်နားလည်သွားပြီးလျှင် “ဟင်ဟုတ်လား အစ်ကိုကြီး၊ မင်နီတို့ကျေးဇူးတင်လိုက်တာရှင်…”ဟု ဝမ်းသာအားရပြောဆို၏။

ဤသို့ မင်နီနှင့်ကျွန်တော်တို့ စကားဖောင်လျက်ရှိသည့်တိုင်အောင် မောင်တင်ထွန်းသည် သူ၏အတွေးနယ် ဝဲသြဃအတွင်းမှ လွတ်မြောက်အောင် ရုန်းမထွက်နိုင်သေးဘဲ ရှိနေဟန်တူ၏။ ထို့ကြောင့် “ကိုင်းမောင်တင်ထွန်း… မင်းနဲ့ မင်နီတို့နှစ်ယောက်သဘောနဲ့ကိုက်တဲ့ ရေဒီယို

mgyoe.com

mgyoe.com


ဂရမ်တစ်လုံးကို မင်းတို့ဘာသာ မင်းတို့စိတ်ကြိုက်ကြည့်ကြ၊ ရွေးကြပေတော့ပော့" ဟု သူ့ကိုပါ စကားဝိုင်းထဲသို့ ရောဝင်လာနိုင်အောင် လမ်းခင်းပေးလိုက်ရ၏။

သည်တော့မှပင် ထိုသူငယ်သည်လည်း အသက်ပြန်ဝင်ကာ လှုပ်ရှားလာ၏။ အသံထွက်လာ၏။

အိုးသစ်၊ အိမ်သစ်နှင့် အိမ်ထောင်သစ်တစ်ခု ထူထောင်ရန် ရှေ့ရှုအားသန်လျက်ရှိကြသော လူငယ်နှစ်ဦးတို့သည် ၎င်းတို့၏ မင်္ဂလာဆောင်လက်ဖွဲ့ပစ္စည်းအဖြစ်ဖြင့် ရရှိမည့် ရေဒီယိုဂရမ်တစ်လုံးကို ပျော်ပျော်ပါးပါးကြည့်ရှုရွေးချယ်လျက်ရှိကြစဉ် သူနှင့်အတူ ယနေ့ညညစာစားသောက်ရန် ဖိတ်ကြားခဲ့သော တစ်ယောက်သော မိန်းကလေး၏အကြောင်းကို ကျွန်တော်စဉ်းစားမိ၏။ ရှုံးနိမ့်သူ ထိုမိန်းကလေးကို သတိရ လွမ်းဆွတ်မိ၏။ မျက်ရည်အစအနကလေးများ ဝဲလည်၍နေသော ထိုသူငယ်မ၏ မျက်လုံးနှစ်လုံးတို့ကို ကျွန်တော်မြင်ယောင်ထင်ယောင်လျက်ရှိ၏။ "ဒီတစ်ခါတော့ မိအေးအနေနဲ့ နောက်ဆုံးအကူအညီတောင်းတာဖြစ်ချင်လည်းဖြစ်နေမှာမို့ မိအေးကို ကူပါဦးဆရာ..." ဟူ၍ ပန်ကြားတိုးလျှိုးခြင်းပြုခဲ့သော ထိုမိန်းကလေး၏အသံကိုလည်း ကြားယောင်လျက်ရှိ၏။

မောင်တင်ထွန်းနှင့် မင်နီတို့နှစ်ဦး စိတ်တူသဘောတူ ရွေးချယ်ပြီးစီးသွားသော ရေဒီယိုဂရမ်အတွက် ကျသင့်သော အဖိုးအခကို ရှင်းလင်းပေးပြီးနောက် ကုန်တိုက်အတွင်းမှ ထွက်လာရသောအခါ ကျွန်တော်သည် လေးလံထိုင်းမှိုင်းလျက်ရှိ၏။ နှစ်ယောက်သော ဤလူငယ်များအတွက် ဝတ္တရားရှိသည့်အတိုင်း မိမိတတ်အားသမျှ အထောက်အပံ့ပေးခဲ့ပြီးနောက် ကျန်တစ်ယောက်သော သူငယ်မကိုလည်း ကျွန်တော်သည် အတတ်နိုင်ဆုံး ကူညီရဦးမည်သာဖြစ်၏။ တာဝန်လည်း ရှိ၏။

mgyoe.com

mgyoe.com


သို့ရာတွင် ထိုသူငယ်မဒ္ဒ အဘယ်သို့သော အကူအညီအထောက်အပံ့မျိုး လိုအပ်လျက်ရှိနေသည်ကိုမူကား ကျွန်တော် မသိရသေးပေ။ မည်ကဲ့သို့ပင်ဖြစ်စေ ထိုမိန်းကလေးတွင် လိုအပ်သော အကူအညီကို ကျွန်တော်သည် ပေးစွမ်းနိုင်သောကိုယ်သာ ဖြစ်လို၏။

(၄)

မြို့ထဲတွင် လုပ်ကိုင်ဆောင်ရွက်စရာ ကိစ္စဝိစ္စများ ပြီးစီး၍ စမ်းချောင်းဘက်ရှိ နေအိမ်သို့ပြန်ရောက်သောအခါ လေးနာရီထိုးသွားပြီဖြစ်၏။ မြို့ထဲရှိ မိန်းကလေးများဂေဟာတွင် ထိုမိန်းကလေးကို ၆ နာရီထိုး ဝင်ခေါ်နိုင်ရန်အတွက် စမ်းချောင်းနေအိမ်က ၅ နာရီခွဲလောက် ပြန်ထွက်မှ အလောတော်ကျမည်ဖြစ်၏။ ထို့ကြောင့် ကျွန်တော့်အတွက် အချိန်များစွာ မရှိတော့ပေ။ တစ်နာရီခွဲခန့်မျှသာ ကျန်၏။ ထိုအချိန်ပိုင်းအတွင်း ရေမိုးချိုး၍ အဝတ်အစားလဲရဦးမည်။ တစ်နေ့လုံး ပင်ပန်းလာသည့်အတွက် အနည်းဆုံးနာရီဝက်လောက်လည်း အနားယူချင်သေး၏။ ထို့ကြောင့် အိမ်သို့ပြန်ရောက်လျှင်ရောက်ချင်း အဝတ်အစားများ ကတိုက်ကရိုက်လဲ၏။ ထို့နောက် မိမိအခန်းတွင်းရှိ အိပ်ရာထက်တွင် ခေတ္တတစ်ဖြုတ်လောက်လှဲကာ အနားယူရန် ပြင်ဆင်ခိုက် ဒေါ်လေး ဒေါ်ငြိမ်းခင်သည် အခန်းအတွင်းသို့ ဝင်လာပြီးလျှင် 'တစ်အောင့် တစ်ဖြုတ်လောက် အနားယူပြီးရင် မင်းညစာစားဖို့အတွက် ဒေါ်လေး ပြင်လိုက်ရတော့မလားဟေ့ မောင်ကျော်တင့်" ဟု မေးလာ၏။

အခါတိုင်းလည်း ကျွန်တော် ရုံးမှ အိမ်ပြန်ရောက်လျှင် ဒေါ်လေးသည် ထိုသို့မေးနေကျခြင်းဖြစ်သော်လည်း ကျွန်တော့်အဖို့ ယခုအကြိမ်တွင် အသစ်အဆန်းလိုဖြစ်နေ၏။ ထို့ကြောင့် ဘာမှ ပြန်မပြောနိုင်သေးဘဲ ငိုင်၍နေ၏။

mgyoe.com

mgyoe.com



"မနက်က ဈေးထဲမှာ ငါးမြင်းသားလတ်လတ်ဆတ်ဆတ် ရလာတာနဲ့ မင်းကြိုက်တတ်တဲ့ ငါးမြင်းဆီပြန် ချက်ထားတယ်။ ခေါင်းကိုတော့ ဂျူးမြစ်နဲ့ ချဉ်ရည်ဟင်းချက်တယ်။ ဘယ်လိုလဲ၊ မင်း အနားယူရေမိုးပါချိုးပြီးရင် စားဖို့အတွက် ဒေါ်လေးပြင်နှင့်တော့မယ်နော်" ထိုအဘွားကြီးသည် ကျွန်တော့်ကို ညစာစားရန် ရိုးရိုးတန်းတန်းပြောနေသည်နှင့်မတူ အကျပ်ကိုင်နေသကဲ့သို့ရှိ၏။

အေးနှင့်အတူ ညစာစားမည့်အကြောင်း ဒေါ်လေးကို ရှင်းလင်းပြောကြားရန် ကျွန်တော်သည် စကားစရှာမရဘဲ ဖြစ်နေ၏။ ထို့ကြောင့် ငိုင်မြဲ ငိုင်နေ၏။

"ဒေါ်လေး ပြင်လိုက်တော့မယ်ဟေ့" ဟုပြောဆိုကာ ထိုအဘွားကြီး ထွက်သွားမည်လုပ်တော့မှ "ကနေ့ည ညစာ အပြင်မှာ သွားစားဖို့ရှိနေလို့ ဒေါ်လေး" ဟု လှမ်း၍ ပြောလိုက်နိုင်၏။

"အေး ဟုတ်လား။ ဒီလိုဆိုရင်တော့ ဒေါ်လေးအပင်ပန်းခံပြီး ချက်ထားရတဲ့ ငါးမြင်းဆီပြန်ဟင်းအတွက် မင်းလျော်ကြေးပေးမှဖြစ်လိမ့်မယ်" ဒေါ်လေးက ရယ်သလို မောသလို ပြောဆို၏။

"အပြင်က ဖိတ်ထားတဲ့ ညစာက မစားလည်း မဖြစ်လို့ပါ ဒေါ်လေးရဲ့" ကျွန်တော် ကြိုက်နှစ်သက်တတ်သော ထမင်းဟင်းများကို ဂရုတစိုက် ချက်ပြုတ်ကျွေးမွေးလေ့ရှိသော ထိုအမယ်ကြီး စိတ်ပြေသွားအောင်ရှင်းလင်းပြောကြားရ၏။

"မစားမဖြစ်လို့လေး ဘာလေးနဲ့ လုပ်မနေပါနဲ့ကွယ်။ နေ့ခင်းလောက်က အေး ပေါက်လာပြီး မင်းကိုသူက ကနေ့ညစာကျွေးဖို့အတွက် မင်းအမေကိုရော ဒေါ်လေးကိုပါ ခွင့်တောင်းသွားပြီးပါပြီ။ တစ်နေ့ခင်းလုံးလည်း အိမ်မှာရှင်းစရာရှင်း၊ လုပ်စရာတွေလုပ်နဲ့ မင်း ပြန်မရောက်ခင်နာရီဝက်လောက်ကမှ ပြန်သွားတာ" ဒေါ်လေး ဒေါ်ငြိမ်းခင်သည် အေး

mgyoe.com

mgyoe.com


လာကြောင်း ပြောဆိုပြီးနောက် ပြန်ထွက်သွား၏။

ဩ... ထိုမိန်းကလေးသည် နေ့ခင်းကပင် အိမ်သို့ဝင်သွားပြီး ပေပြီ။ အလုပ်တစ်ခုကို လုပ်တော့ကိုင်တော့မည်ဆိုလျှင် ပိုင်ပိုင်နိုင်နိုင် နှင့် စေ့စေ့စပ်စပ်လုပ်ကိုင်တတ်သော ထိုမိန်းကလေးကိုကား အံ့ဩ လောက်၏။

ကျွန်တော်နှင့်စပ်၍ အေးသည် ကျွန်တော့်မိခင်နှင့်ရော ဒေါ်လေး နှင့်ပါ ခင်မင်ရင်းနှီး၏။ ကျွမ်းဝင်၏။ အလွန်တရာရှေးဆန်ကြသော ထိုအဘွားကြီးနှစ်ဦးတို့သည် တော်ရုံသင့်ရုံ မိန်းကလေးများကို မျက်မှန်း တန်းခဲ၊ မျက်စိကျခဲ၏။ သို့ရာတွင် အေးတစ်ယောက်ကိုမူကား သူတို့ စိတ်တိုင်းကျ၏။ နှုတ်ကပင် ထုတ်ဖော်၍ ပြောသံကြားရ၏။

အေးသည် စမ်းချောင်းအိမ်သို့ တစ်လတစ်ခေါက်လောက် မှန်မှန် လာလည်တတ်၏။ ထိုမိန်းကလေး အိမ်သို့လာလည်သောနေ့များတွင် အိမ်မှာ အမယ်ကြီးနှစ်ဦးတို့သည် ပြုံးပြုံးရွှင်ရွှင်နှင့် ရှိနေတတ်ကြ၏။ ကျေနပ်နေတတ်ကြ၏။

အိမ်သို့လာလည်သောအခါ ထိုမိန်းကလေးသည် ဧည့်သည်လို မနေ၊ အိမ်သားတစ်ဦးလို နေတတ်၏။ မီးဖိုချောင်သို့လည်း ဝင်ကာ ငရုတ်သီးထောင်းတတ်၏။ အမေ့ဘုရားခန်းသို့ဝင်ပြီး ဘုရားပန်းလဲ ၏။ ကျွန်တော့်အိပ်ခန်းနှင့် စာကြည့်ခန်းကိုလည်း ရှင်းလင်း၏။ ကြိုး တန်းပေါ်တွင် ကျွန်တော့်အဝတ်အစားဟောင်းများတွေ့လျှင် ကိုယ်တိုင် လျှော်ဖွပ်ပေးသွားတတ်၏။

အိမ်မှာ ဆွမ်းကျွေးစရာရှိလျှင် အမေရော ဒေါ်လေးပါ အေးကို ညအိပ်ညနေ မှာတတ်၏။ အမေ နေထိုင်မကောင်းလျှင် ထိုမိန်းကလေး သည် အပြေးအလွှားရောက်လာ၏။ ညအိပ်ညနေ လူမမာကို ကိုယ်ဖိ ရင်ဖိ ပြုစု၏။ ခြေဆုပ်လက်နယ်ပြု၏။ အမေ့ထွေးခံကအစ အညစ်

mgyoe.com

mgyoe.com


အကြေးအိုးကိုလည်း သိမ်းဆည်းသန့်ရှင်း၏။

"ဒီလို သမီးကလေးတစ်ယောက်တော့ ရစမ်းချင်သကွယ်" ဟု အမေသည် မကြာမကြာ တမ်းတမ်းတတပြောဆို၏။

"ဒီလိုတော်တဲ့ မိန်းကလေးမျိုး တွေ့ဖူးပါဘူးဟယ်" ဒေါ်လေးကလည်း မကြာမကြာချီးမွမ်းပြောဆို၏။

အိမ်မှ အမယ်ကြီးနှစ်ဦးနှင့် ထိုမိန်းကလေးတို့၏ ဆက်ဆံရေးကို စဉ်းစားမိရာမှ အေး၏အကြောင်းကို ကျွန်တော်သည် ခုနစ်စဉ် အမျှင်တန်း လျှောက်၍တွေးမိ၏။ ထိုမိန်းကလေးတွင် အဘယ်သို့သော အကျပ်အတည်းနှင့် ပြဿနာများပေါ်ပေါက်လျက်ရှိပြန်ပြီနည်း။ ကျွန်တော့်ကို ချိန်းဆို၍ထားလေပြီ။

အေးသည် သူ့ဟာနှင့်သူ စဉ်းစားဖြေရှင်းခြင်း မပြုနိုင်သော အကျပ်အတည်းနှင့်ပြဿနာများရှိလာသောအခါများတိုင်း ကျွန်တော့်ဆီသို့သာ ပြေးလွှားလာတတ်၏။ ထိုမိန်းကလေး၏ ဘဝလမ်းခရီးတွင် ကျွန်တော်တစ်ယောက်ကလွဲ၍ ရင်ဖွင့်စရာနှင့် အားကိုးအားထားပြုစရာ တစ်ကောင်တစ်မြီးမှ မရှိရှာပေ။ တစ်ကောင်ကြွက်မကလေးသာတည်း။ ကျွန်တော်သည်လည်း မိမိနှင့် ဘယ်လိုမှ သွေးသားမတော်စပ်သော ထိုမိန်းကလေးတစ်ယောက်အပေါ် သံယောဇဉ်တွယ်တာကြီးမားလျက် ရှိနေ၏။

*

mgyoe.com

mgyoe.com

# ထင်းရှူးမြိုင်ဝယ်

## (၁)

အေး ဘော်ဒါအဖြစ်ဖြင့် နေထိုင်လျက်ရှိသော မိန်းကလေးများဂေဟာသို့ ရောက်သောအခါ ဂေဟာကို တာဝန်ယူအုပ်ချုပ်ရသူ ဆရာမကြီး ဒေါ်မြနှစ်နှင့် ရှေးဦးစွာ တွေ့ရ၏။ သူ့ကို ဆယ်မိနစ်လောက် အချိန်ပေးပါ လာတောင်းသဖြင့် အေးနှင့်မတွေ့ရမီ ထိုဆရာမကြီးနှင့် တွေ့ရခြင်းဖြစ်၏။

စစ်ပြီးခေတ် ရန်ကုန်တက္ကသိုလ်သို့ ကျွန်တော်ရောက်သောနှစ်က ဒေါ်မြနှစ်သည် မဟာဝိဇ္ဇာတန်းတက်ရင်း ယုဒသန်ကောလိပ်တွင် နည်းပြဆရာမ လုပ်ကိုင်လျက်ရှိသူဖြစ်၏။ လွတ်လပ်ရေးခေတ်နှောက်ပိုင်းတွင် နိုင်ငံခြားသာသနာပြုအဖွဲ့ကြီးတစ်ဖွဲ့က တည်ထောင်ဖွင့်လှစ်ထားသော မိန်းကလေးများ အထက်တန်းကျောင်းတစ်ကျောင်းတွင် ကျောင်းအုပ်ဆရာမကြီးအဖြစ်ဖြင့် လုပ်ကိုင်ခဲ့၏။ ထိုကမှတစ်ဖန် ယခု မိန်းကလေးများ ဂေဟာသို့ ပြောင်းရွှေ့လုပ်ကိုင်လျက်ရှိခြင်း ဖြစ်၏။ ဒေါ်မြနှစ်သည် ကျွန်တော့်ထက် ငါးနှစ်သာသာခန့်ကြီး၍ ယခုအခါ အသက် ၄၀ ကျော်လျက်ရှိပေပြီ။ တစ်ကိုယ်တည်းဘဝနှင့်လည်း ဖြစ်၏။

mgyoe.com

mgyoe.com



ဒေါ်မြနှစ်အုပ်ချုပ်လျက်ရှိသော ဂေဟာသည် အထိန်းသိမ်း၊ အအုပ်ချုပ် ကောင်းသည်။ စည်းကမ်းလည်းရှိသည်စသည်ဖြင့် ကျော်ကြား၏။ ထို့ကြောင့် အရွယ်ရောက်ပြီး မိန်းကလေးပေါင်း တစ်ရာငါးဆယ်ခန့်မျှ နေထိုင်လျက်ရှိကြ၏။ ထိုမိန်းကလေးထဲတွင် ခရစ်ယာန်ဘာသာဝင် မြန်မာမကလေးများနှင့် တခြားတိုင်းရင်းသူကလေးများသာမက ဗုဒ္ဓဘာသာဝင် မြန်မာမကလေးများ၊ အိန္ဒိယနှင့် အင်္ဂလိပ်မြန်မာကပြားမကလေးများပါ ပါဝင်၏။ များသော မိန်းကလေးများသည် ရုံးပြင် ကနားများတွင် အလုပ်အကိုင်အသီးသီးနှင့်ဖြစ်ကြပြီး အချို့မှုကား အလုပ်တစ်ဖက်နှင့် သက်ကြီးတက္ကသိုလ် တက်နေသူများ ဖြစ်ကြ၏ ။

သူ့ဝမ်းသူကျောင်းရင်း အသိမိတ်ဆွေတစ်ဦး၏အိမ်တွင် ထမင်းလခပေးစားကာ နေထိုင်လျက်ရှိရာမှ သက်ကြီးတက္ကသိုလ် စတက်ရသောနှစ်က မိန်းကလေးများဂေဟာတွင် ပြောင်းရွှေ့နေထိုင်လိုကြောင်း အသိမိတ်ဆွေနှင့် အဆက်အသွယ်ရှိလျှင် စီစဉ်ပေးရန် အေးသည် ထုံးစံအတိုင်း ကျွန်တော့်ထံ အကူအညီတောင်း၏။ ထို့ကြောင့် ဒေါ်မြနှစ်နှင့်တွေ့ဆုံပြီး ထိုမိန်းကလေးအတွက် ကျွန်တော် စီစဉ်ပေးခဲ့ရ၏။ အကြောင်းကိစ္စပေါ်လာ၍ အေးကမှာလျှင် ကျွန်တော်သည် ထိုဂေဟာသို့ ရောက်တတ်၏။ ထို့ကြောင့် ကျွန်တော်နှင့် အေးတို့၏ ခင်မင်ရင်းနှီးမှုနှင့် ဆက်ဆံရေးကို ဒေါ်မြနှစ်သည် ကောင်းစွာသိရှိနားလည်၏။

ဒေါ်မြနှစ်သည် အပျိုကြီးတစ်ဦးပင်ဖြစ်စေကာမူ ၎င်းထိန်းကျောင်းရသော မိန်းကလေးများကို သမီးကလေးများသဖွယ် ချစ်ခင်ယုယတတ်၏။ စေတနာထားတတ်၏။ ထို့ကြောင့် မိန်းကလေးများကလည်း ဒေါ်မြနှစ်ကို အလားတူတုံ့ပြန်ကြ၏။ ထိုသို့ တုံ့ပြန်ကြသူ မိန်းကလေးများထဲတွင် အပျိုကြီးဒေါ်မြနှစ်သည် အေးတစ်ယောက်အပေါ် ထူးထူး

mgyoe.com

mgyoe.com


ကဲကဲ စေတနာထားပုံရ၏။ ကျွန်တော်နှင့် လူချင်းတွေ့သောအခါများ တိုင်း အေးအကြောင်း ချီးမွမ်းစကားပြောကြား၏။ အေး၏အနေအထိုင် စည်းကမ်းရှိပုံ၊ ပိရိပုံနှင့် သိမ်မွေ့ပုံများကို မမောမပန်း ပြောဆိုတတ်၏။

အေးကို ခေါ်ဆောင်ရန်အတွက် ဂေဟာ၏ ဧည့်ခန်းဆောင်သို့ ကျွန်တော်ဝင်လာသောအခါ ဆရာမကြီး ဒေါ်မြနှစ်က အပြုံးဖြင့်ကြို ဆိုရင်း "အေးဆီ အလည်လာတာပဲလား... မောင်ကျော်တင့်" ဟု ဆီး၍ မေးမြန်းနှုတ်ဆက်၏။

"ဟုတ်တယ် မမနှစ်... ကနေ့ညအပြင်မှာ ညစာစားဖို့အတွက် မိန်းကလေးကို လာခေါ်တာပါ" ဟု ရိုရိုသေသေ ပြန်လည်ဖြေကြားလိုက် ၏။

ထို့နောက် ဆယ်မိနစ်ခန့်အချိန်ပေးဖို့ တောင်းပန်ပြီး သူ့ရုံးခန်းသို့ ဖိတ်ကြားသဖြင့် ကျွန်တော်လိုက်သွားရ၏။ ရုံးခန်းအတွင်း၌ ထိုင်မိကြ လျှင် "ခုတစ်လော အေးရဲ့ အနေအထိုင်နဲ့ပတ်သက်ပြီး မောင်ကျော်တင့် ကို တိုင်ကြားဖို့ မမနှစ်မှာ တာဝန်ကလေး နည်းနည်းပါးပါးလောက်ရှိ နေလို့ပါ" ဟု ဒေါ်မြနှစ်က အေးအကြောင်းနှင့် စလာ၏။

"အေးတစ်ယောက် ဘယ်လိုဖြစ်နေလို့လဲဟင်" ကျွန်တော်သည် လှုပ်လှုပ်ရှားရှားဖြစ်ကာ အငမ်းမရပြန်မေးလိုက်မိ၏။

"ထွေထွေထူးထူးတော့ မဟုတ်လှပါဘူး။ ဒါပေမဲ့ အခုတစ်လော သူ့ကို ကြည့်ရတာ အရင်ကလိုမဟုတ်ဘဲ နည်းနည်းပါးပါး ပြောင်းလွဲ လာသလားလို့ပါ"

"ဘယ်လိုပြောင်းလွဲလာတာလဲ မမနှစ်"

"ရုံးကခွင့်ယူပြီး ကျောင်းလည်းတက်တာမတွေ့မိတာ တနင်္ဂနွေ နှစ်ပတ်ကျော်ပြီထင်တယ်"

"ဩော်... ဟုတ်လား"

mgyoe.com

mgyoe.com


"နောက်ပြီးတော့ အပြင်လည်း ထွက်တာပြုတာ မတွေ့ရဘဲ သူ့အခန်းမှာချည်း အောင်းအောင်းနေတယ်"

"ဩော်... ဩော်... ဩော်"

"ပြီးတော့လည်း ညညဘက် တော်တော်နဲ့ မအိပ်ဘူးထင်တယ်။ နာရီပြန်တစ်ချက်အထိ သူ့အခန်းမီးဟာ လင်းနေတယ်"

"ဟုတ်ကဲ့..."

"ဒါနဲ့ မမနုစ်က သူ့ကိုမေးကြည့်တော့ ညညဘက် အိပ်မပျော်တာနဲ့ ဆေးသောက်ရတယ်လို့ ပြောတယ်။ အေးနဲ့ပတ်သက်ပြီး ပြောချင်တာကတော့ ဒါပါပဲ မောင်ကျော်တင့်" ဒေါ်မြနုစ်သည် အေးနှင့်ပတ်သက်၍ တိုင်ကြားပြောကြားရန်ရှိကိစ္စများ ပြောဆိုလိုက်ရသဖြင့် တာဝန်ပေါ့သွားဟန်ရှိ၏။

ဒေါ်မြနုစ် ရုံးခန်းမှထွက်လာသောအခါ ညညဘက်များတွင် အိပ်မရသဖြင့် အိပ်ဆေးများသောက်နေရသည်ဆိုသော ထိုမိန်းကလေးတစ်ယောက်အတွက် ကျွန်တော်သည် စိုးရိမ်ပူပန်လျက်ရှိ၏။ ထိုမိန်းကလေးသည် ပရိဒေဝမီးကြီးကြီးမားမား လောင်မြိုက်ခံနေရပုံပေါ်၏။ သို့ရာတွင် ထိုကဲ့သို့သော အနာရောဂါကိုမူကား ကုရာနတ္ထိဆေးမရှိဆို၏။ ရှေးလူတို့က သတိနှင့်ပညာသာလျှင် ဆေးဖြစ်သည်ဟု ညွှန်းကြ၏။

အေးနှင့်မောင်တင်ထွန်းတို့၏ အဖြစ်အပျက်နှင့် အတွင်းရေးများကို သိတန်သရွေ့ သိရှိထားရသူတစ်ဦးအနေနှင့် ထိုမိန်းကလေး၏ရောဂါဝေဒနာကို ကျွန်တော်သည် နားလည်၏။ သို့ရာတွင် ထိုအကြောင်းဘာမျှလည်းမသိ၊ အပျိုကြီးလည်းဖြစ်နေသူတစ်ဦးကတော့မူ အဘယ်သို့ နားလည်နိုင်ပါမည်နည်း။

mgyoe.com

mgyoe.com



(၂)

ဧည့်ခန်းတွင် ကျွန်တော်သည် ခေတ္တမျှသာ စောင့်ရ၏။ အေးသည် ၎င်းနေထိုင်လျက်ရှိသော အပေါ်ထပ်မှ ဖြီးလိမ်းပြင်ဆင်လာ၏။

ဤအကြိမ် အေးဝတ်စားဆင်ယင်ပုံသည် တစ်မူထူးခြား၏။ ထဘီက အနီ၊ အင်္ကျီကလည်း အနီ၊ ကတ္တီပါဖိနပ်ကလည်း နီရဲမှုမက ဦးခေါင်းတွင်လည်း ရဲရဲနီသော နှင်းဆီပွင့်ကို ပန်ဆင်ထား၏။ ထို့ကြောင့် အေးသည် အနီရောင်မင်းသမီးကလေးဖြစ်နေ၏။

အေး ထိုသို့ တစ်ကိုယ်လုံးနီမြန်းနေအောင် ဝတ်စားထားပုံကို ကျွန်တော် ယခင်က တစ်ကြိမ်တွေ့မြင်ဖူးပြီထင်၏။ ကြာတော့ ကြာပြီ။ ထို့ကြောင့် ဘယ်တုံးကဟူ၍ တိတိကျကျ မမှတ်မိ။ စဉ်းစားကြည့်သော်လည်း မရ။ ကြာတော့ ကြာပြီ။

ကျယ်ဝန်းသော ဧည့်ခန်းမကြီးအတွင်း မိမိတို့မိတ်ဆွေအသီးသီးကို ဧည့်ခံစကားပြောဆိုလျက်ရှိကြသော ဂေဟာမှ မိန်းကလေးသုံးယောက်တို့သည် လှေကားမှဆင်းလာသော အေးကို လှမ်း၍ကြည့်၏။ အဆောက်အအုံတစ်ခုတည်းတွင် အတူနေထိုင်ကြသူများဖြစ်စေကာမူ ထိုမိန်းကလေးများသည် အေးကို ငေးမောကြည့်ရှုလျက်ရှိကြ၏။ ထိုမိန်းကလေးများ အလားတူပင် ကျွန်တော်သည်လည်း အနီရောင်မင်းသမီးကလေးကို ငေးမောကြည့်ရှုနေမိ၏။

အေးသည် ကျွန်တော့်အနီးတွင်လာ၍ရပ်၏။ "မိအေးတို့ သွားကြမှပဲ ထင်တယ်ဆရာ" အေးသည် ၎င်း၏ လက်ပတ်နာရီကို လှမ်းကြည့်ရင်း ပြောဆိုကာ ကျွန်တော့်ထံမှ မော်တော်ကားသော့ကို လက်ဖြန့်ခံ၍တောင်း၏။ ကားသော့ပေးပါဟု နှုတ်မှ မပြော၊ အချက်သိပြီးသားဖြစ်၍ လက်ထဲတွင် အသင့်ပါလာသော ကားသော့ကို ကျွန်တော်သည် ထိုမိန်းကလေးလက်ဝယ်သို့ ပေးအပ်လိုက်ရ၏။ ထိုသို့ ကားသော့ကို

mgyoe.com

mgyoe.com


ပေးလိုက်စဉ် မိန်းကလေးကိုယ်မှ အမွှေးအကြိုင်နှင့် အနံ့ကလေးများ သည် ကျွန်တော့်ဆီသို့ တိုးဝင်လာကြ၏။

ယနေ့ညအဖို့ အေးသည် သူ့အစီအစဉ်နဲ့ ကျွေးမွေးခြင်းဖြစ်၏။ ထို့ကြောင့် ဘယ်အရပ်၊ ဘယ်နေရာတွင် ဘာကျွေးမည်ကို ဧည့်သည် လုပ်သူက မေးမြန်းစုံစမ်းရန် မရှိ၊ သူခေါ်ရာသို့ ကျေနပ်ရရှနှင့် ငြိမ်ငြိမ် သက်သက် လိုက်သွားရန်သာ ဖြစ်၏။

ဧည့်ခန်းအတွင်းမှ နှစ်ယောက်သားထွက်လာကြပြီးနောက် အပြင် တွင် ရပ်ထားပစ်ခဲ့သောကားအနီးသို့ရောက်သောအခါ အေးသည် ကားမောင်းသူ၏နေရာကို ဖျတ်ဖျတ်လတ်လတ် ယူလိုက်၏။ ကျွန်တော် သည် ကားမောင်းသူဘေးတွင် ခပ်ကုပ်ကုပ်ဝင်ထိုင်ရ၏။ ကားမောင်း သူ၏ကိုယ်မှ အနံ့အသက်ကလေးများသည် မွှေးမြလျက်ရှိ၏။

အေးသည် မော်တော်ကားကို ကောင်းစွာမောင်းတတ်သူဖြစ်၏။ လိုင်စင်နှင့်လည်း ဖြစ်၏။ များမကြာမီအတွင်း ကျွန်တော်တို့နှစ်ယောက် စီးလာသော မော်တော်ကားကလေးသည် မိန်းကလေးများ ဂေဟာကို ကျော်ခိုင်းကာ ခပ်မှန်မှန်ပြေးလွှားလျက်ရှိ၏။ ဆယ်မိနစ်သာသာခန့် အတွင်း ယာဉ်အသွားအလာ ရှုပ်ထွေး၍ အဟန့်အတားများ ထူထပ်သော အခါ မြို့လယ်ကောင်ကို ဖောက်ထွက်ကာ အေးသည် မော်တော်ကား ကလေးကို ပြည်လမ်းမကြီးအတိုင်း မောင်းနှင်လျက်ရှိ၏။ လမ်းမကြီး ကလည်း ကျယ်၊ အသွားအလာနှင့် အဟန့်အတားများကလည်း ရှင်းလင်း နည်းပါးသွားပြီဖြစ်ခြင်းကြောင့် ဂေဟာမှထွက်ကတည်းက မော်တော် ကားအတွင်း ကြီးစိုးလျက်ရှိသော တိတ်ဆိတ်ခြင်းကို "ဆရာ ဆာများနေ ပြီလားဟင်" ဟူသော မေးခွန်းဖြင့် အေးက စတင်ကာ ဖြိုဖျက်ပစ်လိုက် ၏။ သို့ရာတွင် အေးသည် ကျွန်တော့်ကို ခေါင်းငဲ့၍မျှပင် မကြည့်၊ ရှေ့တည့်တည့်သို့သာ ကြည့်ကာ မော်တော်ကားကို မောင်းလျက်ရှိ၏။

mgyoe.com

mgyoe.com


အစာစားဖို့ထက် ထိုမိန်းကလေးက အစာစားသောက်ဖို့ ဖိတ်ကြားသောကိစ္စကိုသာ ကျွန်တော်သည် မျှော်ရှူလျက်ရှိ၏။ စိတ်ဝင်စား၏။ အေးသည် အလုပ်လည်းမဆင်း၊ ကျောင်းလည်းမတက်၊ ညညဘက်တွင်လည်း မအိပ်၊ အိပ်ဆေးများလည်း သောက်သည်ဆိုသောဒေါ်မြနှစ်ထံမှ ရလာခဲ့သော သတင်းများနှင့် ညစာစားဖို့ ဖိတ်ကြားသောကိစ္စသည် တစ်နည်းမဟုတ် တစ်နည်းနည်းများဆက်စပ်နေမည်လားဟု ကျွန်တော် တွေးတော စဉ်းစားမိ၏။

တရားဝန်ကြီးတစ်ဦး၏သမီးတစ်ယောက်နှင့် လက်ထပ်တော့မည်ဟူသော သတင်းအစအနများကြားရကတည်းက အေးသည် ၎င်း၏ချစ်သူ မောင်တင်ထွန်းနှင့် လူချင်းတွေ့ဖို့အတွက် အကြိမ်ကြိမ်ကြိုးစားခဲ့ဟန်တူ၏။ မောင်တင်ထွန်းက မည်သို့မျှ အတွေ့မခံသည့်အဆုံး ထိုလူငယ်အပေါ်၌ သြဇာညောင်းတန်သလောက်ညောင်းသော ကျွန်တော်ကတစ်ဆင့် အားထုတ်ကြည့်၏။ မနေသာ၍ ကျွန်တော်သည် ထိုကိစ္စကို ကြားဝင်ရ၏။ သို့ရာတွင် မောင်တင်ထွန်းသည် ထိုအရေးတွင် ကျွန်တော့်သြဇာကို မခံတော့ပေ။ ကြံ့ကြံ့ခံ၏။ ထိုကိစ္စအတွက် အေးသည်တော်တော်ကလေး စိတ်ဆင်းရဲဒုက္ခရောက်ခဲ့ရဟန်ရှိ၏။ သို့ရာတွင် ထိုမိန်းကလေးသည် လူ့ဘဝအတွေ့အကြုံများပြားသူတစ်ဦးဖြစ်၏။ ရင့်ကျက်ကြွယ်ဝသူတစ်ဦးလည်း ဖြစ်၏။ ထို့ကြောင့် ထိုအသည်းနှလုံးနှင့်ဆိုင်သောပြဿနာကို သူ့ဟာသူ တဖြည်းဖြည်းကုစားသွားနိုင်လိမ့်မည်ဟု ကျွန်တော်ထင်၏။

"ဆရာ ဆာများနေပြီလားဟင်" ကျွန်တော့်ထံမှ အဖြေမရသောကြောင့် အေးကထပ်၍မေးလာပြန်၏။ သည်တော့မှ ကျွန်တော်လည်း သတိရကာ "မဆာသေးပါဘူး မိအေးရာ" ဟု ဖြေကြားလိုက်ရ၏။

"ဆရာ့အချိန်ပိုအချိန်အားကလေးကို အနှောက်အယှက်ကြမ်းစီးမိတဲ့မိအေး

mgyoe.com

mgyoe.com


တစ်ယောက်ကို စိတ်များဆိုးနေသလား ဆရာ”မိန်းကလေးသည် စကား မရှိ စကားရှာကာ ပြောဆိုနေဟန်ရှိ၏။ ကျွန်တော့်ကိုလည်း မသိမသာ စောင်းငဲ့၍ကြည့်၏။

ကျွန်တော်သည် ဆေးပြင်းလိပ်တစ်လိပ်ကို ထုတ်ယူကာ မီးညှိ လိုက်၏။ မိန်းကလေး၏ ရိသဲ့သဲ့မေးခွန်းကို ဖြေကြားခြင်းပြုမနေတော့ ဘဲ ဆေးပြင်းလိပ်ကိုသာဖွာ၏။ ကမာရွတ် အဝိုင်းကြီးကို ကျော်လာ သောအခါ မော်တော်ကားအတွင်း ဆေးပြင်းလိပ်မီးခိုးများဝေ၍ နေ၏။ အေးသည် ဆေးပြင်းလိပ်မသောက်တတ်ပေ၊ ထို့ကြောင့် “ဆရာ့ ဆေးပြင်းလိပ်ကြီးကလည်း မီးခိုးတင်မွှန်တာမကဘူး၊ အနံ့ကလည်း ဆိုးလိုက်တာလွန်ပါရောလား ဆရာရယ်” ဟု ညည်းတွားလိုက်၏။

“လူမှုဆိုင်ရာ နိယာမတရားတွေထဲမှာ အပေးနဲ့ အယူဆိုတဲ့ နိယာမတရားတစ်ပါးလည်း ရှိသေးတယ်မဟုတ်လား.....”

အနီရောင်ခြယ်ထားသော နှုတ်ခမ်းကလေးများကို မိန်းကလေး သည် စုလိုက်၏။ ပြီးမှ “မိအေးအပေါ်လည်း ဆရာက ကြေးညှိချင်သေး သကိုး”ဟု ပြောဆို၏။

ဂျင်ပေါက်ကစားရာတွင် သူများဂျင်ကို စူးဝင်အောင်ပေါက်လိုက်ရ သော ကလေးသူငယ်တစ်ယောက်၏ ကြည်နူးခြင်းမျိုးကို ကျွန်တော် သည် ရင်တွင်း၌ ခံစားလိုက်ရ၏။ လူတို့သည် အသက်အရွယ်အိုမင်း ကြီးရင့်စေကာမူလည်း ကလေးသူငယ်ဘဝက ဂျင်ကို လက်ထဲမှ မချ တတ်ကြပေ၊ စွဲကိုင်မြဲ ကိုင်ထားတတ်ကြ၏။

ထိုအချိန်တွင် ထင်းရှူးမြိုင်ပျော်ပွဲစားရုံခြံဝင်းအတွင်းသို့ အေး သည် မော်တော်ကားစက်ရှိန်ကိုလျှော့ကာ ချိုးဝင်လျက်ရှိ၏။

mgyoe.com

mgyoe.com


# (၃)

ကားပေါ်မှ အဆင်းတွင် လွန်ခဲ့သော သုံးနှစ်လောက်က အေးနှင့် ကျွန်တော် ဤထင်းရှူးမြိုင်တွင် ညစာအတူစားခဲ့ကြသောအဖြစ်ကို ရုတ်တရက်သတိရလာ၏။ ဂေဟာတုန်းက အနီရောင်မင်းသမီးကလေး ၏အကြောင်းကို တွေးမရအောင် ရှိခဲ့၏။ ယခုမူ ကျွန်တော်သည် မတွေးရတော့ပေ။ ဦးခေါင်းထဲတွင် အလိုလိုပေါ်လျက်ရှိ၏။ ထိုအချိန် က ယခုကဲ့သို့ ညစာကို ဖိတ်ကြားကျွေးမွေးသူမှာ ကျွန်တော်ဖြစ်၏။ ယခုတစ်ကြိမ်မူ အေး၏အလှည့်ဖြစ်လေပြီတကား။

ထိုည၏ သူဌေးမဖြစ်သော အေး၏ အစီအစဉ်အတိုင်း ၎င်းခေါ် ဆောင်ရာသို့ ကျွန်တော် ငြိမ်သက်စွာလိုက်ပါ၏။ ထင်းရှူးမြိုင်မှ ဧည့်ကြိုသည် အေးကို အရိုအသေပေးပြီးနောက် ညစာစားသောက်ရမည့် နေရာသို့ ရှေ့ဆောင်ခေါ်ငင်သွား၏။

ထင်းရှူးမြိုင်သည် ယခင် သုံးနှစ်ခန့်နှင့်မတူတော့၊ များစွာ ပြောင်းလွဲလျက်ရှိ၏။ လွန်ခဲ့သော သုံး–နှစ်ခန့်က ငယ်ရွယ်နုနယ်သော ထင်းရှူးပင်ကလေးများသည် ယခုအခါ ကြီးရင့်ဝေဆာလျက်ရှိကြပြီ၊ ထိုသုံးနှစ်အတွင်း ကျွန်တော်သည် ထင်းရှူးမြိုင်သို့ တစ်ခေါက်မှ ပြန် မရောက်တော့ပေ။

ထင်းရှူးမြိုင်သည် အစားအသောက်သက်သက် တစ်ခုတည်း အတွက် မဟုတ်ဘဲ မိမိတို့၏ညနေပိုင်းကို အေးအေးချမ်းချမ်း အသုံးပြု လိုသူများအတွက်ပါ သင့်လျော်ကောင်းမွန်သော ပျော်ပွဲစားရုံဖြစ်၏။ သို့ရာတွင် ဈေးကြီး၏။ ထို့ကြောင့် ဧည့်ပါး၏။ သို့ရာတွင် သန့်၏။ ကျွန်တော်သည်ပင် အမှုသည်တစ်ဦးက ၎င်း၏အမှုတစ်ခုအတွက် အေးအေးဆေးဆေး တိုင်ပင်ပြောကြားလို၍ ကျွေးမွေးသဖြင့် လွန်ခဲ့သော သုံးနှစ်ကျော်လောက်ကမှ ဤပျော်ပွဲစားရုံ၏အကြောင်းကို စတင်သိရှိ

mgyoe.com

mgyoe.com


ခဲ့ခြင်း ဖြစ်၏။

ထင်းရှူးပင်များကြီးစိုးလျက်ရှိသောကြောင့် ထင်းရှူးမြိုင်ပျော်ပွဲစားရုံဟု ပညတ်ထားသော်လည်း ကျယ်ဝန်းသောခြံဝင်းအတွင်း နှင်းဆီနှင့် စံပယ်ပန်းများ အကွက်ကျကျ စိုက်ပျိုးထား၏။ ဧည့်ကြိုသည် နှင်းဆီတောကိုဖြတ်၍ အေးနှင့် ကျွန်တော့်ကို ခေါ်သွားပြီးနောက် စံပယ်ရုံကြီး တစ်ရုံအောက်တွင် နေရာချပေး၏။ ထို့နောက် ပြန်ထွက်၍ သွား၏။

အေးသည် ကုလားထိုင်တစ်လုံးတွင်ထိုင်၏။ "ထိုင်လေဆရာ၊ စားစရာတော့မှာလိုက်ပြီ" ဟု အေးက ကျွန်တော့်ကို အထိုင်ခိုင်း၏။ သို့ရာတွင် ကျွန်တော်သည် ဖင်မပါသူအလား ရပ်မြဲရပ်နေမိ၏။ စံပယ်ရုံ၏ ပတ်ဝန်းကျင်ကိုစိတ်ဝင်စားကာ အကဲခတ်ကြည့်ရှုနေမိ၏။

စံပယ်ရုံအောက်တွင် လူနှစ်ယောက် အေးအေးလူလူ စားသောက်ရင်း လွတ်လွတ်လပ်လပ် စကားပြောဆိုနိုင်သော စားပွဲတစ်လုံးနှင့် ကုလားထိုင်နှစ်လုံးကို သပ်သပ်ရပ်ရပ် ခင်းကျင်းပြင်ဆင်ထား၏။ ထိုနေရာကလေးသည်လွန်ခဲ့သော သုံးနှစ်လောက်က အေးနှင့် ကျွန်တော်တို့နှစ်ယောက် ညစာကို အေးအေးဆေးဆေးစားသောက်ရင်း စကားပြောခဲ့ကြသောနေရာလည်းဖြစ်၏။ သုံးနှစ်ခန့်က ဤနေရာ၌ဖြစ်ခဲ့၊ ပျက်ခဲ့သော အဖြစ်အပျက်ကလေးများကို ပြန်လည်စဉ်းစားမိသောအခါ ကျွန်တော်သည် သုံးနှစ်ခန့်ပြန်ငယ်သွား၏။ ထင်းရှူးမြိုင်အတွင်းသို့ ဝင်လာစကထက် ယခင်က အဖြစ်အပျက်များသည် ပိုမိုပီပြင်လာ၏။ ရုပ်ရှင်ကားကြည့်ရသလို ထင်ထင်ရှားရှားဖြစ်လာ၏။

ယခင် သုံးနှစ်က ကျွန်တော်သည် ကိုယ့်စိတ်ကူးနှင့်ကိုယ် ထိုမိန်းကလေးကို ဤအရပ်ဒေသသို့ ခေါ်ဆောင်လာခြင်းဖြစ်၏။ ယခုအပတ်တော့မူ ကျွန်တော်၏ အလှည့်မဟုတ်တော့၊ ထိုမိန်းကလေး၏ အလှည့်ဖြစ်၏။ မိန်းကလေးသည် သူ့စိတ်ကူးနှင့်သူ ကျွန်တော့်ကို မလာခြင်း

mgyoe.com

mgyoe.com


ဖြစ်၏။ သို့ရာတွင် သူ့စိတ်ကူးထဲတွင် ဘာတွေ တန်းစီနေကြသည်ကို ကျွန်တော်မသိ။

"ထိုင်လေဆရာ..." အေးက ဒုတိယအကြိမ် သတိပေးတော့မှ ကျွန်တော်သည် သတိရလာပြီးလျှင် ကုလားထိုင်လွတ်တွင် ထိုင်လိုက်ရ၏။

ကျွန်တော်သည် အနေရအထိုင်ရ ကြောင်သလိုရှိသဖြင့် လက်ထဲက ဆေးပြင်းလိပ်တိုကိုမီးညှိရင်း အေးပန်ဆင်ထားသော နှင်းဆီပန်းကို အမှတ်မဲ့လှမ်းကြည့်လိုက်မိ၏။ ယခင်တစ်ကြိမ်ကလည်း ဤမိန်းကလေးသည် ဤသို့နီမြန်းသော နှင်းဆီပန်းကို ပန်ဆင်၏။ ယခုအကြိမ်ကဲ့သို့ပင် အင်္ကျီနီ၊ ထဘီနီ၊ ဖိနပ်နီတို့နှင့်ဖြစ်၏။ ယခု အကြိမ်တွင် ရေမွှေးနံ့များသည်သာ ယခင်အကြိမ်ကထက် ခြားနားသလိုရှိ၏။

ကျွန်တော်မူကား... ယခင်အခေါက်ကလိုမဟုတ်တော့၊ ထိုအကြိမ်က ကျွန်တော်သည် လည်စည်းကုတ်အင်္ကျီ၊ ဘောင်းဘီရှည်တို့နှင့်ဖြစ်၏။ ဆံပင်ကိုလည်း ပြောင်လက်ပိပြားနေအောင်ဖြီးထား၏။ ဖိနပ်ကလည်း ပြောင်လက်၏။ ကိုယ်တွင်လည်း အကောင်းဆုံးရေမွှေးနံ့ဆွတ်ထား၏။ ယခုအကြိမ်တော့မူ ပလေကတ်လုံကွင်း၊ မီးခိုးရောင်သက္ကလတ်အပေါ် အင်္ကျီ၊ မန္တလေးဖိနပ်တို့နှင့်မျှသာဖြစ်၏။ ရေမွှေးနံ့ကိုကား မဆွတ်မိတော့။ ဆံပင်ကိုလည်း ကြည့်ကောင်းရုံမျှသာဖြီး၏။

ဟိုတယ်မှစားပွဲထိုးများသည် စားစရာများကိုယူလာကာ တည်ခင်းပေးကြ၏။ ကြက်သားလုံးကြော်၊ ကော်ပြန့်ကြော်၊ ကကတစ်ငါးကြော်၊ ဘဲခေါင်းဟင်းချို၊ ဆယ့်နှစ်မျိုးကြော်နှင့် အခြားဟင်းရုံများတော်တော်စုံ၏။ အေးမှာထားသော စားစရာများတည်ခင်းပေးပြီးသောအခါ စားပွဲထိုးများ ပြန်ထွက်သွားကြ၏။

အေးသည် ကော်ပြန့်ကြော်များကို ကျွန်တော့်ပန်းကန်ထဲသို့ ထည့်

mgyoe.com

mgyoe.com


ပေးရင်း "စားရင်းပြောကြတာပေါ့ဆရာ..." ဟု ပြောဆို၏။

မိန်းကလေး၏ ဦးခေါင်းထက်မှ နှင်းဆီပန်းကို ကျွန်တော်သည် ငေးမောကြည့်ရှုနေ၏။

ညမှုကား ပျို့မျှစ်လျက်ရှိ၏။

## (၄)

"လွန်ခဲ့တဲ့ သုံးနှစ်လောက်က ဆရာနဲ့မိအေး ဒီနေရာမှာပဲ ညစာ အတူစားခဲ့ကြတာကို မှတ်မိသေးသလားဆရာ" ကော်ပြန့်ကြော်တစ်ခုကို ငရုတ်ပန်းကန်ထဲသို့ လှမ်းယူကာထည့်ရင်း အေးက စကားချီလိုက်၏။

ကျွန်တော်ကောင်းစွာမှတ်မိ၏။ သတိလည်း ရ၏။ သို့ရာတွင် လွန်လေပြီးသောသုံးနှစ်အချိန်က ကျွန်တော်သည် ဟိုတုန်းက ကျွန်တော် ဖြစ်၏။ ယခုကျွန်တော်သည် ဟိုတုန်းက ကျွန်တော် မဟုတ်တော့ပေ။

"ဆရာမှတ်မိသားပဲ... အဲဒါဘာပြုလို့လဲဟင်..." ကျွန်တော်သည် ဟင်းချိုတစ်ဇွန်းလှမ်းယူကာသောက်ရင်း ခပ်ဖြည်းဖြည်းပြန်၍ မေးလိုက်၏။

"သုံးနှစ်လောက်အချိန်က ကုန်သွားတော့ ဆရာသတိမှရသေးရဲ့လားလို့ မိအေးက မေးမိတာပါ" မျက်လွှာကိုချကာ အေးသည် ခပ်တိုးတိုးခပ်အုပ်အုပ်ပြန်ပြောသည်။

သုံးနှစ်ခန့်လောက်က အဖြစ်အပျက်နှင့် အကြောင်းအရာများကို သတိရ မရ စိတ်ပါဝင်စားစွာ စိစစ်မေးမြန်းလျက်ရှိသော ထိုမိန်းကလေး တစ်ယောက်တွင် အဘယ်သို့သော ရည်ရွယ်ချက်များရှိလေသနည်း။ မေးမြန်းရုံသက်သက် မေးမြန်းခြင်း မဟုတ်ဘဲ ပြန်လည်သတိရလာအောင် နှိုးဆွလှုံ့ဆော်ပေးနေခြင်းများဖြစ်လေသလား၊ ကျွန်တော်သည် ကိုယ့်ဟာကိုယ်တွေးတောလျက်ရှိ၏။ တကယ်ဆိုတော့ အသိရကျပ်

mgyoe.com

mgyoe.com


သောမိန်းမများတို့၏ အတွင်းစိတ်နေသဘောထားအမှန်ကို အဘယ်သူ သိနိုင်သနည်း။ မည်ကဲ့သို့ပင်ဖြစ်စေ စောစောက ဆိုခဲ့သည့်အတိုင်း လွန်ခဲ့သည့် သုံးနှစ်လောက်က အကြောင်းအရာများကို ယခုအချိန်တွင် ကျွန်တော်သည်များစွာ စိတ်ဝင်စားခြင်းမရှိတော့ပေ။ သာမန် အကြောင်း အရာတစ်ခုကဲ့သို့သာ အောက်မေ့၏။

စားစရာများကို တဖြည်းဖြည်းစားသောက်ရင်း ခေတ္တကြာမျှ စကားပြတ်သွား၏။

နေ့ခင်းပိုင်းက ပန်းဆိုးတန်းရေဒီယိုကုန်တိုက်တွင် မောင်တင်ထွန်း နှင့် သူ၏ဇနီးလောင်း မင်နီဘတင်တို့နှင့် တွေ့ခဲ့ရသော အကြောင်းကို ကျွန်တော်သတိရ၏။ အထူးသဖြင့် "အေးကို... ကျွန်တော်သနားပါ တယ် အစ်ကိုကြီး... ဒါပေမဲ့ အေးနဲ့လက်ထပ်ဖို့ဆိုတာကတော့ ဘယ်လိုမှ မဖြစ်နိုင်လွန်းလို့ပါ" ဟုဆိုလာသော မောင်တင်ထွန်း၏ စကားများကို ကြားယောင်မိ၏။ ထိုသူငယ်ကပင် "အေးအတွက် ကျွန်တော် စိတ် မကောင်းပါဘူး အစ်ကိုကြီး... တကယ်ပြောတာပါ" ဟူ၍လည်း မြည် တမ်းပြောဆိုသွားသေး၏။

ထိုသို့ မောင်တင်ထွန်းနှင့်တွေ့စဉ်က ၎င်းနှင့်မတွေ့မီ အေးနှင့် တွေ့သောအကြောင်းကိုလည်းကောင်း၊ ညနေပိုင်းတွင်အေးနှင့် ညစာ စားမည့်အကြောင်းကိုလည်းကောင်း ကျွန်တော်မဟာခဲ့ပေ။ အေး အကြောင်းနှင့်ပတ်သက်၍ ကျွန်တော့်ကို နောက်ထပ် ဘာမှ ပြောဆိုခြင်း မပြုရန်သာ ပိတ်၍ပြောပစ်ခဲ့၏။ ယခုလည်း မင်နီဘတင်ကိုချန်လှပ် ထားပြီးလျှင် မောင်တင်ထွန်းနှင့် တွေ့သောအကြောင်း ပြောရကောင်း မကောင်း ကျွန်တော်စဉ်းစားလျက်ရှိ၏။ ဤသို့စကားတစ်ခွန်းပြော ဖို့အတွက် ရှေ့နောက်ဝဲယာ လှမ်း၍ကြည့်နေခိုက် "မိအေး အိမ်ထောင်ပြု ဖို့ စဉ်းစားနေတဲ့ သတင်းများကြားရင် ဆရာတစ်ယောက် အံ့ဩသွား:

mgyoe.com

mgyoe.com


မလားတော့ မသိဘူး"ဟု ထိုမိန်းကလေးသည် ဖွင့်ပြောလိုက်၏။ ယင်းသို့ပြောရင်း ကြက်သားလုံးကြော်များ ကျွန်တော်ပန်းကန်ထဲသို့ ထည့်ပေး၏။

မိန်းကလေးပြောကြားသကဲ့သို့ပင် ထိုသတင်းစကားများကို မမျှော်လင့်ဘဲ ကြားလိုက်ရသဖြင့် ကျွန်တော်များစွာ အံ့သြလှုပ်ရှားသွား၏။ ကာယကံရှင်ကိုယ်တိုင်ကမဟုတ်ဘဲ တစ်စုံတစ်ယောက်ယောက်ကသာ ထိုသတင်းစကားပြောကြားပါမူ ကျွန်တော်သည် မည်သို့မျှ ယုံကြည်လက်ခံလိမ့်မည်မဟုတ်ပေ။ ယခုမူ ထိုကဲ့သို့ လက်ခံယုံကြည်ဖို့ရာ မလွယ်လှသောသတင်းစကားကို ကာယကံရှင်မိန်းကလေးကိုယ်တိုင်က ထုတ်ဖော်ကြားလိုက်လေပြီ၊ မိမိနားနှင့်လည်း ဆတ်ဆတ်ကြားရပြီ။

အေးနှင့် ကျွန်တော်၏မိတ်ဆွေသက်တမ်းသည် ငါးနှစ်ကျော်ခဲ့ပြီးဖြစ်၏။ အေးနှင့် ရင်းနှီးကျွမ်းဝင်ခဲ့သော ငါးနှစ်တာအချိန်ကာလအတွင်း ထိုမိန်းကလေးကို အရူးအမူးချစ်ခင်ကြသော၊ လက်ထပ်လိုကြသော လူပေါင်း တစ်ဒါဇင်ထက်မနည်းရှိကြောင်း ကျွန်တော်သိရှိ၏။ သို့ရာတွင် အေးတကယ်နှစ်လိုသူမှာ မောင်တင်ထွန်းတစ်ယောက်သာ ဖြစ်၏။ ယခုတော့မူ မောင်တင်ထွန်းသည် အေးနှင့်မဟုတ်ဘဲ တခြားတစ်ပါးသော မိန်းကလေးတစ်ယောက်နှင့် မနက်ဖြန်လက်ထပ်တော့မည်ဖြစ်၏။ ထိုသတင်းကို အေးလည်းသိ၊ ကျွန်တော်လည်းသိ၏။ သို့ဖြစ်လျှင် အေးသည် မည်သူမည်ဝါနှင့် လက်ထပ်မည်နည်း၊ သို့မဟုတ် လက်ထပ်ရန်စဉ်းစားနေသနည်း။ ထိုမိန်းကလေး စိတ်နေစိတ်ထားနှင့်သဘောကို ကျွန်တော်သိတန်သလောက် သိရှိသူတစ်ဦးဖြစ်၏။ ရင်ထဲနှလုံးထဲကမပါဘဲနှင့် ထိုမိန်းကလေးတစ်ယောက်သည် လူတစ်ယောက်ကို မည်သည့်နည်းနှင့်မျှ လက်ထပ်မည့် မိန်းကလေးမဟုတ်ချေ၊ ယခု

mgyoe.com

mgyoe.com


အခါ အေးသည် ၎င်း၏ခြေထောက်များပေါ်တွင် ကောင်းစွာ ရပ်တည်နိုင်သော မိန်းကလေးတစ်ဦးလည်းဖြစ်၏။

"ဆရာအများကြီး အံ့သြနေပြီနဲ့တူတယ်... ဟုတ်လားဆရာ" ပုစွန်ကြော်တစ်လုံးကို ကျွန်တော့်ပန်းကန်ထဲသို့ နောက်ထပ်ထည့်ပေးရင်း မိန်းကလေးသည် ပြုံးစစနှင့်မေး၏။

ကျွန်တော်သည်ဦးခေါင်းကိုသာ ညိတ်၍ပြလိုက်၏။ နှုတ်ကတော့ ဘာမျှပြန်မပြောနိုင်လိုက်ပေ။ ကျွန်တော်၏ အံ့သြခြင်းနှင့်လှုပ်ရှားခြင်းသည် ထိုမျှဖြစ်၏။

"ပုစွန်ကြော်ကလေး စားလိုက်ပါဦးဆရာ၊ တော်တော်ကောင်းတယ်" ၎င်းဝတ္ထုကို တစ်ပိုင်းတန်းလန်းနှင့် ရပ်ထားပြီးလျှင် အေးသည် ကျွန်တော်ကို ပုစွန်ကြော် အစားခိုင်းလျက်ရှိ၏။

နှလုံးသား၌ ပြင်းပြင်းထန်ထန်ထိမှန်ထားသော ဒဏ်ရာဒဏ်ချက်မှ သွေးစများမစဲမီ ထိုမိန်းကလေးသည် တစ်ပါးသောယောကျ်ားတစ်ယောက်နှင့် အဘယ်သို့ လက်ထပ်နိုင်စွမ်းရှိသနည်း။ သို့တည်းမဟုတ် ညဘက်များတွင် အိပ်စက်ခြင်းမပြုနိုင်သဖြင့် အိပ်ဆေးများအသောက်လွန်ကာ ထိုမိန်းကလေးသည် ကယောင်ချောက်ချားဖြစ်နေသလော၊ ကောင်းစွာမှ နေထိုင်ကောင်းပါ၏လော။

ကျွန်တော်သည် ထိုမိန်းကလေး၏မျက်လုံးများကို လှမ်း၍ကြည့်လိုက်မိ၏။ အလွမ်းရိပ်၊ အဆွေးရိပ်များ ယှက်သန်းနေခြင်းမှတစ်ပါး အခြားထူးခြားမှုနှင့် ဖောက်ပြန်မှုများကို ကျွန်တော်မတွေ့မိပေ။

"ကိုယ့်ကိုတကယ်ချစ်တဲ့သူ၊ ကြင်နာတဲ့သူတစ်ယောက်နဲ့ လက်ထပ်ပြီးတော့ ကိုယ့်အိမ်ကိုယ့်ယာ ကိုယ့်လင်ကိုယ့်သားတွေနဲ့ နေချင်ပြီဆရာ" အေးသည် ၎င်း၏စေတနာကို ရိုးရိုးသားသားနှင့် ပွင့်ပွင့်လင်းလင်း ပြောဆိုလျက်ရှိဟန်တူ၏။

mgyoe.com

mgyoe.com


ကျွန်တော်နှင့်သိကျွမ်းဆက်ဆံလာခဲ့သော ငါးနှစ်ကျော်အချိန်ကာလအတွင်း ထိုမိန်းကလေးသည် အိမ်အကြောင်း၊ ယာအကြောင်းနှင့် လင်အကြောင်း၊ သားအကြောင်းပြောဆိုဖို့နေနေသာသာ စိတ်ကူးထဲပင် ထည့်ခဲ့ဟန်မပေါ်။ ကျွန်တော်နှင့်ဆက်စပ်၍ ကျွန်တော့်ထံတွင် အလုပ်သင်သော မောင်တင်ထွန်းဆိုသောသူငယ်နှင့် သမီးရည်းစားသာ ဖြစ်ခဲ့သော်ငြားလည်း ထိုသူငယ်နှင့် လက်ထပ်မည့်အကြောင်း တစ်ခါမျှ ပြောသံဆိုသံ မကြားဖူးပေ။ ယခုမောင်တင်ထွန်းက တခြားမိန်းကလေး တစ်ဦးနှင့် လက်ထပ်တော့မည်လုပ်ခါမှ ထိုမိန်းကလေးသည် အိမ်အကြောင်း၊ ယာအကြောင်းနှင့် လင်အကြောင်း၊ သားအကြောင်းများ ထူးထူးခြားခြား ပြောဆိုလာခြင်းဖြစ်၏။ ထို့ကြောင့် "မိအေး လင်ယူသားမွေးမယ့်ကိစ္စကို ဆရာ ကန့်ကွက်စရာ မရှိပါဘူး"ဟု ရယ်ကာမောကာနှင့် ပြောဆိုလိုက်ရ၏။

အေးသည် ကျွန်တော့်ကို မျက်စောင်းထိုးကာကြည့်ရင်း "ဆရာ ကန့်ကွက်စရာ ရှိ မရှိမေးနေတာ မဟုတ်ဘူးဆရာ။ မိအေးကို ပေးနိုင်တဲ့အကူအညီနဲ့ ပေးစရာရှိတဲ့အကြံဉာဏ်ကလေးပေးဖို့ ပြောနေတာပါ" ဟု ပြောဆို၏။

"ဒီအတွက်နဲ့တော့ ဆရာ့ကို အထွေအထူးပြောနေဖို့ လိုလိမ့်မယ် မထင်ပါဘူးလေ။ တတ်နိုင်တဲ့ အကူအညီပေးဖို့နဲ့ ပေးစရာရှိတဲ့ အကြံဉာဏ်ပေးဖို့အတွက်ကတော့ ဆရာ အမြဲတမ်းအဆင်သင့်ရှိပါတယ် မိအေးရယ်"

ကကတစ်ကြော်ကို ခက်ရင်းနှင့်ဖဲ့ပြီး အေးသည် ကျွန်တော့် ပန်းကန်ထဲသို့ ထည့်ပေးရင်း "ဒီကမ္ဘာမြေတစ်ခွင်မှာ ဆရာတစ်ယောက်က လွဲပြီး မိအေးအားကိုးအားထားစရာ မရှိဘူးဆိုတာ ဆရာလည်း သိပြီး သားပါလေ" ဟု ညည်းတွားပြောဆိုခြင်းပြု၏။

mgyoe.com

mgyoe.com


(၅)

လေသည် တညင်းညင်းတိုက်ခတ်လျက်ရှိ၏။ ထင်းရှူးမြိုင်အတွင်း နှင်းဆီနှင့် စံပယ်နံ့များ သင်းထုံ၍နေ၏။ လမသာသော်လည်း ကောင်းကင်ပြင်သည် ကြယ်များဖြင့် ပြည့်ကျပ်နေ၏။ တန်ခိုးစွမ်းအင်ကြီးမားသော ကြယ်ကြီးများမှ အလင်းတန်းသည် ကမ္ဘာမြေပြင်သို့ ခြေဆင်းလျက်ရှိ၏။

"သုံးနှစ်ဆိုတဲ့ အချိန်က နည်းနည်းနောနော အချိန်မဟုတ်တော့ လွန်ခဲ့တဲ့ သုံးနှစ်လောက်ကဆရာနဲ့ မိအေး ဒီနေရာမှာ ညစာအတူ စားခဲ့ကြတာကို ဆရာသတိရမှရသေးရဲ့လားလို့ စောစောက မိအေး မေးခဲ့တယ်မဟုတ်လား ဆရာ" ခပ်စောစော ပြတ်သွားသော စကားစကို မိန်းကလေးက ပြန်ကောက်ရန် အားထုတ်ကြည့်ပြန်၏။

ယင်းသို့ ပြတ်သွားသော စကားစကို ပြန်ဖော်လိုက်သောအခါ ကျွန်တော့်တွင်လည်း ခပ်စောစောက ပြတ်သွားသော အတွေးပြန်ပေါ် ပြန်၏။ ပြတ်သွားသော ကျွန်တော်၏အတွေးမှာ မောင်တင်ထွန်းနှင့် တွေ့သောသတင်း ပြောသင့်၊ မပြောသင့် ချိန်ဆနေရသောကိစ္စဖြစ်၏။ ထိုကိစ္စကိုပြောလိုက်လျှင် မောင်တင်ထွန်းအပေါ် နာနာကြည်းကြည်း ဖြစ်ကောင်းဖြစ်နေမည်ဖြစ်သော ထိုမိန်းကလေး စိတ်သက်သာရာရ လိမ့်မည်ထင်၏။ ထို့ကြောင့် မိန်းကလေး စကားမဆက်မီ "နေ့ခင်းက မိအေးနဲ့တွေ့ပြီးတဲ့နောက် မောင်တင်ထွန်းနဲ့လည်း ဆရာ တွေ့ခဲ့သေးတယ်" ဟု ကျွန်တော် စလိုက်၏။

အေးသည် အေးချမ်းငြိမ်သက်စွာ ထိုင်နေရာမှ ဝုန်းခနဲထလိုက်သဖြင့် ကျွန်တော်သည် လန့်ဖျပ်၍သွား၏။ မိန်းကလေးသည် ထိပ်မွေ့ကိုက်ခံရလေသလား။

"မိအေးကို ဒီအကြောင်းမပြောပါနဲ့ဆရာ" မိန်းကလေး၏ အသံ

mgyoe.com

mgyoe.com


သည် တုန်ရီလျက်ရှိ၏။ ဝမ်းနည်းခြင်းနှင့် ဒေါသထွက်ခြင်းနှစ်ခု စလုံးကိုပင် ရောထွေးနေဟန်ရှိ၏။

နောက်ထပ်စကားဆက်၍ မဖြစ်တော့သဖြင့် ကျွန်တော်သည် ပါးစပ်အဟောင်းသားနှင့် လှုပ်လှုပ်ရှားရှားဖြစ်နေသော မိန်းကလေးကို ငေးစိုက်ကြည့်နေမိ၏။

"ဒီအဖြစ်အပျက်နဲ့ အကြောင်းအရာတွေကို ပင်ပင်ပန်းပန်းနဲ့ ခက်ခက်ခဲခဲ ဖျောက်ဖျက်ပစ်နေရတဲ့အချိန်အခါမျိုးမှာ ဒီကိစ္စနဲ့ပတ်သက်ပြီး မိအေးကို နောက်ထပ်ဘာမှအသိမပေးပါနဲ့ ဆရာ" အေးသည် အလေးအနက်တောင်းပန်ပြောကြားလျက်ရှိ၏။

ဆွမ်းခံရင်း ငှက်သင့်လျက်ရှိသော မိမိအဖြစ်အတွက်လည်း စိတ်မကောင်းဖြစ်ရ၏။ ထို့ကြောင့် "ဆရာ အများကြီးစိတ်မကောင်းပါဘူး မိအေးရယ်။ အများကြီးလည်း ဝမ်းနည်းပါတယ်" ဟု တောင်းပန် ပြောကြားခြင်းပြုရ၏။

အေးသည် ပြန်၍ထိုင်၏။ "ဒီလူတစ်ယောက်နဲ့ပတ်သက်ပြီး မိအေး ဘာသတင်းမှ မကြားချင်တော့ဘူးဆရာ" ဟူ၍လည်း နာနာကျင်ကျင် ပြောကြား၏။

ထိုမိန်းကလေး အာရုံပြောင်းလွှဲသွားစေရန်အတွက် "မိအေးမေ့နေတဲ့ သုံးနှစ်လောက်က အဖြစ်အပျက်နဲ့ အကြောင်းအရာတွေကို မမေ့သေးပါဘူး။ ဆရာ မှတ်မိနေပါတယ်။ ဒါနဲ့ ပတ်သက်ပြီး မိအေး ပြောချင်တာ ဘာများရှိလို့လဲဟင်" ဟူ၍ စကားကို ကျွန်တော် ပြန်၍ သင်ကြားလိုက်၏။

မိန်းကလေးသည် ပျောက်ဆုံးသွားသော ကစားစရာအရုပ် ပြန်တွေ့ရသော ကလေးသူငယ်မကလေးတစ်ယောက်လို ပြုံး၏။ ပါးချိုင့်ကလေးနှစ်ဖက်နှင့် သွားတက်ကလေးများ ပြန်ပေါ်လာ၏။ မျက်လုံး

mgyoe.com

mgyoe.com


ကလေးများလည်း ဝင်းလက်လျက်ရှိ၏။ သို့ရာတွင် ပြန်၍အားယူနေရသဖြင့် ပြောဆိုသောစကားကို ရုတ်တရက် မဆက်နိုင်သေးပေ။

တစ်ခုတည်းသာ ကျန်တော့သော ကော်ပြန့်ကြော်ကို ခက်ရင်းနှင့်ထိုး၍ ကော်ယူပြီးလျှင် ကျွန်တော်သည် အေး၏ပန်းကန်ထဲသို့ ထည့်ပေးလိုက်၏။ မိန်းကလေးသည် ကျွန်တော် ထည့်ပေးသော ထိုအကြော်ကို လက်မခံချေ။ ကျွန်တော့်ပန်းကန်ထဲသို့ ချက်ချင်းပြန်ထည့်ပေးရင်း "မိအေးထက် ဆရာက ကော်ပြန့်ကြော်ပိုကြိုက်တယ် မဟုတ်လား" ဟု ပြောဆို၏။

"အဲဒီညတုန်းက ဆရာက လည်စည်းတွေ၊ အင်္ကျီ၊ ဘောင်းဘီ ရှည်တွေနဲ့ ရှိုးအပြည့် မဟုတ်လား။ ပြီးတော့ ဆရာ့ရင်ညွှန့်မှာလည်း နှင်းဆီပန်းတစ်ပွင့် ထိုးထားသေးတယ်လေ" အေးသည် မှတ်ဉာဏ်လည်း ကောင်း၏။ ကာယကံရှင်ဖြစ်သူ ကျွန်တော်ကိုယ်တိုင် မေ့လျော့နေသော ရင်ညွှန့်မှ နှင်းဆီပန်းကို ထိုမိန်းကလေးသည် ကောင်းစွာမှတ်မိ၏။

ကျွန်တော်သည် အနည်းငယ် အနေရအထိုင်ရကျပ်သလို ရှိ၏။

"ပြီးတော့ ဆရာ့ရင်ညွှန့်က နှင်းဆီပန်းက မိအေးခေါင်းက ပန်းထက်တောင် နီသေးတယ်" ဟု ပြောဆိုကာ အေးသည် ၎င်း၏ဦးခေါင်းထက်မှ နှင်းဆီပန်းကို ဖြုတ်ယူလိုက်၏။ ထို့နောက် ထိုင်ရာမှ ထလာပြီးလျှင် ကျွန်တော့်ရင်ညွှန့်တွင် ထိုးစိုက်၍ပေး၏။

မိန်းကလေး၏ မွှေးပျံ့ ကိုယ်နံ့ကလေးများသည် ကျွန်တော့်နှာခေါင်းအတွင်းထဲ ပျံ့ဝင်လာကြ၏။ ထို့နောက် အဆုတ်နှင့်နှလုံးအိမ်များအထဲ တောက်လျှောက်ကြီး တိုးဖော့ဝင်ရောက်သွားကြပြန်၏။ ယင်းနေရာများကမှ တစ်ဖန် တစ်ကိုယ်လုံးရှိ သွေးကြောကြီးငယ်များ တစ်လျှောက် ပျံ့နှံ့စိမ့်ဝင်သွား၏။

mgyoe.com

mgyoe.com


အနည်းငယ်သာမဟုတ်တော့ဘဲ ကျွန်တော်သည် များစွာအနေရ ကျပ်လျက်ရှိ၏။ ထပြေးချင်သော စိတ်များသည်ပင် ကျွန်တော်၏ ဦးနှောက်အတွင်း ကိန်းအောင်းစပြုလာ၏။

နီရဲသော နှင်းဆီပန်းကို ကျွန်တော့်ရင်ညွန့်တွင် ထိုးပေးပြီးနောက် မိန်းကလေးသည် သူ့မူလနေရာသို့ ပြန်သွားကာ ဣန္ဒြေရရ ပြန်ထိုင်၏။ သည်တော့မှပင် စောစောက ထပြေးချင်စိတ်များ ပျောက်၍သွား၏။ သို့ရာတွင် အနေအထိုင်ရ ကျုံ့မြဲကျုံ့လျက်ရှိ၏။

"အဲဒီတုန်းက မိအေးကို ပြောခဲ့ဆိုခဲ့တဲ့ အကြောင်းအရာတွေကိုကော ဆရာမှတ်မိသေးရဲ့လားဟင်" ထိုစဉ်ကပြောဆိုခဲ့သောအကြောင်းအရာများကို မှတ်မိ မမှတ်မိကိုလည်း မိန်းကလေးသည် တိတိကျကျ မေးမြန်းလိုက်ပြန်၏။

ထိုမေးခွန်းအတွက် ကျွန်တော်သည် တုန်လှုပ်ချောက်ချားသွားရ၏။ မိန်းကလေးကိုပင် ရဲရဲမကြည့်ဝံ့အောင်ဖြစ်၏။ ထပြေးချင်သော စိတ်များ ပြန်လည်ထကြွလာ၏။

"ဆရာ မှတ်မိသေးတယ်မဟုတ်လားဟင်" အေး၏အသံကို ကြားရ၏။ သို့ရာတွင် အေးကိုကား ကျွန်တော် မမြင်တော့။ ထိုမိန်းကလေးကို ကျွန်တော် မကြည့်ဝံ့၍ မမြင်ရခြင်းမျှသာ ဖြစ်၏။

"မိအေး မေးခွန်းကို အဖြေပေးပါဦး ဆရာ" မိန်းကလေးသည် အဖြေတောင်းလာ၏။

အဖြေပေးရန်အတွက် ကျွန်တော်သည်ဝန်လေးပင်ပန်းလျက် ရှိ၏။ အဖြေမရှိ၍ကား မဟုတ်ပေ။

သုံးနှစ်လောက်က မိမိရင်ထဲက ပေါက်ကွဲပွင့်ထွက်သွားသော အကြောင်းအရာများကို ကျွန်တော်သည် ကောင်းစွာသတိရ၏။ ထိုကြောင့် ဟိုတုန်းက ကျော်တင့်ပြောဆိုခဲ့သော စကားအတွက် ယခု

mgyoe.com

mgyoe.com


ကျော်တင့် ဆက်လက်တာဝန်ယူဖို့ ကျပ်၏။ သို့ရာတွင် ထိုတာဝန် အတွက် ငြင်းဆန်၍လည်း မဖြစ်။

သုံးနှစ်ဆိုသော အချိန်ကာလအတွင်း လူတစ်ယောက်သည် များစွာပြောင်းလွဲနိုင်၏။ ဤလောကဌ် တည်မြဲရပ်တန့်၍နေသော အရာဝတ္ထုရှိကောင်းသလော။ ခဏငယ်တစ်ခုမှ နောက်ခဏငယ်တစ်ခုသို့ ပြောင်းလွဲစီးဆင်းနေသော အချိန်နှင့် တစ်ပါတည်း စီးဆင်းပြောင်းလဲနေကြရသည်မဟုတ်လော။

"ဘယ်လိုလဲ ဆရာ။ မိအေး မေးခွန်းကို အဖြေပေးပါဦး" မိန်းကလေးသည် ၎င်း၏မေးခွန်းအတွက် အဖြေကို တောင်းဆိုလျက်ရှိ၏။

ကျွန်တော်သည် ချွေးများပြန်ထွက်လျက်ရှိ၏။ ထိုမိန်းကလေး မေးခွန်းတစ်ခုကို မေးရိုးမေးစဉ် မေးနေခြင်းမျှသာ မဟုတ်တော့ပေ။ ၎င်း၏မေးခွန်းအတွက် အဖြေကို တင်းတင်းမာမာ တောင်းဆိုလျက်ရှိလေပြီ။ ထို့ကြောင့် အားမာန်သွင်းကာ အဖြေတောင်းဆိုသူ မိန်းကလေးကို ကျွန်တော်သည် လှမ်း၍ကြည့်လိုက်၏။

လေသည် တညင်းညင်းဖော့ယမ်းတိုက်ခတ်လျက်ရှိ၏။ နှင်းဆီနှင့် စံပယ်နံ့များလည်း ပျံ့မွှေးဆဲဖြစ်၏။

ရှေ့တည့်တည့်တွင် ခပ်ပြုံးပြုံးကလေး ထိုင်နေသော အနီရောင် မင်းသမီးကလေးသည် ယင်းသို့ အားမာန်သွင်းကာ ကျွန်တော်လှမ်းကြည့်ခိုက် တစ်စတစ်စ အခိုးအငွေ့များအဖြစ် ပျောက်ကွယ်သွား၏။

လမသာသော်လည်း ကောင်းကင်ပြင်သည် ကြယ်များဖြင့် ပြည့်ကျပ်နေ၏။ တန်ခိုးစွမ်းအင်ကြီးမားသော ကြယ်ကြီးများမှ အလင်းတန်းသည် ကမ္ဘာမြေပြင်သို့ ဖြာဆင်းလျက်ရှိ၏။

ထိုအခိုက် ခဏငယ်တစ်ခုမှတစ်ခု ပြောင်းရွှေ့ကာ ရှေ့သို့သာလျှင် အစဉ်တစိုက် စီးဆင်းနေသော အချိန်သည် ဖြုန်းခနဲ တန့်ရပ်၍သွား၏။

mgyoe.com

mgyoe.com



၏။ ယင်းသို့ တန့်ရပ်သွားသော အချိန်သည် ထိုခဏငယ်၌ ရပ်တန့်၍ မနေမူဘဲ နောက်ကြောင်းသို့ ပြန်လည်စီးဆင်း၍သွား၏။

*

mgyoe.com

mgyoe.com

# နှလုံးသားနှင့် ဦးနှောက်

## (၁)

ထိုအချိန်က အိပ်စက်၍မရသော ညများကို ကျွန်တော်သည် ကျော်လွှားဖြတ်သန်းနေရသူတစ်ဦးပင် ဖြစ်၏။ ည၏ခရီးသည် ရှည်လျား၏။ ကြမ်းတမ်း၍ အတက်အဆင်းလည်း များ၏။

လူတကာ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေချိန်တွင် ကျွန်တော်သည်တစ်ယောက်တည်း နိုးကြားနေရသူတစ်ဦးဖြစ်၏။ ရင်တွင်း၌ ကပ်ငြိလျက်ရှိသော ဝေဒနာ၏ လောင်မြိုက်မှုနှင့် ဖိစီးမှုများကို အလူးအလဲခံစားရ၏။ ယခင်က ထိုဝေဒနာအကြောင်း သူတစ်ပါး ပြောသံ ဆိုသံများလောက်သာ ကြားဖူး၏။ စာပေထဲ၌လောက်သာ ဖတ်ဖူး၊ တွေ့ဖူး၏။ ကိုယ်တွေ့ကား မကြုံဖူးပေ။ ယင်းသို့ ကိုယ်တွေ့မကြုံဖူးသဖြင့် ထိုအနာရောဂါနှင့် ပတ်သက်၍ ကျွန်တော်သည် လေးနက်ခြင်းမရှိပေ။ ပေါ့ပေါ့တန်တန်ဖြစ်၏။ မထီတရီလည်း နိုင်လှ၏။

ခလုတ်ထိမှ အမိတဆိုသော စကားရှိ၏။ မိမိကိုယ်တိုင် နဖူးတွေ့ဒူးတွေ့ တွေ့လာရတော့မှပင် ကျွန်တော်သည် အမိတရ၏။ နောင်တရမိ၏။ ယင်းသို့ အမိတချိန်တွင် ရင်တွင်းနာသည် သည်းထန်လျက်ရှိ

mgyoe.com

mgyoe.com


လေပြီ။ နောင်တရချိန်တွင် များစွာ နောက်ကျလျက်ရှိလေပြီ။

ဣန္ဒြေလုပ်ခဲ့၏။ မရုက်သင့်သော အမူကိစ္စမျိုးတွင် အရှက်ကြီးခဲ့၏။ စင်စစ် ကျွန်တော်သည် မိမိကိုယ်ကိုလှည့်စားရန် မိုက်မိုက်မဲမဲ အားထုတ်ခြင်းမျှသာ ဖြစ်၏။

အိပ်စက်၍မရသောညများတွင် ကျွန်တော်သည် ကိုယ့်ဟာနှင့်ကိုယ် ပဋိပက္ခဖြစ်ပွားလျက်ရှိ၏။ အိပ်ရာထဲတွင် ဟိုစောင်းသည်လှည့်နှင့် ညောင်းညာပင်ပန်းလာသောအခါ ကျွန်တော်သည် စာကြည့်ခန်းသို့ ထပြေးရ၏။ စာကြည့်ခန်း၌လည်း ကျွန်တော်သည်ဆောက်တည်ရာမရ ဖြစ်၏။ ထို့ကြောင့် ခြံဝင်းထဲသို့ ဆင်းပြေးရပြန်၏။

ကောင်းကင်သည် စင်ကြယ်သဖြင့် လသည် ထိန်ထိန်သာ၏။ ညမှုကား အိုမင်းလျက်ရှိလေပြီ။ ခြံဝင်းအတွင်းရှိ နှင်းဆီနံ့သည် သင်းထုံလျက်ရှိ၏။ နှင်းဆီနံ့ကို ရှူရှိုက်ရင်း လရောင်အောက်၌ လျှောက်သွားစဉ် မိမိ၏အရိပ်ကို ဧရာမဝန်ထုပ်ကြီးတစ်ခုအလား ကျွန်တော်သည် ပင်ပန်းလေးလံစွာ ရုန်းဆွဲ၏။

ယင်းသို့ နာရီပေါင်းရာထောင်မက ကျော်လွှားဖြတ်သန်းလာခဲ့ရပြီးနောက် ကျွန်တော်သည် ခြေကုန်လက်ပန်းလျက်ရှိ၏။ ရှေ့ဆက်၍ ခံနိုင်စွမ်းရည်မရှိဖြစ်လာ၏။ ကိုယ်တွင်းနာကို သည်အတိုင်း ဆက်၍ မွေးထားမည်လား၊ သို့မဟုတ် ကုစားမည်လား၊ တစ်ခုခုကို ရွေးချယ်ဆုံးဖြတ်ရန်အတွက် အိမ်တံခါးကို ခေါက်လေပြီ။

## (၂)

ကျွန်တော့်ရင်တွင်း၌ ပူပြင်းမွတ်သိပ်နေသော ဝတ္ထုပစ္စည်းမှာ ဆန့်ကျင်ဘက် လိင်ပင်ဖြစ်၏။ ဆန့်ကျင်ဘက် လိင်ဆိုရာတွင် ကျယ်ပြောသော ဤကမ္ဘာမြေတစ်လွှားတွင် ကျွန်တော့်အတွက် တစ်ယောက်

mgyoe.com

mgyoe.com


တည်းသာ ရှိသော ထိုမိန်းကလေးဖြစ်၏။ သို့ရာတွင် ထိုအကြောင်းကို အေးအမည်ရှိ မိန်းကလေးကို ကျွန်တော် အဘယ်သို့ ဖွင့်ဟပြောကြားရမည်နည်း။ ပြော၍ကော ဖြစ်နိုင်ပါမည်လား။

ဆန့်ကျင်ဘက်လိင်များနှင့်ပတ်သက်လာလျှင် ကျွန်တော်သည် အဆက်အဆံ ဆင်းရဲမွဲကျန်သော သတ္တဝါတစ်ကောင်ဖြစ်၏။ ထို့ကြောင့် အတွေ့အကြုံခေါင်းပါး၏။

သဘာဝအလျောက် စိတ်လှုပ်ရှားတက်ကြွသော ၁၈ နှစ်နှင့် အစိတ်အရွယ်ကာလများက ကျွန်တော်၏အာရုံသည် ပညာသင်ကြားရေးနှင့် အားကစားခုန်လွှားရေးများဘက်တွင် စူးစိုက်လျက်ရှိ၏။ အချိန်ကုန်လွန်လျက် ရှိ၏။ စစ်ပြီးခေတ် ရန်ကုန်တက္ကသိုလ်ကျောင်းတိုက်တွင် ကျောင်းသူဦးရေ စစ်ကြိုခေတ်ကထက် များပြား၏။ ကျွန်တော်သည် ထိုကျောင်းတော်ကြီးတွင် ခုနစ်နှစ်ကြာမျှ ပညာသင်ကြားခဲ့ရခိုက် ကျောင်းသူ အသိအကျွမ်းဆို၍ တစ်ကောင်တစ်မြီးမျှပင် ပြသ ဝါကြွားစရာ မရှိခဲ့။ ကျွန်တော်သည် ထိုမျှ ဆင်းရဲနွမ်းပါးသော သတ္တဝါတစ်ကောင် ဖြစ်၏။

အသက်အစိတ်တွင် ဥပဒေဘွဲ့ရပြီး ကျွန်တော်ကျောင်းထွက်၏။ ထို့နောက် ကျွန်တော့်ဖခင်၏မိတ်ဆွေ ဘိလပ်ပြန်ဝတ်လုံကြီးတစ်ဦးနှင့်တွဲ၍ အလုပ်သင်ရ၏။ အသက် ၂၇ နှစ်အရွယ်မှ စတင်ကာ ဥပဒေအတတ်ပညာဖြင့် တရားရုံးလောကနှင့် ပတ်ဝန်းကျင်တွင် အသက်မွေးဝမ်းကျောင်း၏။ ယခုအခါ လူစည်ကားသော ရုံးပြင်ကနားတွင် ကျင်လည်လျက်ရှိသည်မှာ ၁၀ နှစ်မျှပင် ရှိလေပြီ။ ထို ၁၀ နှစ်ကာလအတွင်း ကျွန်တော်သည် တရားရုံးလောက၌သာ အချိန်ကုန်လွန်လျက်ရှိ၏။ ရုံးနှင့်အိမ်၊ အိမ်နှင့် ရုံးကူးသန်းရင်းသာ ထို ၁၀ နှစ်အချိန်သည် လျင်လျင်မြန်မြန် ကုန်လွန်သွား၏။ ထို ၁၀ နှစ်အတွင်း လုပ်ငန်းအရ

mgyoe.com